# ရှေးဟောင်းမြင့်မြတ်ခန္ဓာမှစတင်၍ (ကျွင်းရှောင်ယောက်)

မူရင်း စာစဉ်အမည် ; Scoring the Sacred Body of the Ancients from the Get-go

မူရင်း စာရေးသူ ; God j

ဘာသာပြန် ; နိုင်လင်းအောင်

အခန်း ( ၉၁ ) ပန်ဝူနတ်ဘုရားမင်းဆက်မှ ရန်ပန်၊ အားနည်းလွန်းတာလား

တကယ်တမ်းတွင် ကျွင်းရှောင်ယောက်က ခန့်မှန်းထားခဲ့ပြီး ဖြစ်သည်။

ယခုတော့ သူအသုံးပြုခဲ့သော သိုင်းပညာနှင့် ရွှေနဂါးခုတင်ကြီးကို ပေါင်းစပ်လိုက်သော သူမှန်း

ပိုသေချာသွား၏။

၎င်းက ပန်ဝူနတ်ဘုရားမင်းဆက်၏
မားကွစ်ကွမ်ကျွင်းမှလွဲ၍ အခြားသူ
မဖြစ်နိုင်တော့ပေ။

ရန်ပန်၏ ဘဝဟာ ဒဏ္ဍာရီတစ်ခုဟု ဆိုနိုင်သည်။

သူသည် တော်ဝင်စံအိမ်မှ ကျွန်တစ်ဦးဖြစ်ခဲ့ဖူးသည်ဟု
ကောလဟာလများပင် ထွက်ပေါ်ခဲ့ဖူး၏။

သို့ရာတွင် တစ်နေ့သ၌ နတ်ဘုရားဓားတစ်လက်ကို
မတော်တဆ ကောက်ရခဲ့ချိန်မှစ၍ သူ့ဘဝဟာ
တိုးတက် ပြောင်းလဲသွားတော့သည်။

ထိုဓားက တခြားမဟုတ်ပေ။
ပန်ဝူနတ်ဘုရားမင်းဆက်၏ တည်ထောင်သူ၊
ပန်ဝူမဟာကေရာဇ်၏ ပန်ဟွမ်ဓားသုံးလက်မှ
တစ်လက်ဖြစ်သော ပန်ဟွမ်ရှန့် ဝိညာဉ်ဓားဖြစ်သည်။

ရန်ပန်ဟာ ပန်ဟွမ်ရှန့် ဝိညာဉ်ဓားနှင့်
တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်လာသည်။ သူဟာ
အခွင့်အလမ်းအမျိုးမျိုးကိုဆုပ်ကိုင်ပြီး
အရှေ့ဆက်တိုးခဲ့၏။ နောက်ဆုံးတော့ သူဟာ
ပန်ဝူနဆ်ဘုရားမင်းဆက်၏ မားကွစ်ကွမ်ကျွင်း
ဖြစ်လာခဲ့တော့သည်။

ပန်ဝူနတ်ဘုရားမင်းဆက်ရှိ လူအများပင်လျှင်
ရန်ပန်က မဟာကေရာဇ်ပန်ဝူ
လူဝင်စားဖြစ်ဖွယ်ရှိသည်ဟု ယုံကြည်ခဲ့ကြသည်။

ဟုတ်၏။ ဤသတင်းကတော့
ကောလဟာလသက်သက်သာ ဖြစ်သည်။

မည်သို့ဆိုစေ ပန်ဝူနတ်ဘုရားမင်းဆက်ရှိ ရန်ပန်၏
မြင့်မြတ်သောအဆင့်အတန်းမှာ
သံသယဝင်စရာမရှိပေ။

ယခုတစ်ကြိမ် ပန်ဝူနတ်ဘုရားမင်းဆက်ရှိ
မင်းသမီးဝူမင်ယွဲ့၏ ကြင်ဖော်ကိုလည်း ရန်ပန်အား
ရွေးချယ်ပြီးပြီဟု သတင်းများထွက်ပေါ်နေခဲ့သည်။

ထိုမှတစ်ဆင့် ပန်ဝူနတ်မင်းဆက်ဟာ ရန်ပန်ကို
အလွန်အလေးထားကြောင်း တွေ့မြင်နိုင်သည်။

ထို့ကြောင့်ပင် မားကွစ်ကွမ်ကျွင်းရန်ပန်ဟာ
ကျွင်းရှောင်ယောက်ကို မြင်ရသည့်တိုင် များစွာ

တုန်လှုပ်မသွားခဲ့ပေ။

"တကယ်ပဲ သူကိုး၊ မားကွစ်ကွမ်ကျွင်းရန်ပန်"
မီးငှက်တိုင်းပြည်မှလူများ
အလွန်စိတ်မသက်မသာဖြစ်သွားကာ
အသက်ပြင်းပြင်းရှူလိုက်ကြသည်။

ရန်ပန်ကား အင်မော်တယ်နယ်မြေကြီး တစ်ခုလုံး၌ပင်
အလွန်ကြောက်စရာကောင်းသော
မွန်းစတားတစ်ကောင် ဖြစ်၏။

အရေးကြီးဆုံးက ရန်ပန်ဟာ အောက်ခြေမှ
ဤအဆင့်သို့ တက်လှမ်းလာနိုင်ခဲ့သူဖြစ်သောကြောင့်
သူ့စိတ်သဘောထားဟာ အလွန်မာနကြီးသည်။

ပိုင်ယုအာပင် ကြောက်ရွံ့မှုကြောင့်

မျက်နှာအနည်းငယ် ဖြူဖျော့သွား၏။

ကျွင်းရှောင်ယောက်သာ မလာခဲ့ပါက
မည်သို့ဆက်ဖြစ်မည်ကို တွေးကြည့်ရန်ပင်
မဝံ့တော့ပေ။

ရန်ပန်နှင့် ရင်ဆိုင်မိသူများတွင် အဆုံးသတ်ကောင်း
မရှိပါချေ။

သူ့တွင် ကိုယ်လုပ်တော်ကလည်း
သုံးထောင်ကျော်ရှိသည်။

ဤအခြေအနေမျိုးကို မည်သည့်အမျိုးသမီးကမှ
လက်ခံချင်ကြမည် မဟုတ်ပေ။

မီးငှက်တိုင်းပြည်ဘက်မှ တပ်သားများသာမကဘဲ
တိုင်းပြည်သုံးခု တပ်များသည်ပင်
အံ့သြသွားခဲ့ကြရသည်။

'အံ့သြစရာမရှိတော့ပါဘူး၊ သူက
ပန်ဝူနတ်ဘုရားမင်းဆက်ရဲ့ မားကွစ်ကွမ်ကျွင်းပဲ'
လိပ်နက်နှင့် ကျားဖြူဘုရင်နှစ်ပါး စိတ်ထဲတွင်
သက်ပြင်းချလိုက်ကြသည်။

အမှန်အတိုင်းဆိုရလျှင် ရန်ပန်က
လူကောင်းတစ်ယောက် မဟုတ်ပေ။

သူတို့အနေဖြင့် သစ္စာခံစရာရှိလျှင် ရန်ပန်ထက်
ကျွင်းရှောင်ယောက်ထံ၌သာ သစ္စာခံလိုကြသည်။

ယခုအခါ ရှေးဟောင်းတိုင်းပြည်သုံးခု၏

နောက်ကွယ်မှ လက်မည်းကြီး ထွက်ပေါ်လာပြီဖြစ်ရာ
အခြေအနေကား ချက်ချင်းပင်
ရှင်းလင်းသွားတော့သည်။

ဤသည်က ကျွင်းမိသားစု၏ နတ်ဘုရားသားတော်နှင့်
ပန်ဝူနတ်ဘုရားမင်းဆက်မှ မားကွစ်ကွမ်ကျွင်းတို့၏
ဖြစ်လာပြီမှန်း ထင်ရှားသည်။

ရန်ပန့်ကို လေးလေးနက်နက် စိုက်ကြည့်ရင်း
ကျွင်းရှောင်ယောက် မျက်လုံးထဲတွင် ထူးဆန်းသော
အရောင်တစ်ခု တောက်ပလာသည်။

'ဒီအရှိန်အဝါနဲ့ ခံစားချက်က...'

ကျွင်းရှောင်ယောက်၏ နှလုံးသားထဲမှာ
တစ်စုံတစ်ခုကို နားလည်သွားသကဲ့သို့
ခံစားလိုက်ရသည်။

"ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်၊ ဒါက ငါတို့ရဲ့ ပထမဆုံးတွေ့ဆုံမှုပဲ၊ ဒါပေမယ့် သိပ်ပျော်စရာကောင်းမှာတော့ မဟုတ်ဘူး"

ရန်ပန်က ထူးခြားမှုမရှိသောလေသံဖြင့် ပြောလိုက်သည်။

သူ့မျက်လုံးများတွင်ကား မနာလိုမှုအရိပ်အယောင်များ ဖြစ်ပေါ်လျက် ရှိနေ၏။

ဟုတ်သည်၊ သူမနာလိုနေသည်။

ကျွင်းရှောင်ယောက်၏ ရုပ်ရည်မှလွဲ၍ သူအကုန် မနာလိုရသည်။

ရန်ပန့်ရုပ်ရည်က ကျွင်းရှောင်ယောက်ကို
မမှီသော်လည်း ရှောင်ချန်းထက်တော့ များစွာ
ပိုချော၏။

သူ့စရိုက်ကတော့ တကိုယ်ကောင်းဆန်သည်။ ယင်းက
အဆင့်နိမ့်ကျွန်ဘဝမှ လက်ရှိအနေအထားကို
ရောက်လာသည်အထိ မပြောင်းလဲသေးပေ။

ကျွင်းရှောင်ယောက်က ရွှေနဂါးခုတင်ပေါ်ရှိ
ပြန့်ကျဲနေသော လူသေအလောင်းများကို ကြည့်ကာ
လျှောင်ပြောင်ပြောဆိုလိုက်သည်။

"ဒီလောက်ကြီးတဲ့ ခုတင်ကြီးပေါ်မှာ
လူအများနဲ့လေ့ကျင့်ခန်းလုပ်ရတာက ဆိုးပုံမရဘူး"

"မင်းဘာပြောချင်တာလဲ"

ရန်ပန်မျက်လုံးများ ကျဉ်းမြောင်းသွား၏။

"ငါပြောချင်တာ... မင်းလို မြင်းတစ်ကောင်နဲ့
အစောင့်ကျွန်က ငါ့ရဲ့မက်မွန်သီးလေးကို ထပ်ပြီး
ခူးဆွတ်ဖို့ ကြိုးစားဝံ့တယ်လား"

ကျွင်းရှောင်ယောက်၏ လေသံက
အေးစက်သွားသည်။

ကျွင်းရှောင်ယောက်၏ အစီအစဉ်အရ ပိုင်ယုအာကို
ထိန်းချုပ်ပြီးနောက် တခြားတိုင်းပြည်များကိုပါ
သိမ်းပိုက်ရန် ဖြစ်သည်။

ယခုတော့ မမျှော်လင့်ဘဲ ရန်ပန်ဝင်ရှုပ်ခြင်းကို
ခံလိုက်ရ၏။

သို့သော် ထိုစကားကိုကြားသောအခါ
စစ်မြေပြင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားသည်။

မြင်းတစ်ကောင်နှင့် ကျွန်ဘဝဟာ ရန်ပန့်ဘဝတွင် အကြီးမားဆုံး အရှက်ရစရာဖြစ်သည်။

ရန်ပန် အင်အားကြီးလာသောအခါ သူ့ကို ကျွန်ပြုခဲ့သော တစ်မိသားစုလုံးကို သတ်ဖြတ်ပစ်ခဲ့၏။

ထိုမိသားစုမှ တစ်ယောက်မှ မလွတ်မြောက်ခဲ့ပေ။

ထိုအချိန်မှစ၍ ရန်ပန်ရှေ့တွင် သူ့အတိတ်ကို မည်သူမျှ မပြောရဲတော့ပါချေ။

သို့သော်လည်း ယခုအခါ ကျွင်းရှောင်ယောက်က အနာဟောင်းကို တုတ်နှင့်ဆွနေပြီ ဖြစ်သည်။

"ကျွင်းရှောင်ယောက်၊ မင်းသေချင်နေပြီလား"

မျှော်လင့်ထားသည့်အတိုင်း ရန်ပန်မျက်နှာ
မည်းမှောင်သွားကာ ဒေါသတကြီး
ဟိန်းဟောက်လိုက်၏။ ထို့နောက်တော့ ချက်ချင်း
တိုက်ခိုက်တော့သည်။

၎င်းက လက်ညိုးတစ်ချက်ညွှန်လိုက်သောအခါ
ကြက်သွေးရောင် ရောမလက်ချောင်းကြီးတစ်ခုက
ကျွင်းရှောင်ယောက်ကို ချေမှုန်းရန်
ထွက်ပေါ်လာသည်။

၎င်းက ပန်ဝူနတ်ဘုရားမင်းဆက်၏
နတ်ဘုရားစွမ်းရည်၊ ဟောင်ပန်တ်ဘုရားလက်ချောင်း
ဖြစ်သည်။

"အိုး၊ မင်းက ကိုယ့်အရည်အချင်းကို ပိုတွက်နေတာပဲ"

ကျွင်းရှောင်ယောက်၏မျက်နှာက
အပြောင်းအလဲမရှိပေ။ သူက
အနှိုင်းမဲ့နတ်ဆင်ခွန်အားကို
တိုက်ရိုက်အသက်သွင်းလိုက်သည်။

ဆင်အမှုန်တစ်သိန်းက ပေါက်ကွဲသောအခါ
ဂျင်တစ်ဘီလီယံခွန်အားက ပေါက်ကွဲထွက်ပေါ်လာ၏။

ကျွင်းရှောင်ယောက်က အမှောင်နတ်ဘုရားလှံကို
ထုတ်ဖော်ကာ လိုက်သောအခါ လေထုကို
တိုက်ရိုက်ဖောက်ထွင်း၍ ပြေးထွက်သွားတော့သည်။

အမှောင်နတ်ဘုရားလှံနှင့်
ဟောင်ရန်နတ်ဘုရားလက်ချောင်းတို့
တွေ့ဆုံသောအခါ ကြယ်ကြွေသကဲ့သို့

စွမ်းအင်လှိုင်းများ ဖြာထွက်လာသည်။

ထိုအခါ အမှောင်နတ်ဘုရားလှံက
ဟောင်ရန်နတ်ဘုရားလက်ချောင်းကို ချိုးဖြတ်ကာ
ရန်ပန့်ထံ ဆက်လက်တိုးဝင်သွား၏။

'ဒီခွန်အားက...'

ရန်ပန့် မျက်နှာအမူအရာက ပြောင်းလဲသွားခဲ့သည်။

ကျွင်းရှောင်ယောက်၏ ခွန်အားက
သူမျှော်လင့်ထားသည်ထက် ကျော်လွန်နေခဲ့ပြီဆိုက
မမှားပါချေ။

"ထျန်းကန်နတ်ဘုရားတံဆိပ်တော်"

ရန်ပန်လည်း အနောက်ကို ကမန်းကတန်းဆုပ်ကာ

လက်နှစ်ဖက်ဖြင့် ဆန့်ထုတ်လိုက်သည်။ သူက
တံဆိပ်တော်တစ်ခုဖြင့် အမှောင်နတ်ဘုရားလှံကို
ခုခံလိုက်သည်။

သို့သော်လည်း ဂျင်တစ်ဘီလီယံခွန်အားက
အလွန်ကြောက်စရာကောင်း၏။

"ဝုန်း"

ရန်ပန်က ကြိုးပြတ်သွားသောစွန်တစ်ကောင်ကဲ့သို့
လွင့်စဉ်ကာ ရွှေနဂါးခုတင်အား အရှိန်ပြင်းပြင်းဖြင့်
ဝင်ဆောင့်မိသွားတော့သည်။

မြင်ကွင်းသည် အချိန်အတော်ကြာ
တိတ်ဆိတ်ငြိမ်သက်သွားပြီး မည်သူမျှ
မတုံ့ပြန်နိုင်တော့ပေ။

"ဒါ... ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ... အဲ့ဒါက မားကွစ်ကွမ်ကျွင်းရန်ပန်ပဲလား"

အားလုံး အံ့အားသင့်ကာ ၎င်းတို့ခန္ဓာကိုယ်များ တုန်လှုပ်ခြောက်ခြားသွားတော့သည်။

ဂုဏ်သိက္ခာရှိသော ပန်ဝူနတ်ဘုရားမင်းဆက်မှ မားကွစ်ကွမ်ကျွင်းဟာ တစ်ချက်ပင် ခံနိုင်ရည်မရှိပေ။

"မားကွစ်ကွမ်ကျွင်းက အားနည်းတာ မဟုတ်ဘူး၊ ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်ကိုက သန်မာလွန်းနေတာ"

မီးငှက်ရှေးဟောင်းတိုင်းပြည်မှ မိုလ်ချုပ်တစ်ယောက်ဟာ စိတ်လှုပ်ရှားစွာ ပြောလိုက်၏။

မီးငှက်တိုင်းပြည်မှလူများ၏

ကျွင်းရှောင်ယောက်အပေါ် လေးစားမှုကလည်း
အဆင့်သစ်တစ်ခုသို့ ရောက်ရှိသွားတော့သည်။

သို့သော်လည်း လူတချို့ကတော့ သံသယများကို
လှစ်ဟလာသည်။

"ဟင်၊ ဒီရန်ပန်..."

ကျွင်းဝမ်ကျဲ၏ မျက်လုံးများကျဉ်းမြောင်းကာ
သံသယများ ဖြစ်ပေါ်လာခဲ့သည်။

သူကိုယ်တိုင်လည်း ရန်ပန်နှင့် ရင်ဆိုင်ဖူးကာ
ထိုအချိန်က ဖိအားများကို ခံစားခဲ့ရ၏။

ကျွင်းရှောင်ယောက်၏ ခွန်အားက ယခုအခါ
မယုံနိုင်လောက်အောင် အားကောင်းနေခဲ့ပြီ ဖြစ်သည်။

သို့သော်လည်း ရန်ပန်က ဘယ်လောက်ထိ အားနည်းနေပါစေ၊ ဤမျှ ဆိုးဆိုးရွားရွားတော့ မဖြစ်သင့်ပေ။

ထို့ပြင် သူအသုံးမပြုရသေးသော ဝှက်ဖဲများ ရှိနေဆဲပင်။ ဥပမာအားဖြင့် ပန်ဟွမ်ရှန့် ဝိညာဉ်ဓား ရှိသည်။

အားလုံးက သို့လော သို့လော ဖြစ်လာကြချိန် ကျွင်းရှောင်ယောက်၏ ထူးမခြားနားသောလေသံက ထွက်ပေါ်လာသည်။

"ရန်ပန်၊ ငါမင်းကို မိုက်မဲတယ်ပဲ ပြောရမလား ဒါမှမဟုတ် မောက်မာတယ်ပဲ ပြောရမလား။ မင်းက အာဗက်တာကိုယ်ပွားတစ်ခုနဲ့

ဒီနတ်ဘုရားသားတော်ကို ရင်ဆိုင်ဝံ့တယ်လား"

ကျွင်းရှောင်ယောက်ထံမှ စကားသံ
ထွက်ပေါ်လာသည်နှင့် အားလုံး၏
မျက်နှာအမူအရာများ အေးခဲသွားပြန်သည်။

ဤမားကွစ်ကွမ်ကျွင်း ရန်ပန်က အမှန်တကယ်
အာဗက်တာကိုယ်ပွားတစ်ခုပင်လော။

-------------

အခန်း ( ၉၂ ) ကိုယ်ပွားတစ်ခုမျှသာ ဖြစ်သည်၊
သူတော်စင်နှစ်ပါး ဘက်ပြောင်းသွားခြင်း၊
မိုးပြာနဂါးဘုရင် ကျဆုံးပြီ

ရန်ပန်လှုပ်ရှားခဲ့ချိန်က ကျွင်းရှောင်ယောက်၏
ဖိနှိပ်မှုကို ခံရသည့်တိုင် ၎င်း၏ခွန်အားက
လူအများအား တုန်ခါစေခဲ့သည်။

ယောဘုယျအားဖြင့် ထိုခွန်အားဟာ
ပါရမီရှင်အများစုကိုချေမှုန်းရန် လုံလောက်ခဲ့၏။

ယခုမူကား ကျွင်းရှောင်ယောက်ဟာ သူ့ရှေ့ရှိရန်ပန်က
အနည်းငယ်ကြောက်စရာကောင်းသည့်
ကိုယ်ပွားတစ်ခုသာဖြစ်ကြောင်း အမှန်တကယ်
ပြောလာခဲ့ချေပြီ။

ကိုယ်ပွားတစ်ခုပင် ဤမျှသန်မာပါက
ရန်ပန်အစစ်ဆိုလျှင် မည်မျှသန်မာပါမည်နည်း။

ကျွင်းရှောင်ယောက်၏ မျက်နှာအမူအရာက

အပြောင်းအလဲမရှိပေ။

ရန်ပန်ကို မြင်စဉ်ကတည်းက
အာဗက်တာကိုယ်ပွားမှန်း သူသိသည်။

သို့သော်လည်း ကျွင်းရှောင်ယောက်က ဂရုမစိုက်ပေ။

ကိုယ်ပွားကလည်း လူအစစ်နှင့်မခြားသောကြောင့်
ကွာဟမှု သိပ်မရှိပါချေ။

အဝေးတွင် ရန်ပန်က
နှုတ်ခမ်းထောင့်မှသွေးကိုသုတ်ပြီး
မည်းမှောင်နေသောမျက်နှာနှင့် ပြန်ထလာသည်။
"ရှေးဟောင်းတိုင်းပြည်လေးခုကို သိမ်းပိုက်ဖို့ဆိုရင်
ဒီကွမ်ကျွင်းကိုယ်တိုင် လှုပ်ရှားဖို့မလိုပေမဲ့

မင်းနဲ့လာတွေ့မယ်လို့ ထင်မထားခဲ့ဘူး"

ရန်ပန်၏ နှလုံးသားတွင် ဒေါသများ
ပြည့်နှက်နေသည်။

အမှန်လည်း သူဟာ ကိုယ်ပွားတစ်ခုသာ ဖြစ်၏။
ရန်ပန်အစစ်မှာ ပန်ဝူနတ်ဘုရားမင်းဆက်တွင် ရှိသည်။

သို့သော်လည်း ရန်ပန့်အမြင်တွင်
ကိုယ်ပွားတစ်ခုဆိုလျှင်ပင်
တိုင်းပြည်လေးခုကိုသိမ်းပိုက်ရန် လုံလောက်၏။

သို့သော်လည်း မီးငှက်တိုင်းပြည်အနောက်တွင်
ကျွင်းရှောင်ယောက်ရှိနေသည်ဟု ဘယ်သူကများ
ထင်ထားခဲ့မည်နည်း။

ယခုတော့ ဤပြောင်းလဲမှုကြီးက ရန်ပန်၏
အစီအစဉ်ကို အဟန့်အတားဖြစ်စေခဲ့ချေပြီ။

ရန်ပန်က အသက်ပြင်းပြင်းရှူကာ
မသိချင်ဟန်ဆောင်၍ ပြောလိုက်သည်။

"ကျွင်းရှောင်ယောက်၊ ကိုယ်ပွားတစ်ခုတောင်
ဒီလောက်သန်မာရင် ဒီသခင်အစစ်က
ဘယ်လောက်ထိသန်မာမယ်ဆိုတာ
မင်းသိထားသင့်တယ်"

"မင်းအခုရပ်ရင် မင်းရဲ့ အခန်းငယ်လေးကို
ဆက်ထိန်းထားနိုင်မယ်"

ရန်ပန်ဟာ သူ့ကိုယ်ပွားဖြင့် ကျွင်းရှောင်ယောက်ကို
အနိုင်မယူနိုင်မှန်း သိသည်။ ထို့ကြောင့် သူ့အဖို့
ဖိအားပေးနေရုံမှတပါး အခြားမရှိတော့ပေ။

"မင်းက ကိုယ်ပွားဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ်..
ဒီနတ်ဘုရားသားတော်အရှေ့မှာတော့ ကွာဟမှုမရှိဘူး။
လက်ဝါးတစ်ချက်တည်းနဲ့ ဖိနှိပ်ခံရမှာပဲ"

ကျွင်းရှောင်ယောက်က အင်္ကျီလက်ကိုခါယမ်းကာ
ထူးမခြားနားဟန်ဖြင့် ပြောလိုက်သည်။

"မင်း..."

ရန်ပန်မျက်လုံးများ အေးစက်ကာ
ကျဉ်းမြောင်းသွား၏။

"နတ်ဘုရားသားတော်က
မျှော်လင့်ထားတဲ့အတိုင်းပါပဲ..."

ပိုင်ယုအာနှင့် တခြားသူများလည်း လေးစားနေသော
မျက်လုံးများနှင့် ကြည့်လိုက်ကြသည်။

အင်မော်တယ်နယ်မြေကြီးတစ်ခုလုံးတွင်
ပန်ဝူနတ်ဘုရားမင်းဆက်၏ မားကွစ်ကွမ်ကျွင်းကို
လူဘယ်နှစ်ယောက်က မထီမဲ့မြင်ပြုဝံ့ပါမည်နည်း။

"သိပ်ကောင်းတယ်၊ ကျွင်းရှောင်ယောက်... မင်းက
စေတနာကောင်းကို လက်မခံဘဲ ငြင်းပယ်ဝံ့တယ်"
ရန်ပန် အေးစက်စက်ဖြင့် ပြောလိုက်သည်။

ထိုအချိန်တွင် ကြောက်စရာအရှိန်အဝါနှင့်
အနက်ရောင်ဝတ်လူလေးယောက် ထွက်ပေါ်လာသည်။

“အဲဒီ သူတော်စင်လေးပါး...”
ကျားဖြူတိုင်းပြည်ဘုရင်နှင့်
လိပ်နင်တိုင်းပြည်ဘုရင်ဟာ ကြောက်လန့်တကြားဖြင့်

ကြည့်လိုက်သည်။

ငင်းတို့ကြောင့်သာ မဟုတ်ပါက တိုင်းပြည်နှစ်ခုဟာ အလွယ်တကူ ကျရှုံးခဲ့ရမည် မဟုတ်ပေ။

ကျွင်းရှောင်ယောက်က တစ်ချက်သာကြည့်ပြီး ခေါင်းကိုခါယမ်းကာ ပြောလိုက်သည်။

"သူတော်စင်နဲ့ နှိုင်းယှဉ်နိုင်တဲ့ ရုပ်သေးလေးခု၊ ရန်ပန်… မင်းက တကယ်ကံကောင်းတာပဲ"

"ဘယ်လို၊ ဒါကလည်း ရုပ်သေးတွေပဲလား"

ကျားဖြူနှင့် လိပ်နက် တိုင်းပြည်ဘုရင်နှစ်ပါးလည်း အံ့သြသွားကြ၏။

"ရုပ်သေးဆိုရင်တောင် ဘာဖြစ်သေးလဲ၊

မင်းကိုဖိနှိပ်ဖို့တော့ လုံလောက်တာပဲလေ"
ရန်ပန်က လျှောင်ပြောင်လိုက်သည်။

သူက ကျွင်းရှောင်ယောက်ကို သတ်တော့
မသတ်လိုပေ။

ကျွင်းရှောင်ယောက်ကို သူ့ကိုယ်ပိုင်ခွန်အားဖြင့်
သတ်လိုက်ပါက ကျွင်းမိသားစု
ဒေါသဖြစ်လာမည်ကိုမစိုးရိမ်ပါ။

နောက်ဆုံးမှာတော့ မျိုးဆက်သစ်လူငယ်များကြားမှ
သေခြင်းရှင်ခြင်း တိုက်ပွဲများဟာ ပုံမှန်သာ ဖြစ်သည်။

သို့သော် သူတော်စင်ရုပ်သေးများဖြင့်
သတ်လိုက်လျှင်တော့ ကျွင်းမိသားစုတစ်ခုလုံး

အုံကြွလာနိုင်သည်။

ထိုအခါ သူ့နောက်ကွယ်မှ ပန်ဝူနတ်ဘုရားမင်းဆက်ပင် သူ့ကို ကာကွယ်နိုင်မည်မဟုတ်ပေ။

ရန်ပန်က မာနကြီးသော်လည်း မမိုက်မဲပါချေ။

သူက ဤအတိုင်း ဖိနှိပ်ထားရန်သာ ကြံရွယ်ထားခဲ့သည်။

ထို့နောက် မီးမြို့တော်ကို တိုက်ရိုက်တိုက်ခိုက်ကာ အိမ်မြှောင်အပိုင်းစကို ရယူရပေလိမ့်မည်။

"ကျွင်းရှောင်ယောက်... မင်းကိုဖိနှိပ်ထားနိုင်သ၍ မီးငှက်တိုင်းပြည်က အဲဒီအရာပဲဖြစ်ဖြစ်၊ ပိုင်ယုအာပဲ

ဖြစ်ဖြစ်… ဒီသခင်လိုအပ်တာကို ရယူနိုင်မှာပဲလေ"

ရန်ပန်က မီးတောက်နေသော မျက်လုံးများဖြင့် ပိုင်ယုအာကို ငုံ့ကြည့်လိုက်သည်။

ပိုင်ယုအာဟာ အလွန်လှ၏။ ယင်းက ရှာမှရှားသော မိန်းမလှတစ်ဦးပင် ဖြစ်သည်။

"နင်က နတ်ဘုရားသားတော်ရဲ့ လက်တစ်ချောင်းနဲ့တောင် နှိုင်းယှဉ်ရလို့လား"

ပိုင်ယုအာ ရှုံ့ရှာဟန်ဖြင့်ကြည့်၍ အေးစက်စက်ဖြင့် ပြောလိုက်သည်။

ရန်ပန်၏ခွန်အားနှင့် အဆင့်အတန်းက အားမနည်းသော်လည်း ကျွင်းရှောင်ယောက်ကိုတော့ မယှဉ်သာပေ။

တစ်ယောက်ဟာ ကောင်းကင်ဘုံမှ နတ်သားတစ်ပါး ဖြစ်၍ ကျန်တစ်ယောက်ကတော့ သာမန်လူတစ်ယောက် ဖြစ်သည်။

ဤနှစ်ခုကို မည်သို့ ယှဉ်နိုင်ပါမည်နည်း။

"ခွေးမ၊ ဒီမားကွစ်ကွမ်ကျင်းကို သစ္စာခံစေပြီးရင် မင်းဘာဆက်လုပ်နိုင်မယ်ဆိုတာ ငါကြည့်ရသေးတာပေါ့"

ရန်ပန် ဒေါသတကြီးဖြင့် ကြိမ်းမောင်းလိုက်သည်။

သူတော်စင်လေးယောက်ကလည်း လှူပ်ရှားတော့မည့်ဟန်ဖြင့် အရှိန်အဝါများ ပေါက်ကွဲထွက်ပေါ်လာ၏။

ထိုအချိန်တွင် ကျွင်းရှောင်ယောက်က ဘုရင်နှစ်ပါးကို လှည့်ကြည့်လိုက်သည်။

"မင်းတို့... မင်းတို့နှစ်ယောက် ရန်ပန်အနောက်ကို ဆက်လိုက်ချင်ကြသေးလား"

ကျွင်းရှောင်ယောက်၏ စကားဟာ ကျားဖြူနှင့် လိပ်နက်ဘုရင်နှစ်ပါးကို မျက်နှာအမူအရာ လုံးဝပြောင်းသွားစေခဲ့သည်။

အမှန်အတိုင်းဆိုရလျှင် ရန်ပန်ကို သူတို့မကြိုက်ပေ။ သူက သူတို့ကို ဆက်ဆံရာတွင် မငြင်သာဘဲ ဆဲရေးတိုင်းထွာတတ်သည်။

ထိုအတွက် ရန်ပန်ထက် ကျွင်းရှောင်ယောက်ကို သစ္စာခံခြင်းဟာ သာ၍ကောင်း၏။

ကျွင်းရှောင်ယောက်၏ အဆင့်အတန်းကလည်း ရန်ပန်ထက် များစွာပိုမြင့်သည်။

ဤအခြေအနေမျိုးတွင် အများကြီး တွေးနေစရာမလိုတော့ပေ။ ၎င်းတို့ခန္ဓာကိုယ်များကို လျင်မြန်စွာလှုပ်ရှား၍ ဘက်ပြောင်းလိုက်ကြသည်။

"ငါတို့တိုင်းပြည်နှစ်ခုက နတ်ဘုရားသားတော်ကို သစ္စာခံချင်ပါတယ်"

"မင်းတို့..."

ရန်ပန် ဒေါသတကြီး ဖြစ်သွား၏။

မိုးပြာနဂါးဘုရင်ကတော့ အံကိုတင်းတင်းကြိတ်ထားကာ

ကျွင်းရှောင်ယောက်ဘက်သို့ မပြောင်းပေ။

နောက်ဆုံးတွင် သူ့သား ရှောင်ချန်းက ကျွင်းရှောင်ယောက်နှင့် ရန်သူများပင် မဟုတ်ပါလား။

ထို့အပြင် ဤစစ်ပွဲ၌ သူက ခေါင်းဆောင်လာခဲ့သူ ဖြစ်သည်။

ထို့ကြောင့် မီးငှက်တိုင်းပြည်က ဦးညွှတ်သွားရန် မလွယ်ကူပေ။

အရေးအကြီးဆုံးကတော့ မိုးပြာနဂါးဘုရင်ဟာ တိုင်းပြည်လေးခု၏ ဘုရင်ဖြစ်လိုသည်။

ဤအတွက် ရန်ပန်ကသာ သူ့ရည်မှန်းချက်ကို

ဖြည့်ဆည်းပေးနိုင်စွမ်း ရှိ၏။

ထို့ကြောင့် မိုးပြာနဂါးဘုရင်ဟာ ရန်ပန့်ပေါင်ကိုသာ အတင်းဖက်ထားရန် ဆုံးဖြတ်ထားလိုက်သည်။

သို့ရာတွင် ကျွင်းရှောင်ယောက်ကလည်း ဂရုမစိုက်ပေ။

အနာဂတ်တွင် သူက ရှောင်ချန်းကိုလည်း ကိုင်တွယ်ဖြေရှင်းရဦးမည် ဖြစ်သည်။ သို့ဖြစ်ပေရာ သားကိုသတ်၍ ဖအေကို လက်အောက်ခံခြင်းဟာ ပညာရှိမဟုတ်ကြောင်း ထင်ရှားသည်။

"ဟမ့်၊ မင်းတို့နှစ်ယောက်က သေချင်နေပြီလား"

ရန်ပန် ကြိမ်းမောင်းလိုက်၏။

ဘုရင်နှစ်ပါး၏ မျက်နှာအမူအရာများက သိပ်အဆင်မပြေပေ။

"ငါဒီမှာရှိနေရင် ဘယ်သူက ထိပါးဝံ့မှာလဲ"

ကျွင်းရှောင်ယောက်က လျစ်လျူရှုစွာ ပြောလိုက်သည်။

"ကျွင်းရှောင်ယောက်၊ အထင်ကြီးမနေနဲ့... ငါ့ဘက်မှာ မိုးပြာနဂါးဘုရင်ရှိတယ်၊ သူတော်စင်ငါးယောက်က မင်းကိုဖိနှိပ်ဖို့ မလုံလောက်ဘူးလား"

ရန်ပန် ပြောလိုက်၏။ သူက မိုးပြာနဂါးဘုရင်နှင့် ရုပ်သေးလေးရုပ်ကို အသင့်ပြင်စေလိုက်သည်။

မီးငှက်ဘုရင်၊ လိပ်နက်ဘုရင်နှင့် ကျားဖြူဘုရင်ကလည်း တိုက်ခိုက်ရန် အသင့်ပြင်လိုက်ကြ၏။

သို့သော် ထိုအချိန်တွင် ကျွင်းရှောင်ယောက်က သူ့လက်ကို ဖွေ့ယမ်း၍ ပေါ့ပေါ့ပါးပါးပြုံးကာ ပြောလိုက်သည်။

"လောလောဆယ်တော့ မင်းတို့လှုပ်ရှားစရာ မလိုသေးပါဘူး၊ ကစားပွဲကို ကြည့်နေရုံပဲ"

"ကစားပွဲကို ကြည့်ရမှာလား"

ဘုရင်သုံးပါးစလုံး နေရာတွင် အေးခဲသွားကြ၏။

ထိုအချိန်တွင် အဝေးတစ်နေရာ ကောင်းကင်ယံမှ ကုချင်းသံတစ်ချက်ဟာ ရုတ်တရက် ထွက်ပေါ်လာသည်။ ၎င်းက လူသတ်ဓားတစ်လက်အသွင်ဖြင့် လေထုကို ဖြတ်သန်းလာခဲ့သည်။

ကုချင်းသံစဉ်လှိုင်းက လေဟာပြင်ကိုပင် အက်ကွဲသွားစေနိုင်၏။ ၎င်းဖြတ်သန်းသွားရာ လမ်းတစ်လျှောက်ရှိ လေဟာပြင်ဟာ လုံး၀ စုပ်ဖြဲခံလိုက်ရတော့သည်။

"တာအိုကာကွယ်သူ"

ရန်ပန်၏ မျက်နှာအမူအရာက ရုတ်တရက် ပြောင်းလဲသွားသည်။

ဤတစ်ခေါက်တွင် သူက အာဗက်တာကိုယ်ပွားနှင့် လာရောက်ခဲ့ခြင်းဖြစ်သောကြောင့် တာအိုကာကွယ်သူ ပါမလာခဲ့ပေ။

သို့သော် ကျွင်းရှောင်ယောက်ကလည်း တာအိုကာကွယ်သူနှင့် ထွက်လာမည်ဟု မျှော်လင့်မထားခဲ့ပါချေ။

ထို့ပြင် ဤတိုက်ခိုက်မှု စွမ်းအားအရ
သာမန်သူတော်စင်များ မယှဉ်သာကြောင်း
ထင်ရှား၏။

"မဟုတ်ဘူး"
မိုးပြာနဂါးဘုရင်၏မျက်နှာတွင် ကြောက်ရွံ့မှုများ
ပြည့်နှက်သွားသည်။

သူကိုယ်တိုင်လည်း သူတော်စင်တစ်ပါးဖြစ်သည်။
သို့ရာတွင် ဤကုချင်းသံစဉ်ဓားက သူ့နှလုံးသားထဲထိ
အေးစိမ့်သွားစေနိုင်၏။

“ကောင်းကင်နဂါးအုပ်ချုပ်သူ လက်သီး"
မိုးပြာနဂါးဘုရင်က ခပ်တိုးတိုးဟိန်းဟောက်ကာ
သူတော်စင်တစ်ပါး၏ခွန်အားကို အပြည့်အဝ

ပေါက်ကွဲစေလိုက်သည်။ သူက လက်သီးချက်
ထုတ်ဖော်လိုက်သောအခါ မိုးပြာနဂါးပုံရိပ်တစ်ခု
ထွက်ပေါ်လာခဲ့၏။။ ယင်းက အလွန်သန်မာကာ
ကောင်းကင်ကြီးပင် တုန်ခါသွားရတော့သည်။

သို့သော် ရလဒ်သည်ကား...

"ရှုပ်"
ကုချင်းသံစဉ်ဓားက မိုးပြာနဂါးဘုရင်၏ဦးခေါင်းကို
တိတိရိရိ ဖြတ်ချလိုက်တော့သည်။

မိုးပြာနဂါးဘုရင် သေပြီ။

-------------

အခန်း ( ၉၃ ) လက်ဝါးတစ်ချက်ဖြင့် သတ်ဖြတ်ခြင်း၊ မားကွစ်ကွမ်ကျွင်း၏ စိန်ခေါ်ပွဲ၊ ဒုတိယ ရှောင်ချန်း

တိုင်းပြည်လေးခု၏ ဥသျှောင်လေးဦးအနက်မှ မိုးပြာနဂါးဘုရင်ဟာ တစ်ချက်တည်းဖြင့် ခေါင်းပြတ်သွားရပြီ ဖြစ်သည်။

သွေးများဟာ ကောင်းကင်မှ တဖွဲဖွဲဖြာကျဆင်းသွား၏။

လူတိုင်းအံ့သြသွားခဲ့ရသည်။ တန်ခိုးကြီးသော သူတော်စင်တစ်ပါးကို ဤမျှလွယ်လွယ် အသတ်ခံလိုက်ရမည်ဟု ထင်မထားခဲ့ပေ။

မိုးပြာနဂါးဘုရင်၏ ဦးခေါင်းပြတ်ကြီးဟာ ကြောက်ရွံ့မှု၊ စိတ်ရှုပ်ထွေးမှုများ ရောပြွမ်းနေသော

မျက်နှာအမူအရာဖြင့် မြေပေါ် ပြုတ်ကျသွားရသည်။

အမှန်တကယ် သူစိတ်ရှုပ်ထွေးသွား၏။ သူလို သူတော်စင်က အဘယ်ကြောင့် တစ်ချက်တည်းဖြင့် အသတ်ခံလိုက်ရမည်နည်း။

သို့သော် ထိုမျှသာမကဘဲ ကုချင်းသံစဉ်ဓားက ရုပ်သေးလေးခုကိုပါ ဆက်လက် ဖြတ်တောက်သွားခဲ့သည်။

"ဝုန်း"
ကျယ်လောင်သော ပေါက်ကွဲသံများ ထွက်ပေါ်လာသည်။

သူတော်စင် ရုတ်သေးနှစ်ခုဟာ တိုက်ရိုက်

ပိုင်းဖြတ်ခံလိုက်ရ၏။

ကျန်နှစ်ကောင်မှာလည်း လုံး၀ မပျက်ဆီးသည့်တိုင်
အစိတ်စိတ်အမွှာမွှာ ဖြစ်နေခဲ့ရပြီ။

စစ်မြေပြင်တစ်ခုလုံး အက်ကျသံပင်
ကြားရလောက်အောင် တိတ်ဆိတ်သွားခဲ့သည်။

ရန်ပန်လည်း တုန်လှုပ်သွားကာ
မယုံကြည်နိုင်ဖြစ်သွား၏။

ကျွင်းရှောင်ယောက်၏ တာအိုကာကွယ်သူက
အမှန်ပင် သန်မာလွန်းလှသည်။

မူလက ရန်ပန်ဟာ

ကျွင်းရှောင်ယောက်၏ကာကွယ်သူက
သူတော်စင်ဖြစ်ရုံမျှသာဟု ထင်မှတ်ထားခဲ့သည်။

သူတော်စင်တစ်ပါးအနေဖြင့် တစ်စုံတစ်ယောက်ကို
လိုက်ပါစောင့်ရှောက်ခြင်းဟာ ရှား၏။

သို့သော်လည်း ကျွင်းရှောင်ယောက်၏ ကာကွယ်သူက
သာမန် သူတော်စင်ထက် များစွာ ကျော်လွန်ခဲ့ချေပြီ။

'ဒါက သူတော်စင်ဘုရင်ပဲလား'
ရန်ပန့်မျက်နှာက မည်းမှောင်သွားသည်။

သူဟာ မားကွစ်ကွမ်ကျွင်းဖြစ်လာပြီးကတည်းက
ဤအခြေအနေမျိုးကို တစ်ခါမျှ မကြုံဖူးခဲ့ပေ။

ယခုမူ သူ၏ အမြင့်ဆုံး တိုက်ခိုက်သူများကို
ဆုံးရှုံးလုနီးပါးဖြစ်ပြီး
ကျန်ရုပ်သေးနှစ်ကောင်မှာလည်း တိုက်ခိုက်နိုင်စွမ်း
မရှိတော့ပေ။

ကျွင်းရှောင်ယောက်ဘက်မှာက
ကြောက်စရာကောင်းသော တာအိုကာကွယ်သူကို
ဖယ်ထားလျှင်ပင် သူတော်စင် သုံးယောက် ရှိသည်။

ထို့ပြင် လိပ်နက်နှင့် ကျားဖြူတပ်များကလည်း
ဘက်ပြောင်းသွားကြ၏။

ယခုအခါ သူ့ဘက်တွင် ဘာမျှမရှိတော့ပါချေ။

ထိုအခြေအနေကိုမြင်သောအခါ ရန်ပန်က
အသက်ပြင်းပြင်းရှူ၍ ပြောလိုက်သည်။

"ကျွင်းရှောင်ယောက်၊ မင်းငါနဲ့
တကယ်တိုက်ခိုက်ချင်ရင် အခုဘာဖြစ်လို့
နောက်ခဏဆုတ်ရမှာလဲ"

ရန်ပန်ကလည်း ငတုံး မဟုတ်ပေ။ ဤအခြေအနေထိ
ရောက်နေပြီမို့ ဆက်လုပ်ရင် သူ့အတွက်
မလွယ်တော့ပေ။

"ဟမ့်၊ အရင်က ဝှံကြွားနေပြီးမှ အခုဘာဖြစ်လို့
နောက်ဆုတ်ချင်ရတာလဲ"
ကျွင်းရှောင်ယောက် လှောင်ပြောင်လိုက်သည်။

"ကျွင်းရှောင်ယောက်၊ ဒီသခင်ကို ရန်မပြုဘဲ
မျက်နှာသာပေးတာ ပိုကောင်းမယ်နော်"
ရန်ပန်က မျက်နှာသိပ်မကောင်းတော့ပေ။

"ဒီနတ်ဘုရားသားတော်က မင်းကို
မျက်နှာသာပေးရမှာလား။ ငါ့မှာ ရန်သူတွေ
အများကြီးရှိတယ်၊ ဒီအတွက် မင်းလို
မြင်းကျွန်တစ်ယောက်တိုးလာတော့ ဘာဖြစ်လဲ"

ကျွင်းရှောင်ယောက်၏ မျက်နှာအမူအရာက
အပြောင်းအလဲမရှိပါ။

သူက အပိုမပြောတော့ဘဲ လက်ဝါးတစ်ဖက်ကို
မြှောက်လိုက်သည်။

ထိုအခါ ရွှေရောင်ချီများနှင့်
ရှေးဟောင်းဆင်ကြီးတစ်ကောင်ဟာ စကြာဝဠာကြီးကို
ဖြိုခွင်းတော့မည့်ကဲ့သို့ ထွက်ပေါ်လာ၏။

ရန်ပန်၏ ကိုယ်ပွားနှင့် ရင်ဆိုင်ရချိန်မှာတော့

ကျွင်းရှောင်ယောက်ဟာ သိုင်းပညာပင် အသုံးပြုရန်မလိုပေ။ ရိုးရှင်းသော လက်ဝါးတစ်ချက်က အရာအားလုံးကိုဖြေရှင်းရန် လုံလောက်သည်။

"ကျွင်းရှောင်ယောက်၊ မင်းသေချင်နေတာလား"

ရန်ပန်ကိုယ်ပွားက ဟိန်းဟောက်ကာ ပန်ဝူနတ်ဘုရားမင်းဆက်မှ နတ်ဘုရားသိုင်းပညာအား ထုတ်ဖော်လိုက်၏။

သို့သော် သူကဲ့သို့ ကိုယ်ပွားတစ်ခုဟာ ကျွင်းရှောင်ယောက်၏ပြိုင်ဘက် ဘယ်လိုလုပ်ပြီး ဖြစ်နိုင်ပါမည်နည်း။ ၎င်းတွင် ပန်ဟွမ်ရှန်၏ဝိညာဉ်ဓားပင် မရှိပေ။

"ဝုန်း"

ကျွင်းရှောင်ယောက်၏ လက်ဝါးကြီးက
ကျဆင်းလာသောအခါ ရန်ပန့်ကိုယ်ပွားလည်း
အသားပြားအဖြစ်သို့ ဖိချခံလိုက်ရတော့သည်။

ဤမြင်ကွင်းဟာ လူတိုင်းကို
ကြက်သီးတဖြန်းဖြန်းထသွားစေခဲ့သည်။

"ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က
အစွမ်းထက်လှချေလား"
အားလုံး အံ့အားသင့်သွားခဲ့ကြသည်။

၎င်းတို့ နယ်ပယ်ဟာ ကျွင်းရှောင်ယောက်ထက်
မြင့်မားသော်လည်း လက်တွေ့မြင်လိုက်ရသောအခါ
ရင်တထိတ်ထိတ် ဖြစ်ကြရဆဲပင်။

ကျွင်းရှောင်ယောက်က ရန်ပန်၏

အာဗက်တာကိုယ်ပွားကို ဖျက်ဆီးလိုက်ချိန်...

ပန်ဝူနတ်ဘုရားမင်းဆက်ရှိ ခမ်းနားထည်ဝါသော နန်းတော်တစ်ခုအတွင်း၌ ဒေါသတကြီးဟိန်းဟောက်သံ ထွက်ပေါ်လာသည်။

"ကျွင်းရှောင်ယောက်၊ ငါရန်ပန် မင်းနဲ့ ဘယ်တော့မှ မကျေအေးဘူးကွ"

ထိုအသံကိုကြားသာအခါ နန်းတော်အတွင်းရှိ အစေခံများ တုန်လှုပ်ချောက်ချားသွားကြသည်။

ရန်ပန် ဒေါသထွက်လျှင် အသူရာနတ်မိစ္ဆာထက်ပင် ပို၍ ကြောက်စရာကောင်း၏။

'ကျွင်းမိသားစုရဲ့
နတ်ဘုရားသားတော်အကြောင်းကိုတော့ ကြားဖူးပါရဲ့၊
ဒါပေမဲ့ မားကွစ်နဲ့ ဘယ်ကဘယ်လို အမုန်းတရားတွေ
ဖြစ်ပေါ်လာကြလဲ မသိဘူး'

အစေခံတချို့ကလည်း ကြောက်ရွံ့တုန်လှုပ်ရင်းမှ
စပ်စပ်စုစုတွေးနေမိကြသည်။

ထိုအချိန်တွင် ရန်ပန်၏ အေးစက်စက်စကားသံက
နန်းတော်အတွင်းမှ ထွက်ပေါ်လာသည်။

"လာကြစမ်း၊ ငါ့အမိန့်ကိုဖြန့်လိုက်...
ငါမားကွစ်ကွမ်ကျွင်းရန်ပန်ဟာ ကျွင်းမိသားစုရဲ့
နတ်ဘုရားသားတော် ကျွင်းရှောင်ယောက်ကို
နတ်ဘုရားမင်းဆက် တော်ဝင်နန်းတွင်းက
တားမြစ်မြို့တော်ထိပ်မှာ တိုက်ခိုက်မယ် လို့"

"အချိန်ကို ဝူမင်ယွဲ့ ရဲ့ ကြင်ရာရွေးပွဲနေ့မှာ သတ်မှတ်မယ်။ အင်မော်တယ်နယ်မြေကြီးက လူအားလုံးရဲ့အရှေ့မှာ ငါမားကွစ်က ကျွင်းရှောင်ယောက်ကို ခြေထောက်အောက်မှာ နင်းချေမယ်"

ယင်းအမိန့်သံကိုကြားပြီးနောက် အစေခံအားလုံး မျက်လုံးမျက်ဆံပြူးကာ ကြောက်ရွံ့သွားကြပြန်သည်။

ပန်ဝူနတ်ဘုရားမင်းဆက်မှ ကွမ်ကျွင်းရန်ပန်ဟာ ရှေးဟောင်းမင်းမျိုးနွယ် ကျွင်းမိသားစုမှ နတ်ဘုရားသားတော်ကို စိန်ခေါ်လိုက်၏။

ယင်းက အသေးအဖွဲ့ကိစ္စမဟုတ်ပေ။ ဤသတင်း ပြန့်သွားလျှင်ဖြင့် လှိုင်းလုံးကြီးများ ဖြစ်ပေါ်ရမည်

ဖြစ်သည်။

ထို့အပြင် ပန်ဝူနတ်ဘုရားမင်းဆက်မှ
မင်းသမီးဝူမင်ယွဲ့၏
ကြင်ရာရွေးပွဲနေ့ဖြစ်သောကြောင့်လည်း ပို၍
တာဆူလာခဲ့ပေလိမ့်မည်။

“ကောင်းကင်ရွေးချယ်ခံ ပါရမီရှင်တွေနဲ့
သာယာဝပြောတဲ့ကမ္ဘာကြီး စတင်တော့မည်၊
မားကွစ်ကွမ်ကျွင်းတစ်ယောက် နောက်ဆုံးမှာ
ရယ်မောနိုင်မယ်လို့ပဲ မျှော်လင့်ပါတယ်"

အစေခံအိုကြီးတစ်ယောက်က
သက်ပြင်းချလိုက်သည်။

ထိုအချိန်၊ မီးငှက်တိုင်းပြည်၏ တော်ဝင်မြို့တော်
အပြင်ဘက်တွင်။

ကျွင်းရှောင်ယောက်ဟာ ရန်ပန်က
သူ့ကိုစိန်ခေါ်သည်အထိ ဒေါသထွက်နေမှန်း
မသိသေးပေ။

သို့သော် အကယ်၍ သိခဲ့လျှင်ပင်
ကျွင်းရှောင်ယောက်က ဂရုစိုက်မည် မဟုတ်ပါချေ။

သူ့အရှေ့တွင် အော်ဝံ့ပါက လက်ဝါးတစ်ချက်ဖြင့်
ဖိနှိပ်လိုက်ရုံသာ ဖြစ်သည်။

ပတ်ဝန်းကျင်မှ လူများ၏မျက်နှာမှာတော့
တုန်လှုပ်မှုများ ဖြစ်ပေါ်နေဆဲပင်။

ကျွင်းရှောင်ယောက်သာ ခပ်အေးအေးပင် ရှိနေသည်။

ရန်ပန်၏ အာဗက်တာကိုယ်ပွားကို သတ်ဖြတ်ခြင်းက သူ့အတွက်တော့ ကိစ္စကြီးကြီးမားမား မဟုတ်ပါချေ။

ကျွင်းရှောင်ယောက် တစ်ချက်ကြည့်လိုက်သောအခါ ရန်ပန်၏ အသားပုံထဲမှ လက်စွပ်တစ်ကွင်းကို မြင်လိုက်ရသည်။

ကျွင်းရှောင်ယောက်က သူ့လက်ကိုမြှောက်ကာ ဆွဲယူလိုက်၏။

လက်စွပ်ပေါ်တွင် ဝိညာဉ်တံဆိပ်ခတ်ထားသော်လည်း ကျွင်းရှောင်ယောက်က ဖျက်ဆီးပစ်လိုက်သည်။

အစစ်အမှန်ဝိညာဉ်ဟာ ကျွင်းရှောင်ယောက် သေးသေးလေးပုံစံဖြစ်သော်လည်း အစွမ်းထက်သော

နတ်ဝိညာဉ်စွမ်းအားကို ထုတ်ဖော်နိုင်ဆဲပင်။

ကျွင်းရှောင်ယောက်၏ ဖင်းဂေါ့ခန္ဓာက
ကြောက်သရာကောင်းသကဲ့သို့ နတ်ဝိညာဉ်ကလည်း
အစွမ်းထက်သည်။

ကျွင်းရှောင်ယောက်ဟာ
နတ်ဝိညာဉ်စွမ်းအားဖြင့်ညဝိညာဉ်တံဆိပ်ကို
အလွယ်တကူ ဖျက်ပစ်လိုက်၏။

သူက တခြားပစ္စည်းများကို ဂရုမစိုက်ပေ။

သူဂရုစိုက်သည်က ကြေးအိမ်မြှောင်များပင်
ဖြစ်သည်။

မျှော်လင့်ထားသည့်အတိုင်းပင်၊
ကြေးအိမ်မြှောင်လေးခုစလုံး ထိုအထဲတွင် ပါသည်။

"ရန်ပန်... ရန်ပန်၊ မင်းဒါကိုစီစဉ်နေတာတောင်
အတော် ကြာနေခဲ့ပြီပဲ၊ ဒါပေမဲ့ အဆုံးမှာတော့
ငါ့လက်ထဲကို ကျရောက်ရသေးတာပဲ။ မင်းကတော့
ဒုတိယရှောင်ချန်းပေါ့"

ကျွင်းရှောင်ယောက်က တစ်ချက်ပြုံးလိုက်သည်။

ရန်ပန်ဟာ ဤအတွက် စီမံကိန်းကြီး ချခဲ့သော်လည်း
အဆုံးတွင် သူ့လက်ထဲသို့သာ ကျရောက်ခဲ့၏။

ထိုအတွက် ရန်ပန် သေလောက်အောင်
ဒေါသထွက်နေတော့မည်မှန်း သူသိသည်။

ကျွင်းရှောင်ယောက်လည်း အိမ်မြှောင်သုံးခုကို သူ၏

သိုလှောင်ခြင်းမှော်ရတနာထဲသို့
ထည့်သိမ်းလိုက်သည်။

ဤသို့ဖြင့် သူဟာ ကြေးအိမ်မြှောင်လေးခုစလုံးကို
ရရှိသွားခဲ့၏။

သို့သော်လည်း ယခုအချိန်ဟာ စူးစမ်းရန်အတွက်
အချိန်မဟုတ်သေးပေ။

ကျွင်းရှောင်ယောက်က
အောက်ကိုငုံ့ကြည့်လိုက်သောအခါ
မိုးပြာနဂါးရှေးဟောင်းတိုင်းပြည်မှ တပ်သားအားလုံး
မျက်နှာဖြူဆုပ်သွားကြသည်။

မိုလ်ချုပ်များ၏ မျက်နှာတွင်ကား
မုန်တီးမှုအရိပ်အငွေ့များ ဖြစ်ပေါ်လျက်ရှိ၏။

နောက်ဆုံးတွင် ကျွင်းရှောင်ယောက်က သူတို့ဘုရင်ကို သွယ်ဝိုက်သောနည်းဖြင့် သတ်ဖြတ်ခဲ့သည် မဟုတ်ပါလား။

"အားလုံး အမိန့်နာခံမယ်၊ မိုးပြာနဂါးရှေးဟောင်းတိုင်းပြည်က သာမန်တပ်သားကလွဲပြီး အကြီးအကဲ အားလုံးကို သတ်ဖြတ်စေ"

ကျွင်းရှောင်ယောက်က အေးစက်စက်ဖြင့် ပြောလိုက်သည်။

"အမိန့်အတိုင်းပါ"

မီးငှက်တိုင်းပြည်ဘုရင်က ဘာမျှမပြောရသေးမီ လိပ်နက်နှင့် ကျားဖြူဘုရင်က အလျင်အမြန် အဖြေပေးလိုက်၏။

ယခုအခါ သူတို့က လက်နက်ချပြီးပြီဖြစ်၍ မိမိသဘောထားကို သိသာထင်ရှားစွာ ဖော်ပြကြရမည် ဖြစ်သည်။

မကြာမီ မိုးပြာနဂါးတပ်မှ ဗိုလ်ချုပ်များ အသတ်ခံရ၍ တပ်သားငယ်များအညံ့ခံသွားသည်။

ထို့နောက် ကျွင်းရှောင်ယောက်ဟာ ရှေးဟောင်းတိုင်းပြည်လေးခုကို ပေါင်းစည်းရန်အတွက် အမိန့်ထုတ်ပြန်လိုက်၏။

တိုင်းပြည်လေးခုဘုရင်က မီးငှက်ဘုရင် ဖြစ်လာခဲ့ပေသည်။

ဆက်ခံသူကတော့ ပိုင်ယုအာဖြစ်သည်။

ဤသို့ဖြင့် ရှေးဟောင်းတိုင်းပြည်လေးခုမှ
လှုပ်ရှားမှုများလည်း ပြန်လည်ငြိမ်သက်သွားခဲ့၏။

သို့သော်... လှိုင်းလုံးကြီးများက
စတင်ရုံမျှသာရှိပါသေးသည်။

-------------

အခန်း ( ၉၄ ) ကြေးအိမ်မြှောင်၏ လျှို့ဝှက်ချက်၊
ရှောင်ချန်း အမျက်ဒေါသဖြစ်ခြင်း

ရှေးဟောင်းတိုင်းပြည်လေးခု၏
အပြောင်းအလဲများက

အင်မော်တယ်နယ်မြေကြီးတစ်ခုလုံးပေါ်တွင်
သက်ရောက်မှု သိပ်မရှိပေ။

သို့သော် အနီးနားရှိ စီရင်စုဒါဇင်ချီကတော့
ရုတ်ရုတ်သဲသဲဖြစ်ကုန်သည်။

မူလက ရလဒ်ကို ဆုံးဖြတ်ပြီးပြီဟုတွေးကာ
မီးငှက်တိုင်းပြည်အား မည်သူမျှ ဂရုမစိုက်တော့ပေ။

မီးငှက်တိုင်းပြည်အတွက် လက်နက်ချရန် သို့မဟုတ်
သစ္စာခံရန်ဟူ၍ ရွေးချယ်စရာနှစ်ခုသာရှိသည်။

သို့သော် ထပ်မံထွက်ပေါ်လာသောသတင်းက
အားလုံးကို တုန်ရီသွားစေခဲ့၏။

ကျွင်းမိသားစု၏ နတ်ဘုရားသားတော်ဟာ
လေမီးတောတောင် အစောင့်လေးခုကို ဦးဆောင်၍
အရှိန်အဝါကြီးစွာဖြင့် ရောက်ချလာသည်။

ထိုအခါ မိုးပြာနဂါးတိုင်းပြည်အား ညွှန်ကြားနေသူ
ထွက်ပေါ်လာသည်။ ၎င်းက အမှန်တကယ်
ပန်ဝူနတ်ဘုရားမင်းဆက်မှ
မားကွစ်ကွမ်ကျွင်းဖြစ်နေခဲ့၏။

နောက်သတင်းတစ်ခုကတော့ လူတိုင်းကို
ဆံပင်မွေးထောင်ထသွားစေလောက်အောင်
ထိတ်လန့်တုန်လှုပ်သွားစေခဲ့သည်။

အကြောင်းမူ ကျွင်းမိသားစုမှ နတ်ဘုရားသားတော်က
မားကွစ်ကွမ်ကျွင်း၏ အာဗက်တာကိုယ်ပွားကို
သတ်ဖြတ်လိုက်ခြင်းပင်။

မိုးပြာနဂါးဘုရင်လည်း ကျွင်းရှောင်ယောက်၏
တာအိုကာကွယ်သူ ခေါင်းဖြတ်ခြင်းကို
ခံလိုက်ရသည်။

နတ်ဘုရားသားတော်နှင့် မားကွစ်ကွမ်ကျွင်းကြား
တိုက်ပွဲတွင် နတ်ဘုရားသားတော် အနိုင်ရသွားသည်။

သို့သော် မာနကြီးသော မားကွစ်ကွမ်ကျွင်းက ဤမျှနှင့်
ရပ်နားသွားမည်မဟုတ်ကြောင်း အားလုံးကိုယ်စီ
သိကြသည်။

မျှော်လင့်ထားသည့်အတိုင်း ရက်အနည်းငယ်အတွင်း
ပန်ဂူနတ်မင်းဆက်ထံမှ သတင်းထွက်လာ၏။

ယင်းက မားကွစ်ကွမ်ကျွင်းရန်ပန်ဟာ

တားမြစ်မြို့တော်ထိပ်တွင် ကျွင်းရှောင်ယောက်နှင့်
ရင်ဆိုင်မည်ဆိုသော သတင်းသာ ဖြစ်တော့သည်။

အချိန်ကား ပန်ဂူနတ်ဘုရားမင်းဆက်မှ မင်းသမီးကြီး
ဂူမင်ယွဲ့၏ ကြင်ရာရွေးပွဲနေ့ ဖြစ်သည်။

ဤသတင်းသည် သမုဒ္ဒရာထဲသို့ ရောမ
ကျောက်တုံးကြီးတစ်တုံး ကျဆင်းလာသည့်နှယ်
လှိုင်းလုံးကြီးများကို ဖြစ်ပေါ်စေခဲ့သည်။

ရန်ပန်က တမင်အကွက်ဆင်နေမှန်း အားလုံး
သိကြ၏။

ထိုနေသည့် ပန်ဂူနတ်ဘုရားမင်းဆက်မှ
မင်းသမီးကြီး၏ ကြင်ရာရွေးပွဲနေ့ဖြစ်သောကြောင့်
အင်အားစုများစွာ ရောက်ရှိလာမည်မှာ

မြေကြီးလက်ခတ်မလွဲပေ။

ဤအခြေအနေမျိုးတွင် ၎င်းတို့၏ တိုက်ပွဲအဟုန်က
အမြင့်ဆုံးသို့ ရောက်ရှိသွားရမည် ဖြစ်သည်။

ရန်ပန်သော ကျွင်းရှောင်ယောက်ကို အမှန်တကယ်
အနိုင်ယူနိုင်ပါက သတင်းဖြန့်စရာမလိုဘဲ
အင်မော်တယ်နယ်မြေကြီးတစ်ခုလုံးကို
အလိုအလျောက် ပျံ့နှံ့သွားရပေလိမ့်မည်။

ထိုအခါ ကျွင်းမိသားစုမှ နတ်ဘုရားသားတော်၏
ဒဏ္ဍာရီမှာလည်း ခဏချင်း ပြိုလဲသွားမည်သာ
ဖြစ်တော့သည်။

မားကွစ်ကွမ်ကျွင်းကတော့ ဤတိုက်ပွဲမှစ၍
အလွန်တရာ ထင်ရှားသွားတော့မည် ဖြစ်သည်။

"ဒါပေမဲ့ မားကွစ်ကွမ်ကျွင်းက
ယုံကြည်မှုရှိလွန်းမနေဘူးလား"

လူအများက စိတ်ဝင်တစား ဆွေးနွေးလိုက်ကြသည်။

"မားကွစ်ကွမ်ကျွင်းကို လျှော့တွက်လို့တော့ မရဘူးဗျ၊
သူက ပန်ဟွမ့်ရှန့် ဝိညာဉ်ဓားရဲ့
အသိမှတ်ပြုမှုကိုတောင် ခံထားရတဲ့သူ။ သူက
မဟာဧကရာဇ်ပန်ဝူ လူပြန်ဝင်စားလာတာလို့တောင်
ကောလဟာလတွေ ထွက်ပေါ်နေတာ"

"ဒါက ကောလဟာလဖြစ်သင့်ပေမယ့် တကယ်လည်း
မားကွစ်ကွမ်ကျွင်းက အားမနည်းဘူး၊ သူက
မျိုးဆက်သစ်လူငယ်တွေထဲမှာ
ထိပ်တန်းပုဂ္ဂိုလ်တစ်ယောက်လို့တောင် ဆိုနိုင်တယ်"

"ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က
ဘယ်လိုလုပ်မှာလဲ"

"စောင့်ကြည့်ကြတာပေါ့"

ထိုသတင်းထွက်လာပြီးနောက်
အင်မော်တယ်နယ်မြေကြီးရှိ လူတိုင်းဟာ
ကျွင်းရှောင်ယောက်၏ တုံ့ပြန်မှုကို
စောင့်မျှော်နေခဲ့ကြသည်။

သို့သော်လည်း ကျွင်းရှောင်ယောက်ထံမှ
မည်သည့်သတင်းမျှ မကြားရပါချေ။

ယင်းက လူများစွာကို အံ့အားသင့်စေသည်။

အလွန်တရာ နာမည်ကျော်ကြားသော ကျွင်းမိသားစု၏
နတ်ဘုရားသားတော်က အမှန်တကယ်
သူရဲဘောကြောင်ပါသလော။

မည်သူမျှ မသိတော့ပေ။

ထိုအချိန်တွင် ကျွင်းရှောင်ယောက်က
မီးငှက်ရှေးဟောင်းတိုင်းပြည်၏
တော်ဝင်နန်းတော်တွင် ကြေးအိမ်မြှောင်ကို
လေ့လာနေသည်။

ကြေးအိမ်မြှောင်လေးခုဟာ ပြီးပြည့်စုံသော
ကြေးအိမ်မြှောင်အဖြစ် ပေါင်းစပ်သွားခဲ့၏။

ပြီးပြည့်စုံသော ကြေးအိမ်မြှောင်က

အလွန်ရှေးကျသော အငွေ့အသက်များရှိကာ
ရိုးရှင်းသလောက် လျှို့ဝှက်ဆန်းကြယ်သည်။

သို့သော်လည်း ကျွင်းရှောင်ယောက်ဟာ မည်သို့
အသုံးပြုရမှန်း မသိသေးပေ။

'အချိန်မကျသေးတာလား'
ကျွင်းရှောင်ယောက်က တွေးလိုက်သည်။

ယခုအချိန်ထိတော့ အင်မော်တယ်နယ်မြေကြီးတွင်
ကြေးအင်မော်တယ်နန်းတော်အကြောင်းကို
သတင်းအစနပင် အကြားရသေးပေ။

ယင်းက အချိန်မကျသေး၍ ဖြစ်နိုင်သည်။

ကြေးအင်မော်တယ်နန်းတော်အကြောင်း သတင်းရမှ ဤကြေးအိမ်မြှောင်ကို အသုံးပြုရမည့်ပုံ ရသည်။

ယင်းကိုတွေးမိသောအခါ ကျွင်းရှောင်ယောက်လည်း ကြေးအိမ်မြှောင်ကို သိုလှောင်ခြင်း မှော်ရတနာအတွင်းသို့ ထည့်သိမ်းလိုက်တော့သည်။

"ဒီခရီးက တော်တော်အကျိုးရှိတယ်"

ကျွင်းရှောင်ယောက် ကျေနပ်စွာဖြင့် ရေရွတ်လိုက်သည်။

အရေးကြီးဆုံးက ကြေးအိမ်မြှောင်ကို ရရှိခဲ့ခြင်း ဖြစ်သည်။

ဒုတိယအနေဖြင့်

ဖိုးနှစ်ငိုကြွေးချီတောင်တန်းကိုရရှိခဲ့၏။

ရှေးဟောင်းတိုင်းပြည်လေးခုကိုလည်း
ပေါင်းစပ်နိုင်ထားနိုင်ခဲ့ချေပြီ။

၎င်းက အင်မော်တယ်တာအိုမျိုးနွယ်များလောက်
မသန်မာသော်လည်း ထိပ်တန်း အင်အားစုတစ်ခု
ဖြစ်လာခဲ့ပြီ ဖြစ်သည်။

"တားမြစ်မြို့တော်ထိပ်မှာ မင်းက
ငါနဲ့တိုက်ခိုက်ချင်လား"
ကျွင်းရှောင်ယောက်က ရေရွတ်လိုက်သည်။

ရန်ပန်၏ စိန်ခေါ်မှုသတင်းက ဤအတောအတွင်း
အလွန်လှုပ်ခတ်နေရာ သဘာဝအရ

ကျွင်းရှောင်ယောက်လည်း သိခဲ့သည်။

ထိုစဥ်က သူဟာ ကြေးအိမ်မြှောင်ကို လေ့လာနေရသောကြောင့် မတုံ့ပြန်ခဲ့ပါ။

သို့သော် ကျွင်းရှောင်ယောက်က ယခု တုံ့ပြန်ရန်လည်း စိတ်ကူးမရှိသေးပေ။

မည်သို့ဆိုစေ သူကိုယ်တိုင်လည်း ဝူမင်ယွဲ့၏ ကြင်ရာရွေးပွဲကို သွားရောက်မည် ဖြစ်သည်။

မားကွစ်ကွမ်ကျွင်းဆိုသူကိုတော့ ထိုအခါမှ လက်စနှင့် ဖိနှိပ်ပစ်တော့မည်။

"ရန်ပန်၊ မင်းအရှေ့မှာ ငရဲပြည်က စောင့်ကြိုနေပြီ…”

ကျွင်းရှောင်ယောက် ပြုံးလိုက်သည်။

ရန်ပန်ဟာ မဟာကေရာဇ်ပန်၏ ဝိညာဉ်ဓားကို
ကိုင်ဆောင်ထားသောကြောင့်
ကံကောင်းသူတစ်ဦးဖြစ်နိုင်သည်။

သူ့မျက်လုံးမှာတော့ ကြက်သွန်မြိတ်တစ်ခုသာ ဖြစ်၏။

ထို့ကြောင့် ကျွင်းရှောင်ယောက်ဟာ ရန်ပန်ဟူသော
ကြက်သွန်မြိတ်ကို မည်သို့ရိတ်သိမ်းရမည်အား
တွေးတောကြံဆနေတော့သည်။

.........

တာအိုစီရင်စုသုံးထောင်အနက် တစ်ခုဖြစ်သော

ကန္တာရနက်စီရင်စုအတွင်းတွင်...

ဤနေရာဟာ ကန္တာရများနှင့်
မြေရိုင်းဒေသကဲ့သို့ဖြစ်သော စီရင်စုတစ်ခု ဖြစ်သည်။

တာအိုစီရင်စုသုံးထောင်ထဲတွင် ယင်းက
ကျင့်ကြံသူအနည်းဆုံး တာအိုစီရင်စုတစ်ခုဆိုက
မမှားပေ။

ထိုအချိန်၊ ကန္တာရနက်စီရင်စုအတွင်းရှိ
ကြမ်းတမ်းသော အရှိန်အဝါများရှိသည့်
တောင်တန်းတစ်ခု အပြင်ဘက်တွင်..

အပြာရောင်ရှပ်အင်္ကျီကို ဝတ်ဆင်ထားပြီး
ချောမောသော လူငယ်လေးဟာ မြေပြင်ပေါ်တွင်
ဒူးထောက် ထိုင်နေသည်။ သူဟာ

သွေးချင်းချင်းနီနေသော မျက်လုံးများဖြင့်
ကောင်းကင်သို့မော့ကာ ဟိန်းဟောက်နေ၏။

၎င်းက ရှောင်ချန်း ဖြစ်သည်။

အစိပစိယွမ်ထျန်း ရတနာသိုက်ကိစ္စပြီးနောက်
ရှောင်ချန်းဟာ မိုးပြာနဂါးသခင်၏ လမ်းညွှန်မှုဖြင့်
ဘိုးဘေးနဂါးသိုက်မှ ရှေးဟောင်းအသိုက်ကိုရှာဖွေရန်
ကန္တာရနက်စီရင်စုသို့ ရောက်ရှိလာခဲ့သည်။

သို့သော် ထိုအချိန်တွင်
မိုးပြာနဂါးရှေးဟောင်းတိုင်းပြည်သတင်းကို
ကြားလိုက်ရ၏။

သူ့အဖေ မိုးပြာနဂါးဘုရင်ဟာ ကျွင်းရှောင်ယောက်၏
တာအိုကာကွယ်သူလက်ချက်ဖြင့်

ခေါင်းဖြတ်အသတ်ခံလိုက်ရချေပြီ။

မိုးပြာနဂါးတိုင်းပြည်ကျဆုံးပြီး တိုင်းပြည်လေးခုကို ပေါင်းစည်းသွားခဲ့သည်။

ယခုအခါ သူက မိုးပြာနဂါးတိုင်းပြည်၏ မင်းသားတစ်ပါး မဟုတ်တော့ပေ။

ဘာနောက်ခံမျှမရှိသော သာမန် အရပ်သားတစ်ဦး ဖြစ်သွားခဲ့ပြီ ဖြစ်သည်။

"အဖေ့ကို သတ်ပစ်တဲ့ အမုန်းတရား၊ တိုင်းပြည်ကို ဖျက်ဆီးတဲ့ မုန်းတီးမှုတွေ... ကျွင်းရှောင်ယောက်၊ ငါ ရှောင်ချန်း မင်းကို အရေခွံဆုပ်ပြီး အရိုးမထုတ်ရင် လူသားမဟုတ်တော့ဘူးလို့ ကျိန်ဆိုတယ်"

ရှောင်ချန်း ဒေါသတကြီးဖြင့်

ဟိန်းဟောက်လိုက်သည်။

ထိုအချိန်တွင် မိုးပြာနဂါးဘုရင်က မျက်နှာမသာမယာဖြင့် ထွက်လာခဲ့၏။

သူဟာ တိုင်းပြည်၏ မင်းသားတစ်ပါးဖြစ်သော်လည်း ယခုတော့ တိုင်းပြည်ပင် မရှိတော့ပေ။

အရေးကြီးဆုံးက ထိုအရာပင် ပျောက်ဆုံးသွားခဲ့ပြီ ဖြစ်သည်။

"ဟင်း၊ ကြေးအိမ်မြှောင်လည်း ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်လက်ထဲ ကျရောက်သွားခဲ့ပြီထင်တယ်။ ဒီကောင်လေးရဲ့ အပြင်ဆင်က တကယ်နက်ရှိုင်းတယ်"

မိုးပြာနဂါးဘုရင် သက်ပြင်းချလိုက်သည်။

ကျွင်းရှောင်ယောက်ဟာ ပိုင်ယုအာကို
လက်အောက်ခံစေကတည်းက
တိုင်းပြည်လေးခုကိုပေါင်းစည်းရန် စီစဉ်နေခဲ့ပြီ
ဖြစ်သည်။

"ဘိုးဘေး၊ ကျုပ် ပိုသန်မာချင်တယ်၊
ကျွင်းရှောင်ယောက်ကို ကျုပ်သတ်မယ်၊ သူ့ကို
သတ်ရမယ်"

ရှောင်ချန်း၏ မျက်လုံးများက
သွေးချင်းချင်းနီနေသည်။ ထိုအတွက်
သွေးကြောမျှင်များကလည်း ပေါက်ကွဲတော့မည့်ကဲ့သို့
ရုန်းကြွလာ၏။ လက်ရှိတွင် သူက ရူးသွပ်သွားသော
နတ်ဆိုးတစ်ကောင်နှင့် မခြားတော့ပေ။

"ရှောင်ချန်း၊ စိတ်အေးအေးထားစမ်း။ မင်းရဲ့
တာအိုနှလုံးသားမှာ
အတွင်းစိတ်မိစ္ဆာဝင်ရောက်လာနေပြီ"

မိုးပြာနဂါးသခင်က မျက်မှောင်ကြုတ်ကာ
အေးစက်စက်ဖြင့် အော်လိုက်သည်။

"စိတ်မိစ္ဆာဝင်တာလား၊ ဟားဟားဟား...
အဲဒီတော့ဘာဖြစ်လဲ၊ ကျွင်းရှောင်ယောက်ကို
ကျုပ်သတ်မယ်၊ ဘာတွေပဲ ပေးဆပ်ရ ပေးဆပ်ရ"

ရှောင်ချန်း ရူးသွပ်စွာ အော်ဟစ်လိုက်သည်။

"မင်းမေ့နေပြီလား။ မင်းမှာ ရှေးဟောင်းအသိုက်နဲ့
ပန်ဝူနတ်ဘုရားမင်းဆက်က ဝူမင်ယွဲ့ဆိုတဲ့ ဝှက်ဖဲနှစ်ခု
ကျန်သေးတယ်"

မိုးပြာနဂါးဘုရင် ပြောလိုက်သည်။

ထိုစကားများဟာ ရှောင်ချန်း၏ ဦးခေါင်းထက်မှ ရေခဲပုံးဖြင့် လောင်းချလိုက်သကဲ့သို့ ချက်ချင်းတည်ငြိမ်သွားစေခဲ့သည်။

"ဟုတ်တယ်၊ ငါမရှုံးသေးဘူး။ ငါ့မှာ မင်ယွဲ့ရှိသေးတယ်၊ ငါသူ့ကို လက်ထပ်နိုင်ရင် ငါ့အတွက် အထောက်အကူအများကြီးရလာမှာ အသေချာပဲ"

ရှောင်ချန်း အသက်ပြင်းပြင်းရှူလိုက်သည်။

ထိုမိန်းမချောလေးအကြောင်း တွေးမိသောအခါ ရှောင်ချန်း၏စိတ်က တဖြည်းဖြည်း တည်ငြိမ်လာသည်။

အဖေကို ဆုံးရှုံးရရင်တောင်၊ တိုင်းပြည်ကို ဆုံးရှုံးရရင်တောင်...

အနည်းဆုံးတော့ သူ့ကိုကူညီပေးမည့်
လက်တွဲဖော်တစ်ယောက် ရှိသည်။

တကယ်တော့ ရှောင်ချန်းဘာမှ မသိခဲ့ခြင်းသာ။

ဝူမင်ယွဲ့ဟာ ကျွင်းရှောင်ယောက်၏
ကျွန်ဖြစ်သွားရခြင်းကို သူ့ထံမှ ဖုံးကွယ်ထားသည်။

ထို့ကြောင့် ဤအကြောင်းကိုသာ ထပ်မံ
သိလိုက်ရလျှင် သူမည်မျှ ရူးသွပ်သွားမလဲဆိုတာ
တွေးကြည့်ရန်ပင် မလွယ်တော့ပေ။

-------------

အခန်း ( 95 ) ရှောင်ချန်းအတွက် အခွင့်အရေး၊ ဘိုးဘေးနဂါးသိုက်၏ ရှေးဟောင်းလူထူးဆန်း နိုးထရန်

"တောင်းပန်ပါတယ်ဘိုးဘေး၊ ကျွန်တော် ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်နိုင်စွမ်း ကင်းမဲ့သွားတယ်။ အခု ကျွန်တော့်ခွန်အားကို တိုးတက်စေဖို့ ရှေးဟောင်းအသိုက်နဲ့ အဓိပဓိသွေးကို သွားရှာရအောင်"

ဇာတ်ကောင်တစ်ယောက်ဖြစ်သော ရှောင်ချန်း၏ စိတ်ဓာတ်က ဤတွင် ထင်ရှားလာသည်။ ဤအခိုက်တွင် သူ့စိတ်က ပြန်လည်တည်ငြိမ်လာ၏။

သူ့ခွန်အား ပိုသန်မာလာမှသာ ဝူမင်ယွဲ့ကို လက်ထပ်နိုင်မည် ဖြစ်သည်။

"ရှောင်ချန်း၊ မင်းရဲ့ အစီစဉ်မြင်ဖို့အတွက် ဝူမင်ယွဲ့ကို လက်ထပ်ဖို့လမ်းမှာ အကြီးမားဆုံး အတားအဆီးက ဘာဆိုတာသိလား"

မိုးပြာနဂါးသခင် မေးလိုက်သည်။

"ဖြစ်နိုင်တာက..."

ရှောင်ချန်း မျက်ခုံးပင့်လိုက်၏။

"အမှန်ပဲ၊ အဲတာက ကျွင်းရှောင်ယောက်မဟုတ်ဘူး၊ ရန်ပန်"

မိုးပြာနဂါးသခင်က ပြောလိုက်သည်။

"မျှော်လင့်ထားတဲ့အတိုင်းပဲ ဒီရန်ပန်။ ဝူမင်ယွဲ့ရဲ့ ကြင်ရာက ရန်ပန်လို့တောင် သတ်မှတ်ထားပြီးပြီလို့ ပြောကြတယ်"

"ဒါပေမဲ့ ဒီလူယုတ်မာလက်ထဲတော့ မင်းယွဲ့ကို
အပါမခံနိုင်ဘူး"
ရှောင်ချန်းက အေးစက်စက်ဖြင့် ပြောလိုက်သည်။

သူအမုန်းဆုံးက ကျွင်းရှောင်ယောက် ဖြစ်သည်။

သို့သော် ရန်ပန့်ကိုလည်း သဘောမကျပေ။

ဤရန်ပန်က သူ့မိန်းမကို အမှန်တကယ်
လုယူချင်နေပါသလော။

သူက မားကွစ်ကွမ်ကျွင်းဆိုလျှင်ပင်
ဘာဖြစ်သေးသနည်း။

ဝူမင်ယွဲ့က ရန်ပန်နဲ့ကို သဘောကျမည် မဟုတ်ပေ။

ထို့ကြောင့် သူဟာ ဝူမင်ယွဲ့၏ ကြင်ရာရွေးပွဲနေ့တွင် ရန်ပန်နဲ့ကို နင်းချေပစ်ရမည် ဖြစ်သည်။

ရန်ပန်နဲ့ကို နင်းချေနိုင်လျှင် ပန်ဝူနတ်ဘုရားမင်းဆက်၏ မျက်နှာသာပေးမှုကို ရနိုင်ပေလိမ့်မည်။

"ကောင်းပြီ၊ ဒီရှေးဟောင်းအသိုက်က တောရိုင်းတောင်တန်းထဲမှာ ရှိသင့်တယ်၊ ငါတို့ ဝင်ကြည့်ရအောင်"

မိုးပြာနဂါးသခင်က ပြောလိုက်သည်။

ရှောင်ချန်းလည်း ခေါင်းညိတ်ကာ တောင်တန်းအတွင်းသို့ ပြေးဝင်သွား၏။

ရက်အနည်းငယ်အကြာတွင် မိုးပြာနဂါးသခင်၏
လမ်းညွှန်မှုဖြင့် ရှောင်ချန်းဟာ
တောင်တန်းများအတွင်း၌ အက်ကြောင်းငယ်တစ်ခုကို
ရှာတွေ့သွားခဲ့သည်။

အက်ကြောင်းအတွင်းသို့ ဝင်လိုက်သောအခါ
မြေအောက်ကမ္ဘာငယ် တစ်ခုကဲ့သို့
လှပသည့်နေရာတစ်ခုကို ရောက်ရှိလာသည်။

ဤတွင် နတ်အရင်းမြစ်များကို စုစည်းထားကာ
ဝိညာဉ်ချီအလင်းများ ထွက်ပေါ်နေသည်။

ရှောင်ချန်း အံ့ဩသွား၏။

သူ့ကို ပို၍ အံ့ဩစေသောအရာမှာ ထိုနေရာ၌

ဘိုးဘေးနဂါး၏အဓိပဓိသွေးကို မြင်လိုက်ရခြင်း
ဖြစ်တော့သည်။

အဓိပဓိသွေးများဟာ အမှန်တကယ်
ရေကန်ငယ်တစ်ခုကဲ့သို့ စုစည်းနေသည်။

ရှောင်ချန်းက အခွင့်ကောင်းကို
ရယူတော့မည့်အချိန်တွင်...

အဝေးမှ ဘုရင်မတစ်ပါးကဲ့သို့ မာန်ပါသော
အမျိုးသမီးတစ်ယောက်၏အသံက ရုတ်တရက်
ထွက်ပေါ်လာသည်။

"သေမျိုး၊ မင်းကများ ဒီနန်းတော်ထဲက အရာတွေကို
ပစ်မှားဝံ့တယ်လား"

"ဘယ်သူလဲ"

ရှောင်ချန်း အံ့သြသွား၏။

"မကောင်းတော့ဘူး၊ ဒါကတံဆိပ်ခတ်ထားတဲ့ ရှေးဟောင်းလူထူးဆန်းဖြစ်နိုင်တယ်"

မိုးပြာနဂါးသခင်က အသံပို့လွှတ်ကာ ပြောလိုက်သည်။

"အိုး၊ အစွမ်းထက်တဲ့ ရှေးဟောင်းဝိညာဉ်လည်း ရှိသေးတာလား"

အမျိုးသမီး၏အသံက အနည်းငယ်အံ့သြသွားဟန်ဖြင့် ထွက်ပေါ်လာသည်။

ရှောင်ချန်း အံ့ကြိတ်လိုက်၏။ ထို့နောက်တော့ အမျိုးသမီးအသံကို လျစ်လျူရှုကာ နဂါးသွေးဖြင့်

ဆက်လက် လေ့ကျင့်နေတော့သည်။

"သေမျိုးလေး၊ မင်း ပန်ကုန်းနဲ့
သဘောတူညီမှုလုပ်မလား"
အမျိုးသမီးအသံက ဆိုသည်။

"သဘောတူညီမှု၊ မင်းက
ရှေးဟောင်းတော်ဝင်မိသားစုက လူထူးဆန်းပဲလေ။
မင်းက ငါ့ကို ဘာလုပ်ပေးနိုင်မှာမို့လဲ"
ရှောင်ချန်း အေးစက်စက်ဖြင့် ပြောလိုက်၏။

"ငါအိပ်ပျော်နေတာ ဘယ်လောက်ကြာပြီမှန်းတောင်
မသိတော့ဘူး၊ ငါ့ရဲ့ နတ်အရင်းအမြစ်တွေကလည်း
စွမ်းအင်ကုန်ဆုံးနေခဲ့ပြီ။ မင်းသာ အပျိုစင်
ကိုးဆယ့်ကိုးယောက်နဲ့ အပျိုစင်သွေးကိုရယူပြီး
ဒီနန်းတော်အစီရင်ကို ပြန်လည်ပတ်စေအောင်

ကူညီပေးရင် မင်းရဲ့ဆန္ဒအားလုံး
တကယ်ဖြစ်လာရစေမယ်"

အသံက ပြောလိုက်သည်။

"ငါသေရင်တောင် ဒီလောက် ရူးသွပ်တဲ့အလုပ်ကို
မလုပ်ဘူး"

ရှောင်ချန်း ငြင်းဆန်လိုက်သည်။

"အိုး၊ မင်းမှာ ဘယ်လိုဆန္ဒပဲရှိနေပါစေ၊ ကိစ္စမရှိပါဘူး။
ငါပါးစပ်ဟလိုက်တာနဲ့ ဘိုးဘေးနဂါးသိုက်က ငါ့ရဲ့
သဘောထားကို နားထောင်လိမ့်မယ်"
အမျိုးသမီးအသံက ဆက်ပြော၏။

"ဘယ်လိုဆန္ဒဖြစ်ဖြစ်လား"

ရှောင်ချန်းမျက်နှာက အရောင်ပြောင်းသွားသည်။

အကယ်၍ ဘိုးဘေးနဂါးသိုက်၏
ရှေးဟောင်းလူထူးဆန်းက ကျွင်းရှောင်ယောက်ကို
သူ့အတွက် သတ်ပေးမည်ဆိုလျှင်...

သို့သော် ချက်ချင်းပင် ထိုအတွေးကို မျိုသိပ်လိုက်၏။

"မလိုဘူး၊ ငါ ရှောင်ချန်းရဲ့ရန်သူကို ငါ့လက်နဲ့
လက်စားချေမယ်"

ရှောင်ချန်းက အမိပမိသွေးကို အာရုံစိုက်ကာ
ဆက်လက် စုပ်ယူလိုက်သည်။

"ခစ်ခစ်... ဒါပဲလား၊ ပန်ကုန်းရဲ့ အမြင်မှာတော့
လူ့သဘာဝက အရမ်းညစ်ပတ်တယ်”

အမျိုးသမီးအသံက ပြောဆိုပြီးနောက်

ပြန်လည်တိတ်ဆိတ်သွားသည်။

ရှောင်ချန်း စိတ်သက်သာရာရစွာ
သက်ပြင်းချလိုက်သည်။
ဤရှေးဟောင်းလူထူးဆန်းက ခဏချင်း
လွတ်မြောက်လာဦးမည့်ပုံမရပေ။

ထို့ကြောင့် စိတ်အေးလက်အေး
ဆက်လက်လေ့ကျင့်လိုက်သည်။

"ကျွင်းရှောင်ယောက်၊ မင်းငါ့ကိုစောင့်နေပါ၊
နောက်တစ်ကြိမ် ငါပြန်ပေါ်လာတဲ့အခါ
မင်းအံ့သြရလိမ့်မယ်"

ရှောင်ချန်းမျက်လုံး၌ လက်စားချေခြင်းမီးလျှံများ
တဖျတ်ဖျတ်လက်သွားတော့သည်။

…………

ရှေးဟောင်းတိုင်းပြည်လေးခုဟာ
လုံးဝတည်ငြိမ်သွားသောအခါ
ကျွင်းရှောင်ယောက်လည်း ကျွင်းမိသားစုသို့
ပြန်သွားရန်အတွက် အဆင်သင့်ဖြစ်နေခဲ့ချေပြီ။

နောက်ဆုံးမှာတော့ သူဟာ နောက်တစ်ဆင့်အတွက်
ပြင်ဆင်ရဦးမည် ဖြစ်သည်။

ပန်ဝူနတ်ဘုရားမင်းဆက်အတွက် အစီရင်လေး
တစ်ခုခု…

ပန်ဝူဂူဗိမ္မာန်၊ သူ့အတွက် ဤတွင်
လက်မှတ်ထိုးဝင်ရန်သာမကဘဲ
တခြားအကြောင်းများလည်း ရှိနေသည်။

၎င်းက ရှေးဟောင်းမြင့်မြတ်ခန္ဓာ၏ ဒုတိယအာရုံကို နိုးထစေရန် အခွင့်အရေးတစ်ခုသာ ဖြစ်ချေသည်။

ပန်ဝူဂူဗိမ္မာန်က ပန်ဝူနတ်ဘုရားမင်းဆက်၏ လျှို့ဝှက်နေရာဖြစ်၍ အပြင်လူများကို အဝင်မခံပေ။

သို့သော် ထိုအထဲတွင် ကျွင်းရှောင်ယောက် မပါဝင်ပါချေ။

သူ့အနေအထားမရ မဖြစ်နိုင်တာမရှိသကဲ့သို့ပင် ဖြစ်သည်။

ကျွင်းရှောင်ယောက်တို့ မီးငှက်ရှေးဟောင်းတိုင်းပြည်မှ ထွက်ခွာသောအခါ ပိုင်ယုအာ

အလွှန်ဝမ်းနည်းသွားရ၏။

"တိုင်းပြည်လေးခုကို မင်းနဲ့ မီးငှက်ဘုရင်လက်ထဲ ငါအပ်ထားခဲ့မှာနော်။ ငါ့ကို စိတ်မပျက်စေနဲ့"

ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

"စိတ်ချပါ၊ ယုအာက ရှေးဟောင်းတိုင်းပြည်တွေကို ကောင်းကောင်းဂရုစိုက်မယ်"

ပိုင်ယုအာ ခေါင်းညိတ်ကာ ပြောလိုက်သည်။

ထို့နောက် ကျွင်းရှောင်ယောက်က ဦးဆောင်ကာ ကျွင်းမိသားစုထံ ပြန်လာခဲ့ကြ၏။

ပန်ဂူနတ်ဘုရားမင်းဆက်မှ သတင်းများကတော့ ထွက်ပေါ်နေဆဲပင်။

ကျွင်းရှောင်ယောက်ကလည်း သူ့သဘောထားကို မထုတ်ဖော်ပါ။

ထိုအတွက် ယခုတစ်ကြိမ်တွင် လူအချို့က ကောလဟာလများကို ရည်ရွယ်ချက်ရှိရှိ ဖြန့်ကြသည်။

၎င်းတို့က ကျွင်းမိသားစုမှ နတ်ဘုရားသားတော်ဟာ ရန်ပန်ကိုကြောက်ရွံ့ပြီး မတိုက်ခိုက်ရဲဖြစ်နေပြီဟု ပြောဆိုကြ၏။

ထိုသို့သော ကောလာဟာလများကို တမင်တကာ ဖြန့်နေသူများက ရန်ပန်၏ နောက်လိုက်များနှင့် ရှေးဟောင်းတော်ဝင်မိသားစုများ ဖြစ်ကြသည်။

၎င်းတို့၏ ရည်ရွယ်ချက်မှာ ကျွင်းရှောင်ယောက်ကို

အယုံအကြည်မရှိကြစေရန် ဖြစ်သည်။

ဟုတ်ပေသည်။ ကျွင်းရှောင်ယောက်က စိန်ခေါ်သူကို ဂရုမစိုက်၍ မတုံ့ပြန်တာဟူ၍ အခိုင်အမာ ယုံကြည်နေကြသူလည်း အများအပြားရှိ၏။

ဤထောက်ခံသူတွေ အများစုကတော့ အမျိုးသမီးများသာ ဖြစ်ကြသည်။

သို့သော်လည်း အမှန်တရားက ဤထောက်ခံသူများ ထင်သည့်အတိုင်းသာ ဖြစ်ချေသည်။

ကျွင်းရှောင်ယောက်ဟာ အချင်းများနေရန် ပျင်းရိ၏။ မကြာမီအချိန်အတွင်း ၎င်းကို ရိုက်နှက်တော့မည်ဆိုလျှင် အဘယ်ကြောင့် အပိုအလုပ်များ လုပ်ရပါမည်နည်း။

ဤသို့ဖြင့် နောက်ထပ်လအနည်းငယ်ကြာသွားသည်။

ကျွင်းရှောင်ယောက်လည်း အသက်ဆယ့်နှစ် နှစ်
ပြည့်သွား၏။

သူဟာ အရပ်ရှည်ပြီး ပိုချောလာသည်။

ဤတွင် ကျွင်းရှောင်ယောက်အတွက်
တစ်ခုတည်းသော စိတ်ပူစရာက
အင်မော်တယ်အရင်းအမြစ် ရှားပါးခြင်း ဖြစ်သည်။

ကျွင်းမိသားစုဟာ သူ့အတွက်
အင်မော်တယ်အရင်းအမြစ် ဆယ်ခုကျော်
ပေးလိုက်သော်လည်း သူ့အတွက်တော့

လုံလောက်ရန်ဝေးကွာနေဆဲပင်။

ကျွင်းရှောင်ယောက်လည်း သူ့အတွက် အရင်းအမြစ်ချို့ငဲ့သည့်နေ့ကို ရောက်ရှိလာတော့မည်ကဲ့သို့ ခံစားလိုက်ရသည်။

"ထာဝရအင်မော်တယ်ခန္ဓာက ရှေးဟောင်းမြင့်မြတ်ခန္ဓာအတွက် အရင်းအမြစ် ပိုသုံးရတာပဲ"

ကျွင်းရှောင်ယောက်လည်း ကူကယ်ရာမဲ့စွာ ခေါင်းခါယမ်းလိုက်သည်။

"အခု လေ့ကျင့်တာကို ခဏရပ်ထားပြီး အရင်းအမြစ်တွေ အရင်ရှာရအောင်"

"ပန်ဝူနတ်ဘုရားမင်းဆက်က အရင်းအမြစ်တချို့ကို

ငါရအောင်ဖန်ရမယ်။ နောက်ပြီး
မင်းသမီးကြီးဖြစ်တာကြောင့် ဝူမင်ယွဲ့မှာ
အရင်းအမြစ်တွေ အများကြီးရှိရမယ်"
ကျွင်းရှောင်ယောက် ရေရွတ်လိုက်သည်။

ဝူမင်ယွဲ့သာ သူတွေးနေတာကိုသိပါက
နှလုံးသားမဲ့သည့် မိစ္ဆာတစ်ကောင်ဟု
ပြောဆိုနေပေလိမ့်မည်။

"ပန်ဝူနတ်ဘုရားမင်းဆက်ကို
သွားရမယ့်အချိန်ရောက်ပြီ၊ ဒီအတွက် တချို့ကို
ကြိုတင်စီစဉ်သွားရမယ်"

"ရှောင်ချန်းနဲ့ ရန်ပန်တို့နှစ်ယောက်စလုံးကို
ငါတွေ့ချင်တယ်၊ ငါ့ကိုကိုက်ချင်တဲ့
ခွေးလေးနှစ်ကောင်၊ အခုတော့ ခွေးလေးနဲ့

ခွေးလေးတို့ ကိုက်ကြတော့မယ်"

ဝူမင်ယွဲ့ကို အကြောင်းပြု၍ ရန်ပန်နှင့် ရှောင်ချန်းတို့ သဘောထားကွဲလွဲမည်မှန်း သူသိ၏။

အချိန်ကျ၍ ကြက်သွန်မြိတ်နှစ်ခု အားပြိုင်ခြင်းကို ကြည့်ရှုရလျှင် အမှန်တကယ် စိတ်ဝင်စားဖို့ ကောင်းလာခဲ့မည် မဟုတ်ပါလား။

-------------

အခန်း ( ၉၆ ) ကြင်ရာရွေးပွဲ စတင်တော့မည်၊ အင်အားစုအသီးသီး ထွက်ခွာလာကြပြီ

နောက်ဆက်တွဲအစီစဉ်များကို စဉ်းစားပြီးနောက်

ကျွင်းရှောင်ယောက်ဟာ ကေရာဇ်ရထားအား ခေါင်းကိုးလုံးခြသေ့်ဆွဲကြီးကိုဆွဲစေကာ ပန်ဝူနတ်ဘုရားမင်းဆက်သို့ တစ်ယောက်တည်း ထွက်လာခဲ့လိုက်သည်။

သူဟာ ကျွင်းကျန်းကျန့်နှင့် ကျွင်းလင်းလုံတို့ကိုပင် မခေါ်ခဲ့ပေ။

အကြောင်းမှာ ဤတစ်ခေါက်တွင် သူတစ်ယောက်တည်း လှုပ်ရှားရမည်ဖြစ်ပြီး လူစုလူဝေးဖြင့် သွားရန်မသင့်သောကြောင့် ဖြစ်သည်။

ကျွင်းမိသားစုမှ ကျွင်းရှောင်ယောက် ထွက်လာသောအချိန်တွင်...

အင်မော်တယ်နယ်မြေကြီး တစ်ခုလုံးသည်လည်း

တဖြည်းဖြည်း လှိုင်းထလာသည်။

လဝက်အကြာတွင် တားမြစ်မြို့တော်၌
ပန်ဝူနတ်ဘုရားမင်းဆက်က
မင်းသမီးကြီးဝူမင်ယွဲ့အတွက် ကြင်ရာရွေးပွဲ
ကျင်းပတော့မည်ဟူသောသတင်းကြောင့်ပင်
အင်မော်တယ်မြေကြီး
လှုပ်လှုပ်ရှားရှားဖြစ်လာတော့သည်။

ထိုပွဲတွင် ပန်ဝူနတ်ဘုရားမင်းဆက်က
အင်မော်တယ်နယ်မြေကြီးတစ်ခုလုံးရှိ
လူငယ်ပါရမီရှင်များကို ဖိတ်ခေါ်မည်ဖြစ်သည်။

ဤသတင်းထွက်လာသည်နှင့် တပြိုင်နက်
တိမ်တိုက်များပင် လွင့်ပါးပျောက်ကွယ်ရသည်အထိ
မရေမတွက်နိုင်သော သဘော်ပျံများ၊ ကေရာဇ်ရထား၊

ရှေးဟောင်းမိုးပျံသားရဲကြီးများဟာ
ပန်ဝူနတ်ဘုရားမင်းဆက်သို့
ဦးတည်သွားကြတော့သည်။

အက်အားကြီးမားသော နတ်ဘုရားမင်းဆက်တစ်ခုမှ
မင်းသမီးကြီးနှင့် လက်ထပ်ခြင်းဟာ
အင်အားစုနှစ်ခုကြား မဟာမိတ်ဖွဲ့လိုက်ခြင်းဆိုက
မှားမည်မဟုတ်ပါချေ။

ထိပ်တန်းအင်အားစုများကလည်း
နတ်ဘုရားမင်းဆက်နှင့်လက်တွဲကာ
အဆင့်သစ်တစ်ခုသို့ တက်လှမ်းလိုကြသည်။

အင်မော်တယ်မိသားစုများ၊
နတ်ဘုရားမင်းဆက်များကတော့
မဟာမိတ်ဖွဲ့စည်းလိုကြ၏။

အင်မော်တယ်မိသားစုဆိုလျှင်ပင်
အင်အားမတောင့်တင်းပါက တခြားအင်အားစုများ၏
ရန်ပြုခြင်းကို ခံကြရနိုင်သည်။

ထို့ကြောင့်ပင် အင်အားစုအသီးသီးက ၎င်းတို့၏
ပါရမီရှင် လုလင်များကို စေလွှတ်ခဲ့ကြသည်။

နတ်ဘုရားမင်းဆက်၏ မင်းသမီးကြီးဟူသော
အနေအထားအပြင် ဝူမင်ယွဲ့ကိုယ်တိုင်ကလည်း
အလွန်လှသည်။ ယင်းကပင် လူငယ်လေးများကို
ကြိုးစားချင်စိတ် ပိုဖြစ်စေကြ၏။

ဤအခြေအနေများဖြင့် ပန်ဝူနတ်ဘုရားမင်းဆက်မှာ
လက်ရှိတွင် အာရုံစိုက်အခံရဆုံး ဖြစ်လာတော့သည်။

သို့သော် တချိန်တည်းမှာပင် သတင်းများ ထပ်မံထွက်ပေါ်လာသည်။

၎င်းက မားကွစ်ကွမ်ကျွင်း ရန်ပန့်ထံမှပင် ဖြစ်နေပြန်၏။

သူဟာ နတ်ဘုရားသားတော်က စိန်ခေါ်မှုအား လက်မခံပါက နောင်တွင် ကျွင်းမိသားစုသို့ ကိုယ်တိုင်လာရောက်စိန်ခေါ်မည်ဟူသော သတင်းဖြစ်သည်။

ဤသတင်းကြီး ထွက်လာသည်နှင့် တပြိုင်နက် လှိုင်းလုံးကြီးများ ဖြစ်ပေါ်လာပြန်တော့၏။

လူအများစုကတော့ ရန်ပန့်ကို အလွန်ရိုင်းစိုင်းသူဟု ပြောဆိုနေကြတော့သည်။

၎င်းက အမှန်တကယ် ကျွင်းမိသားစုသို့
သွားရောက်စိန်ခေါ်ရန်ကြိုးစားနေသည်။

နောက်ဆုံးတစ်ခေါက်ကဆိုလျှင်
ထိုသို့မိုက်မိုက်မဲပြုမူသူ လုံဟောက်ထျန်းဟာ
တခါတည်း အသတ်ခံလိုက်ရသည် မဟုတ်ပါလား။

ထိုအတွက် ကျွင်းရှောင်ယောက်၏ ထောက်ခံသူ
အမျိုးသမီးထုမှာလည်း ဒေါသတကြီး
ဖြစ်ကုန်တော့သည်။

"ဒီရုပ်ဆိုးကောင် ရန်ပန်က
သခင်လေးရှောင်ယောက်ကို မနာလိုနေတာပဲဖြစ်မှာ"

"ဟုတ်ပ၊ သူက သန်မာရင်တောက် ဘာဖြစ်လဲ၊

အခုခေတ်က မျက်နှာကို အဓိကထားတာ မသိဘူးလား"

"နောက်ပြီး သခင်လေးရှောင်ယောက်က ပြိုင်ဘက်ကင်းကို၊ သူက ဘာမို့စိန်ခေါ်နေတာလဲ"

..........

ရှေးဟောင်းမင်းမျိုးနွယ် ကျန်းမိသားစုတွင်...

"အား၊ တော်ပြီ၊ စိတ်တိုလိုက်တာ"

ကောင်မလေးတစ်ယောက်က ခြေဆောင့်ကာ ဒေါသတကြီးဖြင့် အော်ဟစ်လိုက်သည်။ သူ့ကိုယ်ကလေးက ခုန်ပေါက်နေရာ ကျစ်ဆံမြီးကျစ်ထားသော ဆံနွယ်များမှာလည်း

လှုပ်ရှားနေတော့သည်။

သူဟာ စိတ်တိုနေပုံရသော်လည်း
သေးသေးသွယ်သွယ် သူ့ပုံစံက
ချစ်ရာကောင်းနေသည်။

"လော့လီ၊ မင်းကောင်းကောင်း မလေ့ကျင့်ရင်
မိသားစုထဲမှာပဲ အမြဲပိတ်လှောင်ခံရလိမ့်မယ်"
မနီးမဝေးတွင် ကျန်းစန်းယီက
ကျန်းလော့လီကိုကြည့်ကာ ခေါင်းကိုက်သကဲ့သို့
ခံစားလိုက်ရသည်။

"ဟင့်အင်း၊ လော့လီ သည်းမခံနိုင်တော့ဘူး။
အဲဒီရန်ပန်ဆိုတဲ့ကောင်က သတင်းအများတွေလွှင့်ပြီး
အကိုရှောင်ယောက်ကို သိက္ခာချဖို့ကြိုးစားနေတာ"
ကျန်းလော့လီက မျက်နှာဆူပုတ်ပုတ်ဖြင့်

အော်ဟစ်လိုက်သည်။

"ဒီလို ကောလဟာလသတင်းတွေက ဘာများဖြစ်လို့လဲကွယ်၊ တကယ်လို့ ရန်ပန်နဲ့ ရင်ဆိုင်ကြပြီဆိုရင်တောင် ရှောင်ယောက်အတွက် စိတ်ပူစရာမလိုပါဘူး"

ကျန်းစန်းယီက ပြောလိုက်သည်။

ကျွင်းရှောင်ယောက်နှင့် ရန်ပန်၏စိန်ခေါ်ပွဲသတင်းက ဟိုးလေးတကြော်ကြော်ဖြစ်နေရာ ကျန်းမိသားစုတွင်း၌ တံခါးပိတ်ကျင့်ကြံနေရသော ကျန်းလော့ဘီပင် သိခဲ့ရသည်။

"မဟုတ်ဘူး၊ ကျွန်မ ပန်ဂူနတ်ဘုရားမင်းဆက်ကို သွားမယ်"

ကျန်းလော့လီက ပြောလိုက်သည်။

"မင်းက ဘာလုပ်ဖို့လဲ၊ မင်းသမီးရဲ့
ကြင်ယာတော်အတွက် တိုက်ပွဲဝင်ချင်လို့လား"
ကျန်းစန်းယီ ပြုံးကာ ပြောလိုက်၏။

"ကျွန်မက အဲဒီရန်ပန်ဆိုတဲ့ကောင်ကို ဖိနှိပ်ပြီး
သူ့မျက်နှာကို တအားပိတ်နင်းလိုက်မယ်။
ဒီအခါကျရင် အကိုရှောင်ယောက်ကို
သူစိန်ခေါ်နိုင်ဦးမလားဆိုတာ ကြည့်ရသေးတာပေါ့"
ကျန်းလော့လီက အားပါပါဖြင့် ပြောလိုက်သည်။

"အိုး၊ ဒါပဲလား"
ကျန်းစန်းယီက ကျန်းလော့လီစိတ်ကို မြင်နေရဟန်ဖြင့်
အနည်းငယ်ပြုံးလိုက်သည်။

ထိုစကားကိုကြားသောအခါ ကျန်းလော့လီ၏
လှပသောမျက်နှာက အနည်းငယ်နီနေရဲသွားသည်။
သူဟာ ရှက်ကိုးရှက်ကန်းဖြင့် ခေါင်းငုံ့ပြီး
လက်လေးနှစ်ချောင်းကို လိမ်ပတ်လိုက်၏။

"ဟုတ်ပါတယ်၊ အကိုရှောင်ယောက်က
ကြင်ရာတော်ဖြစ်ဖို့ မတိုက်ခိုက်ဘူးဆိုတာသိပေမဲ့
အခြေအနေအရတော့ ညီမ..."
ကျန်းလော့လီ တိတ်ဆိတ်သွားသည်။

သူဟာ ကျွင်းရှောင်ယောက်က
ပန်ဝူနတ်ဘုရားမင်းဆက်သို့သွားကာ ဝူမင်ယွဲ့အတွက်
တိုက်ခိုက်မည်အား စိုးရိမ်နေမိ၏။

နောက်ဆုံးမှာတော့ ဝူမင်ယွဲ့ဟာ
အလွန်ကျော်ကြားသော အလှလေးတစ်ဦး

ဖြစ်နေခဲ့သည် မဟုတ်ပါလား။

"ဒါ မင်းရဲ့ အရေးကြီးဆုံး ရည်ရွယ်ချက်လား"
ကျန်းစန်းယီက ပြုံးကာ ပြောလိုက်သည်။

လက်မထပ်ရသေးသော်လည်း ကျန်းလော့လီဟာ
အစာကိုကာကွယ်နေသော ကြက်ကလေးကဲ့သို့
ဖြစ်လာ၏။

ကျန်းလော့လီလည်း ပို၍ရှက်ရွံ့လာကာ
မျက်နှာတပြင်လုံး နီမြန်းနေတော့သည်။

"ကောင်းပြီ ဒါဆို အမ မင်းကို ခေါ်သွားမယ်"
ကျန်းစန်းယီက အကူညီမဲ့ဟန်ဖြင့်ပြုံးကာ
ကျန်းလော့လီ၏ ခေါင်းလေးကို ညင်သာစွာ

ပုတ်လိုက်သည်။

"ဝေး၊ အမစန်းယီက အကောင်းဆုံးပဲ"

ကျန်းလော့လီ၏မျက်နှာက တောက်ပသော လပြည့်ဝန်းကဲ့သို့ ဝင်းပသွားသည်။

အပေါ်ယံတွင် ပြုံးနေသော်လည်း ကျန်းစန်းယီ၏ နှလုံးသားမှာတော့ ဝမ်းနည်းမှုများ ဖြစ်ပေါ်နေခဲ့ရလေသည်။

'ဒီကောင်မလေးကလည်း ရှောင်ယောက်ကို အရမ်းချစ်နေတာပဲ'

..........

အခြားတစ်ဖက်တွင်... ရှေးဟောင်းမင်းမျိုးနွယ်

ရဲမိသားစု…

မြင့်မားသော တောင်ထိပ်တစ်ခုပေါ်တွင်
အပြာရောင်အဝတ်အစားများနှင့်
ချောမောခန့်ညားမျက်နှာ၊ ဓားသဏ္ဍာန်မျက်ခုံးနှင့်
ကြယ်များကဲ့သို့ မျက်လုံးပိုင်ရှင်
လူငယ်လေးတစ်ယောက် တင်ပျဉ်ခွေထိုင်နေသည်။

သူ့ဦးခေါင်းထက်မှ ကောင်းကင်ယံကား
ညသဖွယ်ဖြစ်နေ၏။

တောက်ကသော ကြယ်မြစ်ကြီးဟာ
အလွန်အန္တရာယ်များသော အရှိန်အဝါများဖြင့်
ခမ်းနားထည်ဝါစွာ စီးဆင်းနေသည်။

ဤလူငယ်ကား ရဲ့ရှင်းယွင်မှလွဲ၍

အခြားသူမဟုတ်တော့ပါချေ။

ကျောင်းရှောင်ယောက်၏ ဆယ်နှစ်ပြည့်မွေးနေ့ပွဲတွင် ကျောင်းရှောင်ယောက်၏ ရက်စက်စွာ ဖိနှိပ်ခြင်းကို ခံရ၍ မျက်နှာပျက်ခဲ့ရသည်။

သို့သော် ကံကောင်းထောက်စွာဖြင့် ရဲ့ရှင်းယွင်အတွက် မှတ်ဉာဏ်တစ်မျိုးကို နိုးကြားစေခဲ့၏။

ထို့နောက်တော့ ရဲ့ရှင်းယွင်ဟာ ပို၍ တည်ငြိမ်လာတော့သည်။ အရင်ကနှင့်မတူဘဲ မောက်မာနိုင်သော စွမ်းရည်ကို ပြသလာခဲ့သည်။

'ပန်ဝူနတ်ဘုရားမင်းဆက်၊ ရန်ပန်ရဲ့ စိန်ခေါ်ပွဲ။ ကျောင်းရှောင်ယောက်ရဲ့ စိတ်နေသဘောထားအရတော့ ရှောင်သွားဖို့ဆိုတာ လုံးဝ မဖြစ်နိုင်ဘူး'

ရဲ့ရှင်းယွင် တွေးရင်း မျက်လုံးကို
အနည်းငယ်မှိတ်လိုက်သည်။

သူ၏ ပင်ကိုယ်စရိုက်က အနည်းငယ်
ပြောင်းသွားသော်လည်း မုန်းတီးမှုက မပြောင်းလဲပေ။

ကျွင်းရှောင်ယောက်ကို လက်စားချေလိုသည်။

ကျန်းလော့လီကိုလည်း သူရယူလို၏။

'ဒီတစ်ခါ ပန်ဝူနတ်ဘုရားမင်းဆက်ကိုသွားရင်
ကျွင်းရှောင်ယောက်ရဲ့ အစစ်အမှန်ခွန်အားကို
တွေ့မြင်နိုင်လိမ့်မယ်'

ရဲ့ရှင်းယွင်လည်း စိတ်ထဲမှ တွေးကာ ဦးလေးဖူအား
ရထားလုံး အသင့်ပြင်ခိုင်းလိုက်တော့သည်။

……

အကန့်အသတ်မရှိ ကျယ်ပြောသော
ရှေးဟောင်းဝိညာဉ်တောင်တန်း…

ဝိညာဉ်တောင်တန်းတစ်ခုလုံးကို မြူခိုးများနှင့်
တိမ်တိုက်များဖြင့် ဝန်းရံထားကာ
အလွန်ကျယ်ပြန့်သော ဧရိယာကို ဖုံးလွှမ်းထားသည်။

အနီရောင်ချောက်ကမ်းပါးများ၊
ထူးဆန်းသောကျောက်တုံးများ၊ တောင်ထိပ်များနှင့်
ရောင်စုံဖီးနစ်ငှက်များလည်း ပျံသန်းသွားလာနေ၏။

တစ်ချက်ကြည့်ရုံဖြင့် တောင်တန်း၏အဆုံးကို

မမြင်ရနိုင်ပေ။

၎င်းက ရှေးဟောင်းဟောင်းတော်ဝင်မိသားစု၊ ဖီးနစ်ဝိညာဉ်တောင်တန်းဖြစ်သည်။

ဖီးနစ်ဝိညာဉ်တောင်တန်းဟာ
အင်အားတောင့်တင်းကြပြီး
ဘိုးဘေးနဂါးသိုက်နှင့်လည်း မဟာမိတ်ဖွဲ့ထား၏။

ထိုအချိန်တွင် တောင်တန်းတစ်ခု၌ အိုမင်းနေသော အသံတစ်ခု ထွက်ပေါ်လာသည်။

"ဟွမ်ရှမ်းရီ၊ ဖုန့်ချင်းလင်... မင်းတို့
ပန်ဝူနတ်ဘုရားမင်းဆက်ကိုသွားတဲ့အခါ ဘာပဲဖြစ်ဖြစ်
ဖီးနစ်ဝိညာဉ်တောင်တန်းကို မျက်နှာမပျက်စေနဲ့"

"ကောင်းပါပြီ အကြီးအကဲ"

ထို့နောက် တောင်တန်းအတွင်းမှ ယောက်ျားတစ်ယောက်နှင့် မိန်းမပျိုတစ်ဦးပုံရိပ်တို့ ထွက်ပေါ်လာသည်။

ကောင်းကင်ထက်တွင်ကား ရွှေရောင်အလင်းရှိသော ဖီးနစ်ငှက်နှစ်ကောင်ဟာ ကေရာဇ်ရထားကို ဆွဲယူလာခဲ့၏။

ပုံရိပ်နှစ်ခုလည်း ထိုထဲသို့ ပြေးဝင်သွားတော့သည်။

"ဒီတစ်ခေါက် ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်ကို တွေ့မြင်နိုင်မှာလား"

ဖုန့်ချင်းလင်က ပြောလိုက်သည်။

"ဘိုးဘေးနဂါးသိုက်ကို ထပ်ခါထပ်ခါ
မျက်နှာပျက်အောင် လုပ်ခဲ့တဲ့ ကျွင်းရှောင်ယောက်က
ဘယ်လိုလူလဲဆိုတာ ငါတကယ်သိချင်မိတယ်"
ဟွမ်ရှမ်းရီလည်း ပြောလိုက်၏။

"ဒါပေမယ့် ငါတို့က လုံဟောက်ထျန်းနဲ့ လုံပိကျစ်
မဟုတ်ဘူး"
ဖုန့်ချင်းလင်က ရယ်မောလိုက်လေသည်။

"ငါတို့ကိုလျှော့တွက်ရင် ကျွင်းရှောင်ယောက်
အများကြီး ခံစားသွားရလိမ့်မယ်"
ဟွမ်ရှမ်းရီကလည်း တည်ငြိမ်စွာပင် ပြောလိုက်သည်။

-------------

အခန်း ( ၉၇ ) မိန်းကလေးချင်းရှမ် လမ်းပြပေးပါ။
တော်ဝင်မြို့တော်အထက်၊ တားမြစ်မြို့တော်ထိပ်၊
အချိန်ကျရင် စောင့်နေပါ

အင်မော်နယ်နယ်မြေကြီးတစ်ခုလုံး
လှုပ်လှုပ်ရှားရှားဖြစ်နေချိန်...

မုန်းတိုင်းဗဟိုမျက်လုံးဖြစ်သော
ကျွင်းရှောင်ယောက်က ပန်ဝူနတ်ဘုရားမင်းဆက်၏
တော်ဝင်မြို့တော်သို့ ရောက်ရှိကာနီးလာသည်။

တည်နေရာရွှေ့ပြောင်း အစီရင်များစွာကို
ကျော်ဖြတ်ခဲ့ပြီးနောက် ပန်ဝူတာအိုစီရင်စုသို့
ရောက်ရှိလာခဲ့၏။

ပန်ဝူနတ်ဘုရားမင်းဆက်၏ တော်ဝင်မြို့တော်ဟာ ပန်ဝူတာအိုစီရင်စု၏ အလယ်ပိုင်းဒေသတွင် တည်ရှိသည်။

ကျွင်းရှောင်ယောက်၏ တခြားအစီစဉ်တစ်ခုအတွက် လဝက်အချိန်ဟာ လုံလောက်မှုရှိသည်။

ထိုအချိန်တွင် ရထားလုံးအပြင်ဘက်မှ ခေါင်းကိုးလုံးခြသေ့၏ အသံကို ကြားလိုက်ရသည်။

"သခင်၊ ပန်ဝူနတ်ဘုရားမင်းဆက်ရဲ့ ပန်ဝူတော်ဝင်မြို့တော်ဟာ အရှေ့မှာပါ"

ထိုစကားကိုကြားသောအခါ ကျွင်းရှောင်ယောက် ကန့်လန့်ကာကို ဖယ်မကြည့်လိုက်၏။

အရှေ့နားတွင် ကြီးကျယ်ခမ်းနားသော

မြို့ကြီးတစ်မြို့က အခိုင်အမာရှိနေသည်။

ရောမမြို့ကြီးတစ်ခုလုံးက ကျယ်ပြောပြီး အကန့်အသတ်မရှိပေ။ မြို့တော်တံတိုင်းကလည်း မျက်စိတစ်ဆုံးရှိနေပြီး မဟာတံတိုင်းကြီးနှင့်ပင် တူလှသည်။

မြို့တော်ထဲမှာတော့ နန်းတော်များ၊ အဆောက်အဦးများရှိကာ လူများကလည်း သွားလာလှုပ်ရှားနေ၏။

နတ်နန်းတော် နတ်သမီးမျှော်စင်ကဲ့သို့ အဆောက်ဦးများကလည်း လေထဲတွင် တည်ရှိနေကြလေသည်။

"ပန်ဝူနတ်ဘုရားမင်းဆက်က တကယ်ကို

အင်မော်တယ်နတ်ဘုရားမင်းဆက်ဆိုတဲ့
ဂုဏ်သတင်းနဲ့ ထိုက်တန်ပါပေတယ်"
ကျွင်းရှောင်ယောက် ခေါင်းညိတ်လိုက်မိသည်။

အင်မော်တယ်မင်းဆက်တစ်ခုစီက တကယ်ကို
မရိုးရှင်းကြပေ။

ထို့ကြောင့်ပင် ကျွင်းမိသားစုနှင့်
ဘိုးဘေးနဂါးသိုက်ကြားတွင် အမုန်းတရားများ
ရှိနေသည့်တိုင် အင်မော်တယ်စစ်ပွဲကို
မစတင်ကြသေးခြင်း ဖြစ်သည်။

တစ်ဖက်အင်အားစုကို အလွယ်တကူ
ချေမှုန်းနိုင်မည်မဟုတ်ကြောင်း နှစ်ဖက်စလုံးက
သိကြ၏။

ဟုတ်ပေသည်၊ အသေချာပြောရလျှင်ဖြင့် ဘိုးဘေးနဂါးသိုက်ဟာ ကျွင်းမိသားစုကို ကြောက်ရသည်။

လက်ရှိတွင် ပန်ဝူနတ်ဘုရားမင်းဆက်က မဟာကေရာဇ်ပန်ဝူ တည်ထောင်ခဲ့စအချိန်ကလောက် မထွန်းတောက်တော့သော်လည်း များစွာကျဆင်းသွားခြင်းမရှိပေ။

ကျွင်းရှောင်ယောက်လည်း ရထားလုံးအတွင်းမှထွက်ကာ ကောင်းကင်မှ ဆင်းသက်လိုက်သည်။
ခေါင်းကိုးလုံးခြင်္သေ့ကြီးကတော့ အနောက်မှလိုက်လာခဲ့၏။

"ခွေးကလေး၊ မင်းက မထင်ပေါ်လွန်းဘူးလား"

ကျွင်းရှောင်ယောက် ပြောလိုက်သည်။

အမှန်တကယ်လည်း ခေါင်းကိုးလုံးခြသေ့်ကြီးဟာ ရွှေရောင်အဆင်းနှင့် တောပ်လွန်း၍ လူအာရုံစိုက်စရာဖြစ်သည်။

ကျွင်းရှောင်ယောက်ဟာ သူ့ကို လူအများက မျောက်ပွဲပြနေသူဟု မထင်စေလိုပေ။

ထို့ပြင် သူလုပ်ချင်သည့် တစ်ချို့ကိစ္စများက လူသိရှင်ကြားလုပ်၍ အဆင်မပြေပါချေ။

"သခင်၊ ခင်ဗျား ကျုပ်ရဲ့ နာမည်အမှန်ကို မခေါ်လို့မရဘူးလား"

ခေါင်းကိုးလုံးခြသေ့်ကြီး ဝမ်းပမ်းတနဲဖြင့်

ပြောလိုက်သည်။

ထို့နောက် သူ့အရွယ်အစားဟာ ကျွင်းရှောင်ယောက်၏ မျက်စေ့ရှေ့မှာတင် သေးငယ်လာသည်။

"အိုး၊ ရှီဗာအီနူ"

(ရှီဗာအီနူ ခွေးတစ်မျိုး)

ဟုတ်ပေသည်။ ကျွင်းရှောင်ယောက်၏ မျက်လုံးမှာတော့ သူဟာ ရှီဗာအီနူနှင့် မခြားနားပါချေ။

ယင်းက အနည်းငယ် ထူးဆန်းကာ ရယ်စရာကောင်းသော ခေါင်းကိုးလုံးပါ ရှီဗာအီနူတစ်ကောင်ဟု ဆိုရမည်။

'ဒါက လမ်းလျှောက်နေတဲ့

ရုပ်ပြောင်အီမိုဂျီတစ်ခုပဲလား'
ကျွင်းရှောင်ယောက် ပြုံးလိုက်မိသည်။

ကျွင်းရှောင်ယောက်ဟာ လက်နှစ်ဖက်ကိုနောက်ပစ်၍
ကိုယ်ပိုင်ခြံဝင်းတွင် လမ်းလျှောက်နေသကဲ့သို့
အေးအေးလူလူ လျှောက်လာခဲ့သည်။

သူဝင်လာသည်ကိုမြင်သော်လည်း အစောင့်များက
မတားဝံ့ပေ။

အကြောင်းမှာ ကျွင်းရှောင်ယောက်၏ မြင့်မြတ်သော
အရှိန်အဝါများကြောင့်ပင် ဖြစ်သည်။

သူ့ခန္ဓာကိုယ်က နတ်အလင်းများ ဖြာထွက်နေကာ
ထူးကဲသာလွန်သော အနေအထားရှိ၏။

၎င်းက ထာဝရအင်မော်တယ်အရိုးကို
သန့်စင်ထားသောကြောင့် ဖြစ်သည်။

ကျွင်းရှောင်ယောက်ကို
အင်မော်တယ်အရှိန်အဝါများက ဖုံးလွှမ်းထား၍
အစစ်အမှန်မဟုတ်သော တည်ရှိမှုတစ်ခုကဲ့သို့
ထင်ရစေသည်။

ထို့ကြောင့် ကျွင်းရှောင်ယောက်ဟာ
အတားအဆီးမှုမရှိဘဲ တော်ဝင်မြို့တော်အတွင်းသို့
ဝင်ရောက်နိုင်ခဲ့သည်။

ကျွင်းရှောင်ယောက် ထွက်သွားသောအခါ
အစောင့်ငယ်တစ်ဦးက သံသယဖြင့် မေးလိုက်သည်။

"ခေါင်းဆောင်၊ ခင်ဗျား သူ့အထောက်အထားကို

စစ်ဆေးဖို့ ဘာဖြစ်လို့ မတားတာလဲ။
မြို့ထဲကိုတင်မယ်ဆိုရင် ဘယ်သူ့ကိုမဆို
စစ်ဆေးဖို့အတွက်
စည်းကမ်းထုတ်ထားတယ်မဟုတ်လား"

"ကောင်လေး၊ မင်းသူ့ကို တကယ်ပဲ တားဝံ့လို့လား။
ဒီလူငယ်ဟာ အင်မော်တယ်တာအိုမိသားစုက
ပါရမီရှိရှင်တစ်ယောက် ဖြစ်နိုင်တယ်။
သူ့ရဲ့အဆင့်အတန်းကလည်း မင်းသမီးကြီးအောက်
မနိမ့်နိုင်ဘူး"
အစောင့်ခေါင်းဆောင်က လေးလေးနက်နက်
ပြောလိုက်သည်။

"အိုး၊ နားလည်ပါပြီ"
အစောင့်လေးလည်း ကြောက်လန့်တကြားဖြင့်
ခေါင်းညိတ်လိုက်တော့သည်။

တော်ဝင်မြို့တော်အတွင်းသို့ ရောက်ရှိသည်နှင့် ကျွင်းရှောင်ယောက်ဟာ အာရုံစိုက်စရာတစ်ခု ဖြစ်လာသည်။

သူ့ကို အင်မော်တယ်အခိုးငွေ့များဖြင့် လွှမ်းခြုံထား၍ တကယ်မရှိဟု ထင်ရစေသော်လည်း သူ့အသွင်ပြင်ကို ဖုံးကွယ်ထား၍ မရပေ။

ငယ်ရွယ်သော မိန်းမပျိုလေးများလည်း ကျွင်းရှောင်ယောက်ကို ကွက်ကြည့်ကွက်ကြည့်ဖြင့် အကဲခတ်လိုက်ကြသည်။

အင်မော်တယ်နယ်မြေကြီးတစ်ခုလုံးတွင် ကျွင်းရှောင်ယောက်ဟူသောနာမည်ကို လူများစွာ ကြားဖူး၏။

သို့သော်လည်း သူ့ကို အမှန်တကယ်မြင်ဖူးသူက တချို့လောက်သာရှိသည်။

ထို့အပြင် အင်အားစုကြီးများမှ ပါရမီရှင်များကလည်း သူကဲ့သို့သော အင်မော်တယ်အငွေ့အသက်များ ရှိတတ်ကြသည်။

ထို့ကြောင့် အင်မော်တယ်အလင်းများကို မြင်တွေ့ရတိုင်း ကျွင်းရှောင်ယောက်ဟု သတ်မှတ်မရပါချေ။

ထိုအချိန်တွင် မိုးပြာရောင်ဝတ် မိန်းမပျိုလေးတစ်ယောက်က နေရာတွင်ရပ်ကာ ချီတုံချတုံဖြစ်နေသည်။ သို့သော်လည်း နောက်ဆုံးတွင် အံကြိတ်ပြီး ကျွင်းရှောင်ယောက်ထံ

လျှောက်လာခဲ့လိုက်၏။

"သခင်လေးကိုကြည့်ရတာ နတ်ဘုရားမင်းဆက်ကို ပထမဆုံးအကြိမ်ရောက်လာတာထင်တယ်။ ဒီလိုဆိုရင် ချင်ရွှမ်က အခြေအနေတွေကိုရှင်းပြရင်း လမ်းပြပေးနိုင်ပါတယ်"

ချင်ရွှမ်အမည်ရှိသော မိန်းကလေးက စိုးရွံ့ဟန်ဖြင့် ပြောလိုက်သည်။

သူဟာ အင်အားစုကြီးများမှ ပါရမီရှင်များကို ကြုံဆိုဖူးသော်လည်း ကျွင်းရှောင်ယောက်ကဲ့သို့ လျှို့ဝှက်ဆန်းကျယ်သူကိုတော့ ပထမဆုံးအကြိမ် ကြုံဆိုခဲ့ဖူးခြင်း ဖြစ်သည်။

ကျန်အမျိုးသမီးကျင့်ကြံသူများမှာလည်း တွန့်ဆုတ်နေပြီး မည်သူမျှ အနားမကပ်ဝံ့ကြပေ။

"အိုး"

မိန်းကလေးကို လှည့်ကြည့်မိသောအခါ
ကျွင်းရှောင်ယောက်က အနည်းငယ်
မျက်ခုံးပင့်လိုက်မိသည်။

ချင်ရွှမ်က အသက် ဆယ့်ငါးနှစ်၊ ဆယ့်ခြောက်နှစ်သာ
ရှိသေးသော်လည်း ကောင်းကင်တံတားနယ်ပယ်
ကြီးမားသော ပြီးပြည့်စုံခြင်းအဆင့်တွင် ရှိ၏။

ယင်းကိုသတိပြုမိသော်လည်း ကျွင်းရှောင်ယောက်က
ဘာမျှမပြောပေ။

"ကောင်းသားပဲ၊ ဒါဆိုရင်လည်း လမ်းပြပေးပါဦး"
ကျွင်းရှောင်ယောက်က နတ်အရင်းမြစ်တစ်ခုကို

ထုတ်ပေးလိုက်သည်။

ယင်းက လမ်းသွားလမ်းလာ လူစုကို အံ့သြသွားစေခဲ့၏။

"အိုး၊ နတ်အရင်းအမြစ်ကိုတောင် အလွယ်တကူ ထုတ်ပေးနိုင်တယ်၊ ဒီသခင်လေးက ချမ်းသာလှချေလား"

"သူက အင်မော်တယ်မိသားစုက ဆင်းသက်လာတဲ့ သခင်လေးပဲဖြစ်ရမယ်။ အဲဒီကောင်မလေးကို မနာလိုလိုက်တာ"

အံ့အားသင့်နေသံများနှင့်အတူ တွန့်ဆုတ်နေခဲ့သော အမျိုးသမီး ကျင့်ကြံသူများမှာ မနာလိုဖြစ်၍ ခြေဆောင့်ကုန်ကြသည်။

ချင်ရွှမ်လည်း ကျွင်းရှောင်ယောက်ကို
လေးစားဟန်ဖြင့် ကြည့်လိုက်သည်။

ကျွင်းရှောင်ယောက်၏ မျက်နှာအမူအရာကတော့
အပြောင်းအလဲမရှိပေ။ သူ့တွင် သုံးစွဲစရာဟူ၍
ထိုအရင်းအမြစ်များသာ ရှိသည်။

"သခင်လေး၊ ရှင့်ကို နောက်ဆုံးသတင်းတစ်ခု
ပြောရဦးမယ်။ ရက်အနည်းငယ်အတွင်း
နတ်ဘုရားမင်းဆက်က မင်းသမီးကြီးရဲ့ ကြင်ရာရွေးပွဲ
ကျင်းပတော့မှာလေ"

"နောက်ပြီး တားမြစ်မြို့တော်ထိပ်မှာ ကျွင်းမိသားစုက
နတ်ဘုရားသားတော်နဲ့ ရန်ပန်တို့ရဲ့ တိုက်ပွဲလည်း
ရှိသေးတယ်"

"ကျွန်မကြားတာတော့ ကျွင်းမိသားစုရဲ့
နတ်ဘုရားသားတော်က အရမ်းချောပြီး
ပြိုင်ဘက်ကင်းစွမ်းရည်ရှိတယ်ဆိုပဲ"

ကျွင်းရှောင်ယောက်အကြောင်းကို ပြောသောအခါ
ချင်ရွှမ်၏ လှပသောမျက်လုံးများ၌ တောင့်တမှုများ
ဖြစ်ပေါ်လာသည်။

နောက်ဆုံးမှာတော့ ကျွင်းရှောင်ယောက်ဟာ
အင်မော်တယ်နယ်မြေကြီးရှိ မိန်းကလေးများ၏
နှလုံးသားထဲမှ အိပ်မက်တစ်ခု ဖြစ်နေခဲ့ချေပြီ။

ထိုစကားကိုကြားသောအခါ
ခေါင်းကိုးလုံးခြသေ့ကြီး၏ မျက်လုံးများတွင်
ထူးဆန်းသောအကြည့်များ ဖြစ်ပေါ်လာသည်။

သူ့ဘေးနားက ဤလူငယ်သာ ကျွင်းရှောင်ယောက်မှန်းသိလိုက်ပါက ဤမိန်းကလေး မေ့လဲသွားသည်အထိ စိတ်လှုပ်ရှားသွားမည်လော။

သို့သော်လည်း ဆန့်ကျင်ဘက်အနေဖြင့် ရန်ပန့်အကြောင်း ပြောသောအခါ သူ့အမူအရာက သိပ်မကောင်းတော့ပေ။

သူတို့ကြားတွင် အမုန်းတရားများ ရှိနေပုံရသည်။

ကျွင်းရှောင်ယောက်က ပေါ့ပေါ့ပါးပါးပြုံးကာ ပြောလိုက်သည်။

"တကယ်လို့ ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က သဘောတူခဲ့ရင် ဘယ်သူအနိုင်ရဖို့ မျှော်လင့်လဲ"

ထိုစကားကိုကြားသောအခါ ချင်ရှမ်မျက်လုံး၌ မှုန်းတီးမှုများ ပြည့်နှက်လာကာ ချက်ချင်း ပြောလိုက်သည်။

"ချင်ရှမ်ကတော့ ရန်ပန်နဲ့ကို ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က သတ်ပစ်လိုက်ဖို့ မျှော်လင့်တယ်"

ထိုအခါ ကျွင်းရှောင်ယောက်မျက်လုံး၌ ထူးခြားသောအကြည့်များ ဖြစ်ပေါ်လာကာ မေးလိုက်သည်။

"ငယ်ငယ်ရွယ်ရွယ်နဲ့ ကောင်းကင်တံတားနယ်ပယ် ကျင့်ကြံခြင်းအခြေခံရှိထားပုံအရ မင်းရဲ့နောက်ခံကလည်း မရိုးရှင်းလောက်ဘူး မဟုတ်လား။ ဘယ်လိုဖြစ်ပြီး အခုလိုဖြစ်နေရတာလဲ"

ချင်ရွှမ်က လက်ဆီးဆုပ်ကာ ပြောလိုက်သည်။

"ကျွန်မအဖေက ထျန်းဟော်အိမ်တော်က
ချင်ထျန်းဟော်ပါ"

"ကျွန်မအမေကတော့ နတ်ဘုရားမင်းဆက်ရဲ့
မိန်းမလှတစ်ဦးပေါ့၊ နောက်ပိုင်းတော့ ရန်ပန်က
အမေ့ကိုတွေ့ပြီး သူ့ရဲ့ကိုယ်လုပ်တော်
ဖြစ်စေချင်ခဲ့တယ်။ ဒါပေမဲ့ အဖေက လက်မခံတော့
အဖေ့ကို သတ်ပစ်လိုက်တယ်လေ၊ ကျွန်အမေလည်း
ဒီလိုနဲ့ သေခဲ့ရတယ်"

"အဲဒီနောက်တော့ အိမ်တော်တစ်ခုလုံး မပြိုကျပေမဲ့
ဒီလိုအခြေအနေကို ကျွန်မရောက်သွားတာပဲ"
ချန်ရွှမ်က မုန်းတီးမှုအပြည့်ဖြင့် ပြောလိုက်သည်။

"ဒီလိုကိစ္စတွေ ရှိသေးတာပဲ"

ကျွင်းရှောင်ယောက်  အနည်းငယ်
ခေါင်းညိတ်လိုက်မိသည်။

သူက အရမ်းတော့ မသနားမိပေ။ နောက်ဆုံးမှာတော့
ကမ္ဘာပေါ်တွင် သနားစရာလူများ အများကြီးရှိသည်။

"တောင်းပန်ပါတယ်၊ ကျွန်မရဲ့
ကိုယ်ရေးကိုယ်တာကိစ္စတွေကိုပြောခဲ့တာက
သခင်လေးကို မပျော်မရွှင်ဖြစ်စေခဲ့ပြီ"

ချင်ရွှမ်လည်း အားလျော့စွာပြုံး၍ ခေါင်းငုံ့ကာ
ပြောလိုက်သည်။

"မင်းလက်စားချေချင်လား"

ကျွင်းရှောင်ယောက်က မေးလိုက်၏။

"လက်စားချေဖို့၊ ရန်ပန်က နတ်ဘုရားမင်းဆက်ရဲ့ ထိပ်တန်းပါရမီရှင်တစ်ယောက်ပဲလေ။ သူ့ကို ဘယ်သူက လက်စားချေနိုင်မှာလဲ”

ချင်ရှွမ်က ခါးသီးစွာဖြင့် ပြောလိုက်သည်။

"တော်ဝင်မြို့တော်အထက်၊ တားမြစ်မြို့တော်ထိပ်၊ အချိန်အခါကျရင် မင်းစောင့်နေပါ"

ကျွင်းရှောင်ယောက်က ပေါ့ပေါ့ပါးပါးပြောဆိုကာ အရှေ့မှလျှောက်သွားသည်။

ကျွင်းရှောင်ယောက်၏ နောက်ကျောကိုကြည့်ကာ ချင်ရှွမ်လည်း အံ့သြသွား၏။

ကျွင်းရှောင်ယောက်က ဘာကိုဆိုလိုမှန်း သူတကယ် နားမလည်ခဲ့ပေ။

-------------

အခန်း ( ၉၈ ) ကောင်းကင်ကုချင်းဂိုဏ်းမှ
ကုချင်းမိန်းမပျို၊ တတိယမင်းသားအတွက်
သေသပ်သော အစီစဉ်၊ ဖုန့်ချင်းလင်း လာပြီ

ချင်ရှွမ်၏ ရှင်းပြမှုဖြင့် ကျွင်းရှောင်ယောက်ဟာ
တော်ဝင်မြို့အတော်အကြောင်းကို
နားလည်လာခဲ့သည်။

"ဒါထက် ဒီတော်ဝင်မြို့တော်မှာ
အရင်းအမြစ်ကျောက်တွေ ရနိုင်တဲ့နေရာကိုသိလား"
ကျွင်းရှောင်ယောက် မေးလိုက်သည်။

"အရင်းအမြစ်ကျောက်လား"

ချင်ရှမ်က ကျွင်းရှောင်ယောက်ကို ထူးခြားသော မျက်နှာအမူအရာဖြင့် ကြည့်လိုက်၏။

အဓိပ္ပာယ်ကား သိသာသည်။

နတ်အဆင့် အရင်းအမြစ်ကိုပင် ထုတ်ပေးနိုင်သူ သခင်လေးတွင် အမှန်တကယ် အရင်းအမြစ်ကျောက်များ ရှားပါးနေသလော။

"ငါပြောတာက အင်မော်တယ်အရင်းအမြစ်ပါ"

ကျွင်းရှောင်ယောက် ပြောလိုက်သည်။

"အင်မော်တယ်အရင်းအမြစ်လား"

ချင်ရှမ် အနည်းငယ် အံ့သြသွားသည်။

သူမ၏ အဆင့်အတန်းအရ နတ်အဆင့်
အရင်းမြစ်တစ်ခု ရရှိခြင်းပင် ကံကောင်းမှုတစ်ခု
ဖြစ်နေခဲ့ချေပြီ။

ထို့ကြောင့် အင်မော်တယ်အရင်းအမြစ်အကြောင်းကို
တခါမျှ မတွေးခဲ့ဖူးပေ။

"ဟုတ်တာပေါ့၊ အခုမှ မှတ်မိတယ်။
ရက်အနည်းငယ်ကြာရင် ကောင်းကင်ကုချင်းဂိုဏ်းရဲ့
ပါရမီရှင်၊ ကောင်းကင်ကုချင်းသခင်မလေးက
ကျောက်စိမ်းအင်မော်တယ်မျှော်စင်မှာ ဂီတပြိုင်ပွဲကို
ကျင်းပတော့မှာပါ"

"ကုချင်းပညာမှာ ကောင်းကင်ကုချင်းသခင်မလေးကို
အနိုင်ယူနိုင်သ၍ အင်မော်တယ်အရင်းအမြစ်သုံးရာကို

ဆုချီးမြှင့်လိမ့်မယ်"

ချင်ရှွမ်က ရုတ်တရက် ပြောလိုက်သည်။

ယင်းကိုကြားသောအခါ ကျွင်းရှောင်ယောက်

အနည်းငယ် အံ့သြသွား၏။

ထိပ်တန်း ဂီတတာအို

ကောင်းကင်ကုချင်းဂိုဏ်းအကြောင်းကို

သူကြားဖူးသည်။

တခါက ကောင်းကင်ကုချင်းဂိုဏ်းချုပ်ဟာ

သူတော်စင်ဘုရင် လေးယောက်ကို ကုချင်းသံစဉ်ဖြင့်

သတ်ဖြတ်ခဲ့ဖူးသည်။ ထိုတိုက်ပွဲဟာ

ကောင်းကင်ကုချင်းဂိုဏ်းကို

အလွန်ကျော်ကြားစေသော တိုက်ပွဲတစ်ခုဆိုက

မမှားပေ။

ကောင်းကင်ကုချင်းမိန်းကလေးက
အလွန်လှပရုံသာမကဘဲ ကောင်းကင်ကုချင်းဂိုဏ်း၏
ထိပ်တန်းသမီးတော်လည်း ဖြစ်သည်။

"ကောင်းကင်ကုချင်းဂိုဏ်းရဲ့
ထိပ်တန်းတာအိုဝါဒီတစ်ယောက်ကတောင်
အင်မော်တယ်အရင်းအမြစ် သုံးရာကို
ထုတ်ပေးနိုင်တဲ့အထိ ချမ်းသာတာလား"
ကျွင်းရှောင်ယောက် အံ့သြသွားသည်။

"သခင်လေးမသိလို့နော်၊
အဲဒီအင်မော်တယ်အရင်းအမြစ်တွေကို
သူ့နောက်လိုက်တွေက စုစည်းထားတာ။
အလုံးစုံရတနာကုန်သည်အသင်းရဲ့ သခင်လေး၊
ပန်ဝူနတ်ဘုရားမင်းဆက်ရဲ့ တတိယမင်းသား၊

စသည်ဖြင့်ပေါ့"

"နေပါဦး၊ မင်းပြောတာ ပန်ဝူနတ်ဘုရားမင်းဆက်ရဲ့
တတိယမင်းသားက သူ့ရဲ့
နောက်လိုက်တစ်ယောက်လား"

ကျွင်းရှောင်ယောက်
မျက်လုံးအရောင်လက်သွားသည်။

"အမှန်ပဲ၊ အဲဒီကောင်မလေးက မာနကြီးသလို
တကယ့်ရေခဲတုံးကြီးလို အေးစက်တယ်။
တတိယမင်းသားတောင် သူ့နောက်လိုက်ဖြစ်ဖို့
ခက်ခက်ခဲခဲ ကြိုးစားခဲ့ရတာ"

ချင်ရှွမ် ပြောလိုက်သည်။

ရင်းက လျှို့ဝှက်ချက်ကြီးမဟုတ်ဘဲ
လူအတော်များများသိ၏။

'ငါ့ရဲ့ ကုချင်းပညာကျွမ်းကျင်မှုက ဒီလောက် မဟုတ်ပေမဲ့ ခပ်ညံ့ညံ့တော့ မဟုတ်ဘူး။ ဒါကို ငါကိုင်တွယ်လို့ ရလောက်တယ်'

'အားလုံးက ငါ့စီစဥ်ထားတဲ့အတိုင်းဖြစ်လာရင် ပန်ဝူဂူဗိမ္မာန်ကိစ္စလည်း တည်ငြိမ်ပြီ' ကျွင်းရှောင်ယောက် ပြုံးလိုက်သည်။

အင်မော်တယ်မင်းဆက်ကို လှည့်စားရန်က လွယ်ကူသောကိစ္စတစ်ခု မဟုတ်ပါ။

သို့သော်လည်း ကျွင်းရှောင်ယောက်အတွက်ကတော့ မခက်ခဲနိုင်ပါချေ။

'ဝူမင်ယွဲ့က ပထမနယ်ရုပ်ဆိုရင်
ပန်ဝူနတ်ဘုရားမင်းဆက်ရဲ့ တတိယမင်းသားက ငါ့ရဲ့
ဒုတိယ ပွန်းရုပ်လေးပဲ'
ကျွင်းရှောင်ယောက်စိတ်ထဲတွင် တွေးလိုက်သည်။

အချိန်များ တရွေ့ရွေ့ကုန်လွန်လာခဲ့သည်။

နတ်ဘုရားမင်းဆက်၏
တော်ဝင်မြို့တော်ကြီးသည်လည်း ပို၍
စည်ကားသက်ဝင်လာသည်။

ထိပ်တန်းအင်အားစုများမှ
လူငယ်ပါရမီရှင်များကိုလည်း နေ့စဉ်
မြင်တွေ့လာရ၏။

ဝူမင်ယွဲ့၏ ကြင်ရာရွေးပွဲနှင့် ရန်ပန်၏စိန်ခေါ်ပွဲမတိုင်မီ

ရက်အနည်းငယ်သာ လိုတော့သည်။

ထို့ပြင် လူတို့ကို အနည်းငယ်လှုပ်ရှားစေသော
နောက်ထပ်အရာတစ်ခု ရှိနေပါသေးသည်။

၎င်းက ကောင်းကင်ကုချင်းဂိုဏ်းမှ
ပါရမီရှင်မိန်းကလေး၏ ကုချင်းပညာပြိုင်ပွဲဖြစ်သည်။

ဤ ကောင်းကင်ကုချင်းမိန်းမပျိုကို
အင်မော်တယ်နယ်မြေကြီး၌ ထိပ်တန်း
အလှလေးတစ်ယောက်ဟု သတ်မှတ်နိုင်သည်။

သို့သော်လည်း သူမသည် ရေခဲပြင်ကဲ့သို့
မိန်းကလေးတစ်ယောက်ဖြစ်၍
ဆန့်ကျင်ဘက်အမျိုးသားများနှင့် ရင်းနှီးစွာ
နေလေ့မရှိပေ။

ကုချင်းတာအိုသာလျှင် သူမ၏ စိတ်ဝင်စားမှုကို နှိုးဆွနိုင်သည်။

သို့သော် ကုချင်းတာအိုလှျောက်လှမ်းသူကား အလွန်ရှား၏။
အင်မော်တယ်နယ်မြေကြီးတစ်ခုလုံးတွင် လူငယ်ဘယ်နှစ်ယောက်က ကုချင်းတာအိုတွင် ထင်ပေါ်မှုရှိသနည်း။

ထို့ကြောင့်ပင် မည့်သည့်လူငယ်ကိုမျှ စိတ်မဝင်စားခဲ့ခြင်း ဖြစ်သည်။

တချို့က ထိုအကြောင်းကိုပင် ဟာသလုပ်ခဲ့သည်။

အကယ်၍ ကောင်းကင်ကုချင်းမိန်းမပျိုကို

ရယူနိုင်သူရှိခဲ့ပါက အနီအမျိုးကောင်းသားသည်
ကုချင်းတာအိုနတ်ဘုရားသာ ဖြစ်ရမည်။

……

ကျောက်စိမ်းအင်မော်တယ်မျှော်စင်ဟာ
နတ်ဘုရားမင်းဆက်၏ တော်ဝင်နန်းတော်ရှိ
အဖိုးတန်ဆုံး ဗိမ်ခံအအဆောက်ဦးတစ်ခု ဖြစ်သည်။

ကျောက်စိမ်းအင်မော်တယ်မျှော်စင်ကို
ဝင်ရောက်လိုပါက အဆင့်နိမ့်
နတ်အရင်းမြစ်ဆယ်ခုကို ပေးကြရပေမည်။

ဤနေရာဟာ အလွန်ခမ်းနားကြီးကျယ်ပြီး
အဖိုးတန်သောကြောင့်
အင်အားတောင့်တင်းသူများသာ ဝင်ရောက်နိုင်စွမ်း

ရှိကြသည်။

ယနေ့ ကျောက်စိမ်းအင်မော်တယ်မျှော်စင်၏ အပေါ်ဆုံးထပ်တွင် အတော်သာယာမှုရှိနေသည်။

လူငယ်ပါရမီရှင်များကလည်း ဤနေရာတွင် လာရောက်စုဝေးကြ၏။

အကြီးဆုံးမင်းသမီး၏ ကြင်ရွေးချယ်ပွဲမှလွဲ၍ ဤကုချင်းပြိုင်ပွဲဟာ အခမ်းနားဆုံးပွဲဟု ဆိုနိုင်သည်။

ဤနေရာသို့ လူငယ်ပါရမီရှင်များစွာ လာရောက်ကြရာ မျိုးမျိုးသော အရှိန်အဝါများဖြင့် တောက်ပနေတော့သည်။

ထိုအချိန် အဖိုးတန် အနီရောင်ဝတ်
လူငယ်တစ်ယောက်က အထူးထိုင်ခုံတွင်
ထိုင်နေသည်။

၎င်းက ချောမောခန့်ညားသော မျက်နှာ၊
တည်ငြိမ်သော အသွင်အပြင်နှင့်
ပန်ဝူနတ်ဘုရားမင်းဆက်၏
တတိယမင်းသားဖြစ်သည်။

ဤအခိုက်တွင် တတိယမင်းသားက စင်မြင့်ပေါ်ကို
လွမ်းဆွတ်မှုများဖြင့်ကြည့်လိုက်၏။

စင်မြင့်ပေါ်မှာတော့ မြူတိမ်များက တလိပ်လိပ်
ထွက်ပေါ်လျက်ရှိသည်။

စင်အလယ်၌ ကျက်သရေရှိသော မျက်နှာဖြင့်

အနီရောင်ပန်းဂါဝန်ကြီးကို ဝတ်ဆင်ထားသော မိန်းမပျိုတစ်ဦး ထိုင်နေသည်။

သူမ အသားရေက ချောမွတ်ကာ မျက်နှာလေးကလည်း လှပသည်။

သူမ အရှေ့တွင်ကား ကုချင်းတစ်လက်ကို တည်ငြိမ်စွာချထား၏။

ဤမိန်းကလေးသည်ကား သဘာဝအတိုင်း ကောင်းကင်ကူချင်းဂိုဏ်း၏ ပါရမီရှင်သမီးပျို ဖြစ်တော့သည်။

မြူခိုးများအလယ်တွင် ကုချင်းတစ်လက်နှင့်ထိုင်နေသော သူမအသွင်ဟာ အင်မော်တယ် နတ်သမီးတစ်ပါးကဲ့သို့ ထင်ရစေသည်။

ဤအခိုက်အတန့်တွင် ဖြူစင်သွယ်လျသော သူမ၏လက်များက ဆူးကျောက်စိမ်းကဲ့သို့ ကုချင်းကြိုးများကို ဖြည်းညှင်းစွာ လှုပ်ရှားစေရင်း စတင်တီးခတ်လိုက်သည်။  ကုချင်းသံဟာ စမ်းရေစီးသံကဲ့သို့ ညိမ့်ညောင်းစွာထွက်ပေါ်လာကာ မျှော်စင်တပိုက်တွင် ပျံသန်းရန်ပင် နတ်ငှက်များကို ဆွဲဆောင်ခဲ့၏။

"ဒီသီချင်းမျိုးက ကောင်းကင်မှာသာ ကြားရနိုင်တယ်၊ ဒါမျိုးကို ဒီကမ္ဘာထဲမှာ ကြားရဖို့က တကယ်မလွယ်ဘူး"

တတိယမင်းသားက ကျေနပ်အားရစွာဖြင့် ချီးကျူးလိုက်သည်။

ကုချင်းမိန်းမပျို၏ ဆွဲဆောင်မှုမှာ

သူမ၏အသွင်အပြင်သာမကဘဲ အရိုးများအတွင်းမှ
ထွက်ပေါ်လာသည့်
စိတ်နေသဘောထားလည်းပါသည်။

"နတ်သမီးရဲ့သံစဉ်နဲ့ ကမ္ဘာမြေကို ဆေးကြောပါ"
ချောမောခန့်ညားသော
သခင်လေးတစ်ယောက်ကလည်း
သက်ပြင်းချလိုက်၏။

၎င်းက အလုံးစုံရတနာ ကုန်သည်အသင်းမှ
သခင်လေးဖြစ်သည်။

အလုံးစုံရတနာကုန်သည်အသင်းက
အင်မော်တယ်နယ်မြေကြီးတွင် လူသိများသော
ကုန်သည်အသင်းဖြစ်ပြီး ခိုင်မာသော ခွန်အားနှင့်
မိတ်ဆွေအပေါင်းအသင်းပေါသည်။

ဤအင်မော်တယ်အရင်းမြစ် သုံးရာတွင်လည်း အများစုက သူပေးခဲ့ခြင်းသာ ဖြစ်သည်။

ဟုတ်ပေသည်။ ဤအတွက် သူနာကျင်ရသော်လည်း ကုချင်းမိန်းမပျို ပြိုးရယ်စေရန်အတွက် ထုတ်ပေးခဲ့ခြင်း ဖြစ်သည်။

ကုချင်းမိန်းမပျိုကို ပြိုးရယ်စေရန် ပြုလုပ်ရန်က အလွန်ခက်ခဲ၏။

သူမကို ပုံစံတစ်မျိုးပြောင်းစေရန်က ကောင်းကင်ဘုံကို တက်ရသည်ထက် များစွာပို၍ခက်ခဲသည်။

ထိုအချိန်တွင် အဝေးမှ တောက်ပသော ရွှေရောင်အလင်းနှင့် ဖီးနစ်တစ်ကောင်

ထွက်ပေါ်လာသည်။ ဖီးနစ်ငှက် ရထားတစ်စီးကို ကျောက်စိမ်းအင်မော်တယ်မျှော်စင်ဆီသို့ ဆွဲလာခဲ့၏။

ဖီးနစ်ငှက်ကိုမြင်သောအခါ မျှော်စင်ထိပ်မှ ပါရမီရှင်အားလုံး အံ့သြသွားခဲ့ကြသည်။

"ဒါ… အလုံးစုံ ဖီးနစ်ဝိညာဉ်တောင်တန်းက ဖီးနစ်ငှက်ပဲ။ ဒါက အလုံးစုံ ဖီးနစ်ဝိညာဉ်တောင်တန်းကနေ ဆင်းသက်လာသူပဲလား"

အားလုံးဟာ အလွန်အံ့အားသင့်နေခဲ့ကြသည်။

ထိုစဉ် ရထားရပ်သွားပြီး အတွင်းမှ ချောမောခန့်ညားသော လူတစ်ယောက် ထွက်ပေါ်လာသည်။

သူ့နောက်ကျောမှာတော့ လှပသော
တောင်ပံတစ်စုံရှိ၏။

၎င်းက ဖုန့်ချင်းလင်သာ ဖြစ်တော့သည်။

သူနှင့် ဟွမ်ရှမ်းရီဟာ နတ်ဘုရားမင်းဆက်သို့
တော်ဝင်မြို့တော်သို့ ရောက်သည်နှင့် တပြိုင်နက်
ကုချင်းပြိုင်ပွဲအကြောင်းကို ကြားလိုက်ရသည◌်

ဖုန့်ချင်းလင်ကလည်း ဤအပိုင်းတွင်
တတ်မြောက်ကျွမ်းကျင်ရာ
ကြိုးစားကြိုးရန်ရည်မှန်းကာ ဝင်ရောက်လာတော့၏။

ကုချင်းမိန်းမပျိုက သူ့ကို တစ်ချက်သာကြည့်ပြီး

ထပ်မကြည့်တော့ပေ။

ထိုသခင်လေးများက ခွန်အားကြီးမားသော်လည်း သူ့ကိုယ်၌က အားမနည်းပါ။

အချိန်များ တရွေ့ရွေ့ကုန်လွန်လာကာ ပြိုင်ပွဲစတင်ရန် အချိန် နီးကပ်လာ၏။

ထိုအခိုက်တွင် အဖြူရောင်ဝတ်စုံဖြင့် တည်ငြိမ်ခန့်ညားသော ပုံရိပ်တစ်ခုဟာ အဆောက်အဦးရှေ့သို့ ရောက်လာခဲ့တော့သည်။

-------------

အခန်း ( ၉၉ ) တိုက်ပွဲစတင်စတင်ချိန်၊

ဖုန့်ချင်းလင်ရှုံးနိမ့်သွားသည််

"သခင်လေး၊ ကျွန်မတို့ တကယ်ဝင်ချင်နေတာလား"

ကျွင်းရှောင်ယောက်အနောက်သို့ လိုက်လာခဲ့သော
ချင်ရွှမ်ဟာ
ဇိမ်ခံကျောက်စိမ်းအင်မော်တယ်
မျှော်စင်ကြီးကိုကြည့်ရင်း အနည်းငယ်
တွန့်ဆုတ်သွားသည်။

သူမဟာ ဤကဲ့သို့ မြင့်မြတ်သောနေရာတစ်ခုကို
တခါမျှ မရောက်ခဲ့ဖူးပါ။

"မင်းမဝင်ရင် ကုချင်းပြိုင်ပွဲမှာ
ဘယ်လိုပါဝင်နိုင်မှာလဲ"

ကျွင်းရှောင်ယောက် ပြုံးလိုက်သည်။

ထို့နောက် နတ်အရင်းမြစ်တစ်ခုကိုထုတ်ယူကာ
မျှော်စင်စောင့် အစေခံလေးအား ပစ်ပေးလိုက်၏။

အစေခံလေးလည်း အံ့အားသင့်သွားကာ
ကျွင်းရှောင်ယောက်တို့ကို မတားဝံ့တော့ပါချေ။

ချင်ရှမ် အနည်းငယ် ခေါင်းညိတ်လိုက်သည်။

သူဟာ ကျွင်းရှောင်ယောက်က
ကောင်းကင်ကုချင်းမိန်းမပျိုကို နှစ်သက်နေသည်ဟု
မှတ်ယူထားလိုက်ခြင်း ဖြစ်သည်။

ကုချင်းပြိုင်ဆိုင်ရန်အတွက်လား။

ထိုအကြောင်းကိုတော့ ချင်ရွှမ်ဟာ တွေးပင်
မတွေးခဲ့ပေ။

မကြာမီ ကျွင်းရှောင်ယောက်နှင့် ချင်ရွှမ်က
မျှော်စင်အပေါ်ဆုံးထပ်သို့ ရောက်ရှိလာသည်။

ကျွင်းရှောင်ယောက် ဝင်ရောက်လာသည်နှင့်
လူများအာရုံကို သဘာဝအတိုင်း ဆွဲဆောင်သွား၏။

သူ့ထံမှ ထွက်ပေါ်နေသော ကျက်သရေအမျိုးစား
အထူးအရှိန်အဝါတစ်မျိုးကြောင့်
လူများသတိမပြုမိရန် မဖြစ်နိုင်ပေ။

"ဒီလောက် အံ့ဩစရာကောင်းတဲ့ အရှိန်အဝါရှိတာ
ဘယ်သူများပါလိမ့်"

"ဘာလို့ အင်မော်တယ်တစ်ပါး လောကကြီးထဲကို ဆင်းသက်လာသလို ခံစားရတာလဲ"

စွမ်းအားကြီးသော သခင်လေးများနှင့် ပါရမီရှင်များ မျက်လုံးများတွင်လည်း ထူးဆန်းသောအရိပ်အငွေ့များ ဖြစ်ပေါ်လာသည်။

တတိယမင်းသားနှင့် အလုံးစုံရတနာ ကုန်သည်ကြီးများအသင်း သခင်လေးတို့လည်း အံ့အားသင့်သွားကြ၏။

အထူးသဖြင့် တတိယမင်းသား၏ မျက်လုံးထဲတွင် အံ့ဩမှုနှင့် သတိထားနေသော အငွေ့အသက်များ ဖြစ်ပေါ်လာတော့သည်။

သူ့အမြင်အရ ကုချင်းပြိုင်ပွဲတွင်
ပါဝင်ယှဉ်ပြိုင်ကြသော အမျိုးသားအများစုက
နတ်သမီးလေးကုချင်းမိန်းမပျိုကိုလိုက်ရန်ပင်
ဖြစ်သည်။

တတိယမင်းသားကလည်း ကုချင်းမိန်းမပျိုကို
သူ့ကိုယ်ပိုင်ဖြစ်၍ တားမြစ်ထားသော တည်ရှိမှုအဖြစ်
ရှေးကတည်းကပင် မှတ်ယူခဲ့၏။

ဤသခင်လေး၏ လျှို့ဝှက်ဆန်းကြယ်သော
အရှိန်အဝါများကြောင့်လည်း  တတိယမင်းသားဟာ
ခြိမ်းခြောက်မှုများအား ခံစားလာရတော့သည်။

ဝတ်စုံဖြူဝတ် ဤလူငယ်လေးရှေ့တွင် သူကဲ့သို့
မင်းသားတစ်ပါးပင် သိမ်ငယ်စိတ်များ
ခံစားလိုက်ရသည်။

ထိုခံစားချက်ဟာ နတ်တစ်ပါးနှင့် ဆုံလိုက်ရသော သေမျိုးတစ်ယောက်ကဲ့သို့ပင်။

ဤခံစားချက်က တတိယမင်းသားကို အလွန်စိတ်မချမ်းသာ ဖြစ်စေခဲ့သည်။

သူ့ကို ပို၍ပင် မကျေမနပ် ဖြစ်စေခဲ့တာကတော့ ဤအဖြူရောင်ဝတ် လူငယ်က ကုချင်းမိန်းမပျို၏အာရုံကို ဆွဲဆောင်သွားခဲ့ခြင်းသာ ဖြစ်တော့သည်။

"အံ့သြစရာပဲ"

အေးစက်စက်စရိုက်ရှိသော ကုချင်းမိန်းမပျိုပင် ဤအခိုက်အတန့်တွင် အံ့သြသွားခဲ့ရသည်။

အဖြူရောင်ဝတ် ဤလူငယ်လေး၏ ရှေ့တွင်
သူမသည်ပင် ရှက်ရွံ့မှုတချို့အား ခံစားလိုက်ရသည်။

ကျွင်းရှောင်ယောက်က တခြားသူများ၏ အကြည့်ကို
ဂရုမစိုက်ဘဲ ကျဘာမ်းနေရာတစ်ခုတွင်
ဝင်ထိုင်လိုက်သည်။

တစ်ဖက်တွင် လူများစွာ၏ အကြည့်ကြောင့်
ချင်ရွှမ်ဟာ အနည်းငယ် စိတ်ရှုပ်သွားတော့သည်။

"အဲ...သူက..."
အခြားတစ်ဖက်တွင် ဖုန့်ချင်းလင်သည်လည်း
ကျွင်းရှောင်ယောက်ကို သတိပြုမိသွား၏။

သူ့မျက်လုံးတွင် မီးအလင်းများ
လျှို့ဝှက်စွာထွက်ပေါ်လာကာ
နတ်အလင်းများအောက်မှ
ကျွင်းရှောင်ယောက်ကိုစူးစမ်းရန် ကြိုးစားလိုက်သည်။

"ဟမ်"

ကျွင်းရှောင်ယောက်လည်း မျက်ခုံးပင့်ကာ
အစစ်အမှန်ဝိညာဉ်မှ ဝိညာဉ်စွမ်းအားကို
ထုတ်ဖော်လိုက်၏။

ချက်ခြင်းပင် ဖုန့်ချင်းလင် မျက်မှောင်ကြုတ်သွားပြီး
သူ့စိတ်ထဲတွင်လည်း တုန်လှုပ်သွားသကဲ့သို့
ခံစားလိုက်ရတော့သည်။

'ဒီလူမှာ နည်းလမ်းတချို့ရှိတယ်'
ဖုန့်ချင်းလင် မျက်မှောင်ကြုတ်ပြီး

ပြန်လျှောချလိုက်သည်။

နောက်ဆုံးမှာတော့ သူဒီကိုရောက်လာခြင်းဟာ ကျော်ကြားသော ကုချင်းမိန်းမပျိုနှင့် တွေ့ဆုံနိုင်ရန် မဟုတ်ပါလား။

ကျွင်းရှောင်ယောက်လည်း အကြည့်ပြန်ရုတ်ကာ စိတ်ထဲမှ တွေးလိုက်သည်။

'ကြည့်ရတာ
အလုံးစုံဖီးနစ်ဝိညာဉ်တောင်တန်းကလည်း စပြီး လှုပ်ရှားလာပြီထင်တယ်'

ယခင်ကဆိုလျှင် ဘိုးဘေးနဂါးသိုက်သာ လှုပ်ရှားခဲ့၏။

ယခုတော့ အလုံးစုံဖီးနစ်ဝိညာဉ်တောင်တန်းပင်

ထွက်ပေါ်လာခဲ့ကြချေပြီ။

ထို့ပြင် ထိုအင်အားစုနှစ်ခုစလုံးက ကျွင်းမိသားစု၏ ရန်ဘက်များ ဖြစ်သည်။

ထို့ကြောင့် ကျွင်းရှောင်ယောက်ဟာ ဖုန့်ချင်းလင်ကို သဘောမကျပေ။

"အားလုံးစုံလောက်ပြီမို့ စကြရအောင်"
စင်ပေါ်ရှိ အဘွားကြီးတစ်ယောက်က ပြောလိုက်သည်။

သူက ကုချင်းမိန်းမပျို၏ တာအိုကာကွယ်သူပင် ဖြစ်ချေသည်။

"ဟားဟားဟား၊ ဒါဆိုရင်လည်း

ကုချင်းမိန်းကလေးဆီက လမ်းညွှန်မှုယူရအောင်
ကျုပ်ကပဲ အရင်လာလိုက်ပါမယ်"

လူငယ်တစ်ယောက်က
ရှေးဟောင်းကုချင်းတစ်လက်ကို ထုတ်ယူကာ
ပြုံးရွှင်စွာဖြင့် လျှောက်လာသည်။

"ကျေးဇူးပြုပြီး"

ကုချင်းမိန်းမပျိုက စကားတစ်ခွန်းသာ
ပြောလိုက်သည်။ သူမ အသံကား အမှန်တကယ်
ကြည်လင်အေးစက်၏။

သူမ၏ မျက်နှာအမူအရာကတော့ အစမှအဆုံးထိ
အပြောင်းအလဲမရှိပေ။

လူငယ်၏ ကုချင်းသံစဉ် ပြီးဆုံးသည်အထိ
နားထောင်ပြီးနောက် ကုချင်းမိန်းကလေးဟာ

သွယ်လျသော လက်ချောင်းများဖြင့်
ကုချင်းကြိုးများကို စတင် လှုပ်ခတ်လိုက်သည်။

ရုတ်တရက် ကုချင်းသံဟာ ကောင်းကင်သံစဉ်ကဲ့သို့
ထွက်ပေါ်လာ၏။

သန့်စင်သောအလင်းများက မြူများကိုလှုပ်ရှားစေကာ
နတ်ပန်းပွင့်များသဖွယ် လေထဲတွင်
သိပ်သည်းလာသည်။ နတ်ပန်းပွင့်များက
ကုချင်းမိန်းမပျိုနံဘေးတွင် လှည့်ပတ်နေရာ
ကုချင်းတီးနေသော နတ်သမီးတစ်ပါးကဲ့သို့
ထင်ရစေပေသည်။

သာယာငြိမ့်ငြောင်းသော ကုချင်းသံစဉ်အောက်တွင်
အားလုံးလိုလို စီးမျောသွား၏။

၎င်းတို့နားထဲတွင် သာယာသော ကုချင်းသံကိုသာ ကြားယောင်နေကြတော့သည်။

"ဒါက နတ်သမီးသံစဉ်ပဲ၊ အံ့ဩစရာ... အံ့ဩစရာကောင်းလိုက်တာ"

"ဒီကုချင်းသံစဉ်ကိုနားထောင်ရင်း ကိုယ့်ကိုယ်ကိုယ်တောင် သိမ်ငယ်သွားသလို ခံစားရတယ်။ ဟင်း..."

"တကယ်ကိုကောင်းလိုက်တာ"

ချင်ရှွမ်လည်း စွဲလန်းသွားမိသည်။

ကုချင်းတာအိုကို နားမလည်သော သူမပင်လျှင် စီးမျောပါဝင်သွားရ၏ယ

“အဆင်ပြေပါတယ်"

ကျွင်းရှောင်ယောက်က ပုံမှန်အတိုင်း ပြောလိုက်သည်။

သူက ကုချင်းတာအိုကို အထူးမကျွမ်းကျင်သလို ကုချင်းကိုလည်း လေ့ကျင့်လေ့မရှိပေ။

သို့သော်လည်း ယခင်ဘဝတွင် အလွန်နာမည်ကျော်ကြားသော သီချင်းများကို မှတ်မိနေခဲ့သည်။

ထိုအခြေအနေမျိုးတွင် ကျွင်းရှောင်ယောက်၏ ကုချင်းတာအိုကျွမ်းကျင်မှုက မသိလိုက်ခင်မှာပဲ အထွတ်အထိပ်သို့ ရောက်ရှိသွားတော့သည်။

ထို့ပြင် ကုချင်းမိန်းကလေး၏သံစဉ်က
အမှန်တကယ်မဆိုးဘဲ အဆင့်တန်းမြင့်မားသည်။

သံစဉ်ဆုံးသွားသောအခါ
စိန်ခေါ်လာသူလူငယ်လေးလည်း လက်ယှက်ကာ
ပြောလိုက်သည်။

"အင်မော်တယ်နယ်မြေကြီးရဲ့ လူငယ်မျိုးဆက်မှာ
နံပါတ်တစ် ကုချင်းမိန်းမပျိုဆိုတဲ့အတိုင်း
နာမည်ဂုဏ်သတင်းနဲ့ လိုက်ဖက်ပါပေတယ်။
ကျုပ်အရှုံးကို လက်ခံပါတယ်"

"ရှင်က သက်ညှာခဲ့လို့ပါ"

ကုချင်းမိန်းကလေး၏ မျက်နှာအမူအရာကား
အပြောင်းအလဲမရှိပေ။

ထို့နောက် ပါရမီရှင်လူငယ်လေးများ

တစ်ယောက်ပြီးတစ်ယောက် ထွက်လာကာ
စိန်ခေါ်ခဲ့ကြသည်။ သို့သော် တစ်ယောက်မျှ
အနိုင်မရခဲ့ပါချေ။

ဤမြင်ကွင်းကိုမြင်သောအခါ တတိယမင်းသား၊
ရတနာကုန်သည်အသင်းမှ သခင်လေးနှင့်
အခြားသူတို့မှာ ပြုံးပျော်နေကြတော့သည်။

ကုချင်းတွင် မိန်းကလေးကို မယှဉ်နိုင်ကြသောကြောင့်
ကုချင်းမိန်းမပျို၏ စိတ်ဝင်စားမှုကို
မည်သူ့မျှခံရမည်မဟုတ်ပေ။

ထိုအချိန်တွင် မောက်မာသော
မိန်းကလေးတစ်ယောက်အသံ ထွက်ပေါ်လာသည်။

"အင်မော်တယ်နယ်မြေကြီးရဲ့ လူငယ်မျိုးဆက်က

နံပါတ်တစ်ကုချင်းပညာရှင်နဲ့ ချင်းလင်ကို
ခဏလောက် တွေ့ဆုံခွင့်ပြုပါ"

ထို့နောက် အနီရောင်ဝတ်စုံဖြင့် ချောမောလှပသော
ဖုန့်ချင်းလင် ထရပ်လာသည်။

သူမက မီးလျှံများဝန်းရံထားပုံရသည့်
အနီရောင်မီးတောက် ရှေးဟောင်းကုချင်းတစ်ခုကို
ထုတ်ယူလိုက်၏။

ယင်းက အလွန်အစွမ်းထက်သော
တော်ဝင်လက်နက်တစ်ခု ဖြစ်သည်။

"ကုချင်းတာအိုမှာ နံပါတ်တစ်လို့ မဆိုဝံ့ပါဘူး၊ ဒါပေမဲ့
မိန်းကလေးဖုန့်က စိန်ခေါ်ချင်တယ်ဆိုရင်တော့
ကျေးဇူးပြုပြီး လာပါ"

ကုချင်းမိန်းမပျို၏ အသံကတော့
အပြောင်းအလဲမရှိသေးပါ။

သူတို့နှစ်ယောက်ဟာ မျက်နှာချင်းဆိုင်ထိုင်ပြီး
ကုချင်းကို စတင်တီးခတ်လိုက်သည်။

"ငါ့သီချင်းသံကို နားဆင်ကြည့်ပါ၊ ဖုန့်ချိုးဟွမ်"
ဖုန့်ချင်းလင်က စတင်တီးခတ်လိုက်သည်နှင့်
လေထဲတွင် အနီရောင် တံဆိပ်အက္ခရာများ
ထွက်ပေါ်လာသည်။

ထို့နောက်တော့ ဖီးနစ်အော်သံနှင့် ဖီးနစ်ပုံရိပ်များ
ထွက်ပေါ်လာတော့သည်။

သက်ရှိတစ်ကောင်အလား ထင်မှတ်ရသည့်
ဖီးနစ်တစ်ကောင်နှင့် နတ်ငှက်နှစ်ကောင်ဟာ

ဖုန့်ချင်းလင်ကို လှည့်ပတ်ကခုန်လိုက်ကြသည်။

ဤကဲ့သို့သော သဘာဝဖြစ်စဉ်သည် လူများစွာကို
အံ့သြစေခဲ့၏။

ကုချင်းမိန်းမပျိုကလည်း သူမ၏
နာမည်ကျော်သံစဉ်ကို စတင်တီးခတ်လိုက်သည်။

ခဏချင်းပင် အားလုံး၏အရှေ့တွင်
အင်မော်နယ်နန်းတော်ကြီးနှင့် ကခုန်နေသော
နတ်သမီးများကို မြင်လာရသည်။
ကောင်းကင်မှာလည်း ပန်းပွင့်များပြည့်နှက်နေ၏။
ရွှေကြာများကလည်း မြေပြင်တွင်
ပေါက်ရောက်နေကြလေသည်။

ထိုမြင်ကွင်းများကြောင့် လူတိုင်းဟာ လုံးဝ

ယစ်မူးလာရတော့သည်။

သံစဉ်နှစ်ခုဟာ တဖြည်းဖြည်းမြင့်တက်လာပြီး
နောက်ဆုံးတွင် စတင်တိုက်လိုက်သည်။

တွမ်

ရုတ်တရက် ဖုန့်ချင်းလင်၏ ကုချင်းကြိုးတစ်ချောင်း
ပြတ်သွားသည်။

သူမ မျက်နှာအမူအရာနှင့် မျက်လုံးများလည်း
အရောင်ပြောင်းလဲသွား၏။

ထို့နောက်တော့ ကုချင်းတီးခတ်ခြင်းအား
ရပ်တန့်လိုက်တော့သည်။

"အင်မော်တယ်နယ်မြေကြီးရဲ့ လူငယ်မျိုးဆက်က နံပါတ်တစ် ကုချင်းပညာရှင်ဆိုတဲ့အတိုင်းပါပဲ၊ ငါတောင်မှ မရရင် နင့်ကို ဘယ်သူမှ အနိုင်မယူနိုင်တော့ဘူး"

ဖုန့်ချင်းလင် ခေါင်းကို အနည်းငယ် ခါယမ်းလိုက်သည်။

သူမဟာ တော်ဝင်မိသားစုမှဖြစ်သောကြောင့် မာနကြီးသည်။

သို့သော်လည်း ယခုအခါ ရှုံးနိမ့်ကြောင်းကို စိတ်လိုလက်ရ ဝန်ခံခဲ့ချေပြီ။

ဟုတ်သည်။ ယင်းက ကုချင်းတာအိုဠ်သာဖြစ်ပြီး တိုက်ခိုက်နိုင်စွမ်းတွင် ဆိုလျှင်ဖြင့်

ကုချင်းမိန်းကလေးဟာ ဖုန့်ချင်းလင်ကို မမှီပေ။

ထို့အပြင် ဖုန့်ချင်းလင်ဟာ အလွန်မာနကြီး၏။

ထို့ကြောင့်ပင် သူမ အနိုင်မရနိုင်သော ကုချင်းမိန်းကလေးကို လူငယ်မျိုးဆက်မှ တခြားသူများလည်း အနိုင်မရနိုင်ဟု ယုံကြည်နေတော့သည်။

-------------

အခန်း ( ၁၀၀ ) ကွမ်လင်စန် သံစဉ်နှင့် မဟာတာအို၊ ကုချင်းမိန်းမပျို မျက်နှာသာပေး၍ လူတိုင်း အံ့သြတုန်လှုပ်ရခြင််း

ဖိုးနစ်ဝိညာဉ်တောင်တန်းမှ ဖုန့်ချင်းလင်ပင် ကုချင်းတာအိုတွင် မိန်းမပျိုကို မယှဉ်နိုင်သည်အား မြင်ရသောအခါ တတိယမင်းသားနှင့် တခြားသူများ အလွန်ကျေနပ်သွားသည်။

"ဟားဟား၊ ကုချင်းမိန်းမပျိုက တကယ်ကို ကုချင်းပါရမီရှင်ပါပဲ။ ကုချင်းတာအိုမှာဆိုရင် ဘယ်သူမှ သူ့ကို မရိုက်နိုင်မှာတောင် ကြောက်ရတယ်" ရတနာကုန်သည်အသင်းမှ သခင်လေးကလည်း ချီးမွမ်းလိုက်၏။

"ဒီလိုတော့လည်း မဟုတ်ပါဘူး၊ ကျွန်မဆရာပြောတာကတော့ ကုချင်းတာအိုမှာ သူတောင် လိုက်မမှီနိုင်တဲ့ လူတစ်ယောက်ရှိတယ်တဲ့" ကုချင်းမိန်းမပျိုက ရုတ်တရက် ပြောလိုက်သည်။

"အိုး၊ အဲတာက ဘယ်သူများလဲ"
တတိယမင်းသား ရုတ်တရက် မေးလိုက်၏။

တက်ရောက်လာသူများလည်း
အလွန်စိတ်ဝင်စားသွားသည်။

ခွန်အားအရဆိုလျှင် အင်မော်တယ်နယ်မြေကြီး
တစ်ခုလုံး၌ ကုချင်းတာအိုဂိုဏ်းချုပ်အား
ထိပ်တန်းဟုပင် မဆိုသာပေ။

သို့သော်လည်း ကုချင်းတာအိုမှာတော့ ပထမဟု
ပြောနိုင်သည်။

ကုချင်းမိန်းမပျိုက ခေါင်းကို အနည်းငယ်ခါယမ်းပြီး
ပြောလိုက်သည်။

"ဆရာက အများကြီးတော့ မပြောပါဘူး၊ ဒါပေမဲ့
အဲဒီလူက ကျွင်းမိသားစုနဲ့ ပတ်သက်နေပုံရတယ်"

ထိုစကားကိုကြားသောအခါ အားလုံး
အံ့အားသင့်သွားကြသည်။

"ရှေးဟောင်းမင်းမျိုးနွယ် ကျွင်းမိသားစုလား"
တတိယမင်းသား အံ့သြသွား၏။

မကြာသေးမီက တော်ဝင်မြို့တော်တွင်
အများဆုံးဖော်ပြခံရသော နာမည်တစ်ခုကို
ပြောပါဆိုလျှင် ကျွင်းရှောင်ယောက်ဟုသာ ဆိုရမည်။

"ကျွင်းမိသားစု"
ဖုန့်ချင်းလင်၏ မျက်လုံးများတွင် အေးစက်စက်

အငွေ့အသက်များ ထွက်ပေါ်လာသည်။

သူမအနေဖြင့် ကျွင်းရှောင်ယောက်ကို
သဘောမကျပေ။

တစ်ဖက်တွင် ကျွင်းရှောင်ယောက်လည်း အနည်းငယ်
အံ့သြသွား၏။

'ဒါက တိုက်ဆိုင်တာတော့ မဟုတ်လောက်ဘူး မလား'
ကျွင်းရှောင်ယောက်ဟာ ယခုထိ ပေါ်မလာသေးသော
သူ၏ တာအိုကာကွယ်သူအကြောင်းကို
တွေးမိသွားသည်။

သူ့ တာအိုကာကွယ်သူ၏ ကုချင်းတာအိုဆိုလျှင်
သူတော်စင်တစ်ပါးကို သတ်နိုင်လောက်အောင်

သန်မာနေခဲ့ပြီ ဖြစ်သည်။

ထို့ကြောင့် ကုချင်းတာအိုဂိုဏ်းချုပ်ပြောသူက သူ၏ တာအိုကာကွယ်သူ ဖြစ်နိုင်သည်။

ထိုအချိန်တွင် ကုချင်းမိန်းမပျို၏ တာအိုကာကွယ်သူအဖွားကြီးက ပြောလိုက်သည်။
"မိန်းမပျိုကို ဘယ်သူများ စိန်ခေါ်ချင်သေးလဲ"

အားလုံး တိတ်ဆိတ်နေသည်။

ဖီးနစ်ဝိညာဉ်တောင်တန်းမှ ဖုန့်ချင်းလင်တောင်မှ ကုချင်းမိန်းမပျိုကို မယှဉ်နိုင်ပေ။

ထိုအခြေအနေမျိုးတွင် ဘယ်သူကများ သူ့ကို

ယှဉ်ပြိုင်ဝံ့ပါမည်နည်း။

"ကြည့်ရတာ ကုချင်းတာအိုပြိုင်ပွဲက
ပြီးသွားပြီထင်တယ်"

ချင်ရှွမ်က ပြောလိုက်သည်။

သို့သော် ကျွင်းရှောင်ယောက်က ထရပ်လာသည်။

"သခင်လေး"

ချင်ရှွမ် အံ့အားသင့်သွား၏။

"အခု ကုချင်းမိန်းကလေးလည်း
အားလပ်သွားပြီဆိုတော့ ငါနိုင်ပြီလား"

ကျွင်းရှောင်ယောက်က လျစ်လျူရှုစွာ
ပြောလိုက်သည်။

ထိုအခါ ပတ်ဝန်းကျင်မှအကြည့်များက သူ့အပေါ်ကို ကျဆင်းလာသည်။

ကုချင်းမိန်းမပျိုလည်း အနည်းငယ် အံ့အားသင့်သွားပုံရ၏။ သူကိုယ်တိုင်လည်း ကျွင်းရှောင်ယောက်ကို အကဲခတ်နေခဲ့မိပေသည်။ နောက်ဆုံးမှာတော့ သူ့အနေအထားဟာ ထူးကဲလွန်းသည် မဟုတ်ပါလား။

"ရတာပေါ့၊ သခင်လေးကလည်း ကုချင်းတာအိုမှာ ကျွမ်းကျင်သူဖြစ်ဖို့ မျှော်လင့်မထားခဲ့ဘူး" ကုချင်းမိန်းမပျိုက ပြောလိုက်သည်။

"တကယ်တော့ လနည်းနည်းလောက်ပဲ လေ့လာရပါသေးတယ်"

ကျွင်းရှောင်ယောက် ပြောလိုက်၏။

အမှန်လည်း ဖီးနစ်ငိုကြွေးချီတောင်တန်းကို ရရှိခဲ့တာ လအနည်းငယ်သာ ရှိသေးသည်။

သို့သော် ထိုစကားများထွက်လာသည်နှင့် တပြိုင်နက် အရာအားလုံး တိတ်ဆိတ်သွားသည်။

အများစုမှာ အံ့သြသွား၏။

"ဒီလူက ကုချင်းမိန်းကလေးနဲ့ လာကစားနေတာလား"

"လနည်းနည်းပဲ လေ့ကျင့်ရသေးသူက ကုချင်းတာအို နံပါတ်တစ်ဖြစ်တဲ့ ကုချင်းမိန်းကလေးနဲ့ ယှဉ်ပြိုင်ချင်နေတာလား"

အားလုံးက တီးတိုး ပြောဆိုလိုက်ကြသည်။

ကုချင်းမိန်းမပျိုပင် ဤအတွက် အံ့သြသွားရ၏။

အကယ်၍ အခြားသူသာဆိုလျှင်
ကုချင်းမိန်းမပျိုအနေဖြင့် ယှဉ်ပြိုင်ရန်
စိတ်မဝင်စားပေ။

သို့သော် ကျွင်းရှောင်ယောက်၏ ထူးကဲလွန်းသော
အနေအထားနှင့် အရှိန်အဝါများက သူ့အား
သိချင်စိတ် ပိုတိုးလာစေသည်။

"ကောင်းပါပြီ၊ သခင်လေး ကျေးဇူးပြုပြီး"
ကုချင်းမိန်းမပျိုက လေးလေးနက်နက်

ပြောလိုက်သည်။

ကျွင်းရှောင်ယောက်လည်း စင်ပေါ်တွင်
တင်ပျဉ်ခွေထိုင်လိုက်၏။

ဖုန့်ချင်းလင်၏ မျက်လုံးမှာတော့ လှောင်ပြောင်သော
အရိပ်အယောင်များ ဖြစ်ပေါ်လာတော့သည်။

သူပင် ကုချင်းမိန်းမပျိုကို မယှဉ်နိုင်ပါက
လအနည်းငယ်သာ လေ့ကျင့်ရသေးသူဟာ
ဘယ်လိုလုပ်ပြီး ယှဉ်နိုင်ပါမည်နည်း။

သို့သော် ချက်ချင်းပင် သူ့မျက်လုံးများ
လေးနက်လာသည်။

ထိုနောက် အသက်ရှူရပ်သွားဟန်ဖြင့် သူ့မျက်လုံးများ ကျဉ်းမြောင်းသွားခဲ့၏။

အကြောင်းမှာ ကျွင်းရှောင်ယောက်က ရှေးဟောင်းကုချင်းတစ်ခုကို ထုတ်ယူလိုက်သောကြောင့်သာ ဖြစ်တော့သည်။

၎င်းက လျှို့ဝှက်ဆန်းကြယ်ကာ အစွမ်းထက်သော အရှိန်အဝါများဖြင့် လှသော အနီရောင် ကုချင်း၊ ဖီးနစ်ငှက်ကြွေးချီတောင်တန်း ဖြစ်သည်။

"ကျုပ်မမှားရင် ဒါက ရှေးဟောင်း သူတော်စင်လက်နက်ပဲ ဖြစ်ရမယ်"

"ဒီသခင်လေးက ဘယ်သူများပါလိမ့်၊ သူက ရှေးဟောင်းသူတော်စင်လက်နက်ကိုတောင်

ထုတ်ယူနိုင်တယ်"

မူလက သူတို့ဟာ ကျွင်းရှောင်ယောက်ကို အထင်မကြီးကြပေ။

ယခုတော့ သူတို့ဟာ လုံးဝ တုန်လှုပ်သွားရပြီ ဖြစ်သည်။

နောက်ဆုံးမှာတော့ ရှေးဟောင်းသူတော်စင်လက်နက်က လူတိုင်း ထုတ်ယူနိုင်သောအရာ မဟုတ်ပေ။

'ဒီသခင်လေးက အင်မော်တယ်တာအိုမျိုးရိုးကနေ ဆင်းသက်တာ သေချာတယ်'

တချို့ကလည်း တွေးလိုက်ကြသည်။

တတိယမင်းသားလည်း အံ့သြသွား၏။

မျှော်စင်တစ်ခုလုံးတွင် ဆွေးနွေးသံများ ဆက်တိုက်
ထွက်ပေါ်နေတော့သည်။

ဖုန့်ချင်းလင်ကတော့ လောဘမျက်လုံးများနှင့်
ဖီးနစ်ငိုကြွေးချီတောင်တန်းကို ကြည့်လိုက်ကြသည်။

ဤကုချင်းဟာ သူမနှင့် အလွန်လိုက်ဖက်၏။

အကယ်၍ သူသာ ထိုကုချင်းကို
စောစောစီးစီးရခဲ့ပါက ကုချင်းမိန်းမပျိုကို
ရှုံးနိမ့်ရမည်မဟုတ်ပေ။

ထို့ကြောင့် လိုချင်လောဘများ ပြည့်နှက်လာခဲ့သည်။

ကုချင်းမိန်းမပျိုလည်း နှလုံးသားများ
တုန်ခါသွားရသည်။

ဤလူငယ်လေးက အင်မော်တယ်ကဲ့သို့ သခင်လေးက
ကြီးမားသော နောက်ခံရှိသူဆိုတာ ပိုသေချာလာခဲ့၏။

ထို့နောက်တော့ မိန်းကလေးလည်း ကုချင်းကို
စတင်တီးခတ်လိုက်တော့သည်။

ယင်းက သူ၏ ဝှက်ဖဲဖြစ်သော
သံစဉ်တစ်ပုဒ်ဖြစ်သည်။

အခြားတစ်ဖက်မှာလည်း ကျွင်းရှောင်ယောက်၏

လက်ချောင်းများက ကုချင်းကြိုးပေါ်တွင် စတင်
လှုပ်ရှားလာသည်။

၎င်းက ထိပ်တန်း နာမည်ကျော် သီချင်းဆယ်ပုဒ်ထဲမှ
တစ်ပုဒ်ဖြစ်သည့် ကွမ်လင်စန်ဖြစ်သည်။

သီချင်းသံစတင်သည်နှင့် ကောင်းကင်တွင်
မဟာတာအိုပန်းပွင့်များ ဖြစ်ပေါ်လာခဲ့သည်။

၎င်းက မိုးဖွဲဖွဲလေး ရွာကျလာသကဲ့သို့ပင်။

၎င်းက လူတိုင်းကို တာအိုမိုးရေပြင်အတွင်း၌
ရေချိုးနေရသကဲ့သို့ ခံစားရစေသည်။

ကျွင်းရှောင်ယောက် တကိုယ်လုံးကို

အင်မော်တယ်အငွေ့အသက်များက လွှမ်းခြုံကာ
မြင့်မြတ်သောအရှိန်အဝါတို့ဖြင့် ပြည့်နှက်နေသည်။

ဤအခိုက်တွင် လူတိုင်း လုံးဝ
အသံမထွက်နိုင်တော့ပေ။

ကျွင်းရှောင်ယောက်၏ ကုချင်းသံစဉ်ကို နားလည်မှု၊
ဆင့်ကဲဖြစ်စဉ်များနှင့် ပေါင်းစပ်ထားသည်။

ဤသံစဉ်ဟာ မူလကိုပင် ကျော်လွန်သွားခဲ့၏။

ဖုန့်ချင်းလင်လည်း အသက်ပြင်းပြင်းရှူကာ
တုန်လှုပ်ချောက်ချားစွာဖြင့် မျက်လုံးများ
နီရဲသွားရသည်။

ယခုလေးတင် သူတောင်မှ ကုချင်းမိန်းမပျိုကို
အနိုင်မယူနိုင်ပါက မည်သူမျှ
အနိုင်ယူနိုင်တော့မည်မဟုတ်ကြောင်း
ပြောဆိုထားခဲ့သည်။

သို့သော်လည်း ဤသံစဉ်ကို ကြားရသောအခါ
အသိစိတ်များ ပျောက်ဆုံးသွားရ၏။

ကုချင်းမိန်းကလေး၏ သီချင်းသံက ဤသံစဉ်နှင့်
လုံးဝ နှိုင်းယှဉ်မရပေ။

ထိုအချိန်တွင် ကုချင်းမိန်းကလေး၏ မျက်လုံးများက
အနည်းငယ် အရောင်ဖျော့သွားကာ တီးခတ်နေခြင်းကို
ရပ်လိုက်သည်။

သူမ ဆက်မတီးနိုင်တော့ပေ။

အကြောင်းမှာ သူက သဘာဝအတိုင်း
တီးခတ်နေခြင်းကြောင့် ဖြစ်သည်။

တစ်ဖက်မှာတော့ ကျွင်းရှောင်ယောက်ဟာ
နတ်ဘုရားတစ်ပါးကဲ့သို့ တီးခတ်သွားခဲ့၏။

ကုချင်းတာအို၌ နတ်ဘုရားရှိခဲ့လျှင် ယင်းက
ကျွင်းရှောင်ယောက်သာ ဖြစ်သင်သည်။

"ကျွန်မ ရှုံးသွားပြီ"
ကုချင်းမိန်းကလေး ခပ်တိုးတိုး ရေရွတ်လိုက်သည်။
သူ့နှလုံးသားတွင်လည်း တစ်ခါမှ မခံစားဖူးသော
ခံစားချက်များ ဖြစ်ပေါ်လာ၏။

သီချင်းဆုံးသွားသောအခါ
ကျွင်းရှောင်ယောက်စိတ်ထဲတွင်
လန်းဆန်းသွားသကဲ့သို့ ခံစားလိုက်ရသည်။

ပတ်ဝန်းကျင်ကိုကြည့်လိုက်သောအခါ အားလုံးက
သံစဉ်အတွင်း၌ နစ်မျောနေကြဆဲပင်။

အချိန်အတော်ကြာမှ ပါရမီရှင်အားလုံး
တုန်လှုပ်ချောက်ချားစွာဖြင့် သတိပြန်ဝင်လာကြသည်။

"ထျန်ချင်းက သခင်လေးကို ဂါရဝပြုပါတယ်"
ကုချင်းမိန်းကလေးက ကျွင်းရှောင်ယောက်ကို
အမှန်တကယ် ဦးညွတ်လိုက်သည်။

"သခင်မလေး..."

တာအိုကာကွယ်သူအဘွားကြီးလည်း အံ့သြသွား၏။

သူတို့၏ သခင်မလေးဟာ မြင့်မြတ်သော စိတ်သဘောထားဖြင့် အမြဲပင် အေးစက်စက်သာ နေခဲ့သည်။

သူဟာ တခြား ယောကျ်ားတစ်ယောက်ကို ဦးညွတ်ရန် မဆိုထားဘိ၊ စေ့စေ့ပင် မကြည့်ခဲ့ဖူးပေ။

တတိယမင်းသားလည်း ထိုမြင်ကွင်းကြောင့် မျက်နှာတစ်ခုလုံး စိမ်းပြာသွားသည်။

ရတနာကုန်သည်အသင်းမှ သခင်လေးလည်း မျက်နှာ ရှုံ့မဲ့သွား၏။

သို့သော်လည်း အတွေ့ကြုံရှိသူများဖြစ်သောကြောင့် တစ်ဖက်လူကို ပေါ့ပေါ့တန်တန် ရန်စ၍မရကြောင်း သိသည်။

ဂရုမစိုက်ပါက အခက်အခဲများ ဖြစ်လာခဲ့လိမ့်မည်။

"သခင်လေးနိုင်သွားပြီဆိုတော့
ဒီအင်မော်တယ်အရင်းမြစ်သုံးရာက
သခင်လေးအတွက် ဖြစ်သွားပါပြီ"

ကုချင်းမိန်းကလေးက ရက်ရောစွာပင်
အင်မော်တယ်အရင်းမြစ် သုံးရာကို
ကျွင်းရှောင်ယောက်ထံသို့ ပေးလိုက်သည်။

ယင်းက တတိယမင်းသားနှင့် တခြားသူများကို မျက်နှာအရောင်မျိုးစုံ ပြောင်းသွားစေခဲ့၏။

ယင်းက ကိုယ်အမြတ်တနိုး တန်ဖိုးထားရသော ပန်းလေးတစ်ပွင့်ကို တစ်ပါးသူက ခူးဆွတ်သွားခြင်း ခံလိုက်ရသကဲ့သို့ပင်။

ကုချင်းမိန်းကလေးက တောက်ပနေသော မျက်လုံးတို့ဖြင့် ကျွင်းရှောင်ယောက်ကို ကြည့်လိုက်သည်။ သူဟာ အနည်းငယ် တွန့်ဆုတ်နေပုံရသော်လည်း နောက်ဆုံးမှာတော့ ပြောလိုက်ဆဲပင်။

"ဒီထျန်ချင်က အတင့်ရဲစွာနဲ့ပဲ တစ်ခုလောက် တောင်းဆိုပါရစေ၊ သခင်လေးအနေနဲ့ ကျွန်မနဲ့ တစ်ညလောက်ကုချင်းတာအို ကစားပေးဖို့ မျှော်လင့်တယ်"

သူ့ရှေ့က လျှို့ဝှက်ဆန်းကြယ်သော လူငယ်လေးဟာ

ထူးခြားသော စိတ်ထားနဲ့ အံ့မခန်း အရည်အချင်းများရှိသည်။ သူဟာ ရှေးဟောင်း သူတော်စင်လက်နက်ကိုပင် အလွယ်တကူ ထုတ်ယူနိုင်ခဲ့၏။ သူ့နောက်ခံက အမှန်တကယ်မဆိုးလှကြောင်း ထင်ရှားသည်။

ထို့ပြင် သူကိုယ်တိုင်လည်း ကုချင်းတာအိုတွင် မယှဉ်နိုင်ခဲ့ပေ။

သူမက ရေခဲတောင်ကြီးကဲ့သို့ မိန်းမလှတစ်ဦးဖြစ်လျှင်ပင် ဤအခိုက်မှာတော့ အရည်မပျော်ဘဲ မနေနိုင်တော့ပါချေ။

အရည်ပျော်ရုံ သာမကဘဲ သူဟာ တဟုန်ထိုး စီးကျသွားရပြီ ဖြစ်သည်။

ထိုစကားကြောင့် တတိယမင်းသားနှင့်
တခြားသူများမှာ ရင်ထိတ်၍
မျက်နှာဖြူရော်ရပြန်တော့၏။

တည လုံး ကုချင်းတီးခတ်နေမည်လော။

သို့မဟုတ် တည လုံး စကားပြောနေမည်လော။

တတိယမင်းသား နာကျင်သွားခဲ့သည်။

ကျွင်းရှောင်ယောက်ကတော့ နှုတ်ခမ်းကိုတွန့်ကွေးကာ
အနည်းငယ်ပြုံးလိုက်၏။

သူမျှော်လင့်ထားသည့်အတိုင်းတော့ ဖြစ်လာခဲ့ချေပြီ။

ထိုအခါ အစီအစဥ်ကို ကောင်းမွန်စွာ
အကောင်အထည်ဖော်တော့နိုင်မည် ဖြစ်သည်။

ကျွင်းရှောင်ယောက်က တစ်ခုခုကို ပြောတော့မည့်
အချိန်တွင်...

မိန်းကလေးတစ်ယောက်၏ အသံ ကြားဖြတ်
နှောင့်ယှက်လာသည်။

"နင့်ရဲ့ ရှေးဟောင်းကုချင်းကို
ငါအရမ်းစိတ်ဝင်စားတယ်"

-------------

အပိုင်း ( ၁၀၁ ) သုံးချက်တည်းဖြင့် ဖုန့်ချင်းလင်

ထွက်ပြေးရသည◌်

ထိုအသံကိုကြားသောအခါ ကျွင်းရှောင်ယောက်က ပြန်လှည့်လိုက်သည်။ သူဟာ ဖုန့်ချင်းလင်ကို လျစ်လျူရှုစွာ ကြည့်လိုက်၏။

ဖုန့်ချင်းလင်ကတော့ သူ၏ ဖီးနစ်ငုံကြွေးချီတောင်တန်းကိုသာ လောဘမျက်လုံးများဖြင့် ကြည့်နေဆဲပင်။

ဤကုချင်းက သူမ၏ စွမ်းရည်များနှင့် အလွန်လိုက်ဖက်ပြီး အံ့ဝင်ခွင်ကျပင်ဖြစ်နေသည်။

အခြားအရာများကို ဘေးဖယ်ထားလျှင်ပင် ယင်းက ရှေးဟောင်းသူတော်စင်လက်နက်တစ်ခု ဖြစ်ချေသည်။

ရှေးဟောင်းသူတော်စင်လက်နက်က အလွန်ရှားကာ အသုံးပြုပုံကလည်း ကျင့်ကြံခြင်းတစ်ခုတည်းအတွက် မဟုတ်ပေ။

လက်နက်ကောင်းတစ်ခု ရှိထားပါက အစွမ်းထက်ရန်သူများကိုပင် ဆန့်ကျင်နိုင်သည်။

ထို့ကြောင့် ဖုန့်ချင်းလင်ဟာ အလွန်စိတ်လှုပ်ရှားနေပြီး မပြောဘဲ မနေနိုင်တော့ပေ။

"အဲဒီတော့ ဘာဖြစ်လဲ"

ကျွင်းရှောင်ယောက်က ပေါ့ပေါ့ပါးပါး

ပြောလိုက်သည်။

"သာလွန်အဆင့် နတ်အရင်းမြစ်တစ်ထောင်နဲ့
နင့်ရဲ့ကုချင်းကို လဲလှယ်ချင်တယ်"
ဖုန့်ချင်းလင်က တုံ့ဆိုင်းမနေဘဲ ပြောလိုက်၏။

ပါရမီရှင် လူငယ်အချို့လည်း
အသက်ပြင်းပြင်းရှူလိုက်မိကြသည်။

ရှေးဟောင်းတော်ဝင်မိသားစုမှ ဆင်းသက်လာသူ
ဆိုသည့်အတိုင်း
သာလွန်အဆင့်နတ်အရင်းအမြစ်တစ်ထောင်ကိုပင်
အလွယ်တကူ ထုတ်ပေးနိုင်သည်။

သို့သော်လည်း အများစုကတော့
ကျွင်းရှောင်ယောက်၏ ကုချင်းကိုသာ
ကြည့်ကြသည်။

ရှေးဟောင်းသူတော်စင်လက်နက်နှင့် နှိုင်းယှဉ်ပါက
နတ်အရင်းမြစ်တစ်ထောင်ဟာ ဘာမျှမဟုတ်တော့ပေ။

ယင်းက အနည်းငယ်ပင် ပိုနိမ့်ကျမည်ဖြစ်သည်။

နောက်ဆုံးမှာတော့
ရှေးဟောင်းသူတော်စင်လက်နက်ဟာ
နတ်အရင်းမြစ်များဖြင့် တိုင်းတာနိုင်သောအရာ
မဟုတ်ပါချေ။

အနည်းဆုံး အင်မော်တယ်အရင်းမြစ်များဖြင့်
နှိုင်းယှဉ်ရန် လိုသည်။

သို့သော်လည်း ဖုန့်ချင်းလင်ဟာ
ဖီးနစ်ဝိညာဉ်တောင်တန်း၏
မြင့်မြတ်သမီးတော်ဆိုလျှင်ပင်

အင်မော်တယ်အရင်းအမြစ်များကို ထုတ်မပေးနိုင်ပေ။

အင်မော်တယ်အရင်းအမြစ်များဟာ အလွန်ရှား၍ ကျွင်းမိသားစုအတွက်ပင် ခက်ခဲသည်။

"သာလွန်နတ်အရင်းအမြစ်တစ်ထောင်နဲ့ ငါ့ရဲ့ ရှေးဟောင်းကုချင်းကို လဲလှယ်ချင်တယ်ဆိုတော့... ငါဦးနှောက်မကောင်းရင်တောင် ကုသပေးမဲ့သူကို အရင်ရှာမယ်"

ကျွင်းရှောင်ယောက်က ပုံမှန်အတိုင်း ပြောလိုက်သည်။

သူက ပြဿနာမရှာချင်သေးသော်လည်း ဤမိန်းကလေးဟာ သူ့ကုချင်းကို အာရုံစိုက်ဝံ့၏။

"ဟမ်၊ ငါဘယ်သူလဲဆိုတာ သိလား"

ဖုန့်ချင်းလင်က မျက်ခုံးပင့်လိုက်သည်။

"မင်းဘယ်သူလဲဆိုတာ ငါဂရုမစိုက်ဘူး၊ ငါလုံးဝ စိတ်လည်း မဝင်စားဘူး။ မင်းသေချင်ရင် ငါ့ရှေ့မှာ ဆက်ပြီး ကပြနိုင်တယ်"

ကျွင်းရှောင်ယောက်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

ယင်းကိုကြားသောအခါ လူများစွာ အာရုံစိုက်လာကြ၏။

ဖုန့်ချင်းလင်ဟာ ဖီးနစ်ဝိညာဉ်တောင်တန်းမှ မြင့်မြတ်သမီးတော်ဖြစ်၍ သူမ၏ အဆင့်အတန်းနှင့် ခွန်အားက သာမန်လူများ ရန်စနိုင်သော အရာမဟုတ်ပါ။

အင်မော်တယ်မျိုးဆက်များ၏ ဆက်ခံသူများပင် ဖုန့်ချင်းလင်ကို ထိုသဘောထားမျိုးဖြင့် ပြောဆိုဝံ့မည် မဟုတ်ပါချေ။

"သေချင်နေတာပဲ၊ မျက်နှာသာပေး ရွှေရေးပန်ကန်တက်လုပ်ချင်နေတယ်"

ဖုန့်ချင်းလင်၏ လှပသောမျက်လုံးများက နီရဲလာသည်။ သူမ အမှန်တကယ် ဒေါသထွက်သွား၏။

ဖီးနစ်ဝိညာဉ်တောင်တန်းမှ မြင့်မြတ်သမီးတော်အနေဖြင့် ဘယ်နေရာကိုသွားနေပါစေ၊ သူမကို ထိုသို့ပြောဆိုဝံ့သူ မရှိပေ။

သူ့အမြင်တွင် ကျွင်းရှောင်ယောက်က ကုချင်းအား

ပျော်ပျော်ရွှင်ရွှင်ပေးလိုက်သင့်သည်။

ဖုန့်ချင်းလင်က ကျောက်စိမ်းကဲ့သို့လက်ဝါးဖြင့်
တစ်ချက်ရိုက်လိုက်သောအခါ
အနီရောင်အက္ခရာများက ဖီးနစ်အတောင်များသဖွယ်
သိပ်သည်းလာတော့သည်။

"အဲဒါက... ဖီးနစ်တို့ရဲ့ နတ်ဘုရားစွမ်းရည်ပဲလား"
ပါရမီရှင် အများစု အံ့အားသင့်နေသော
မျက်လုံးများဖြင့် မတ်တပ်ထရပ်လိုက်ကြသည်။

ဖီးနစ်ဝိညာဉ်တောင်တန်းမှ အစစ်အမှန်ဖီးနစ်
မဟာနတ်ဘုရားစွမ်းရည်ကော ဘိုးဘေးနဂါးသိုက်၏
မဟာနတ်ဘုရားစွမ်းရည်ပါ
အင်မော်တယ်နယ်မြေကြီး၏ အထွတ်အထိပ်
နတ်ဘုရားစွမ်းရည် သိုင်းပညာများ ဖြစ်ကြသည်။

"မဟုတ်ဘူး၊ အစစ်အမှန်ဖီးနစ်
မဟာနတ်ဘုရားစွမ်းရည်က
မြင့်မျက်တဲ့ကျက်သရေရှိတယ်၊ ဒါပေမဲ့
ဒီတစ်ခုမှာတော့ အဲဒီလိုကျက်သရေမျိုး မရှိဘူး။ ဒါက
ဆင့်ပွားစွမ်းရည်တစ်မျိုးပဲ ဖြစ်ရမယ်"

ပါရမီရှင်တချို့က ဗဟုသုတကြွယ်ဝကာ
ပြောဆိုလိုက်ကြသည်။

သို့သော်လည်း ယင်းကို ဖုန့်ချင်းလင်က
ထုတ်ဖော်လာသောအခါ အလွန်စွမ်းအားကြီးသွား၏။

နောက်ဆုံးတော့ သူဟာ ပေါင်းစည်းခြင်းနယ်ပယ်
မဟာပြီးပြည့်စုံခြင်းသို့ ရောက်ရှိနေခဲ့ပြီ ဖြစ်သည်။

သူ့အသက်အရွယ်နှင့်

ဤအဆင့်ကျင့်ကြံခြင်းအခြေခံရှိရာ အမှန်တကယ် ဖီးနစ်ဝိညာဉ်တောင်တန်း၏ သမီးတော်တစ်ယောက် ဖြစ်ထိုက်သည်။

"သခင်လေး၊ သတိထား"

ချင်ရွှမ်နှင့် ကုချင်းမိန်းမပျိုထံမှ အသံများဟာ တပြိုင်နက်တည်း ထွက်လာခဲ့၏။

ကုချင်းမိန်းမပျိုက ကျွင်းရှောင်ယောက်ကို အာရုံစိုက်လာသည်အားမြင်သောအခါ တတိယမင်းသား၏ မျက်နှာက ပို၍ငြိမ်အေးလာတော့သည်။

'ဖီးနစ်ဝိညာဉ်တောင်တန်းရဲ့ မြင့်မြတ်သမီးတော်ကို ရန်စဝံ့တယ်။ သူဘယ်လိုသေရမလဲ မသိဘူး'

တတိယမင်းသားဟာ စိတ်ထဲမှ အေးစက်စက်ဖြင့်

ပြောလိုက်သည်။

ထိုအတွေးက သူ့စိတ်ထဲတွင် ပေါ်လာရုံမျှရှိသေး… ကျွင်းရှောင်ယောက်က တစ်ချက်လှုပ်ရှားလာသည်။

မည်သည့်လှုပ်ရှားမှုကိုမျှ မသုံးဘဲ ရိုးရှင်းစွာ ရိုက်ထုတ်လိုက်၏။

"ဖျောက်"

ကျွင်းရှောင်ယောက်၏လက်ဝါးက ဖုန့်ချင်းလင်၏ တိုက်ခိုက်မှုနှင့် တွေ့ဆုံသောအခါ တဖျောက်ဖျောက်အသံများ ထွက်ပေါ်လာသည်။

ဖုန့်ချင်းလင်၏ မျက်နှာ ရုတ်တရက် ဖြူဖျော့သွားသည်။

"ဂျွတ်"

အသံတစ်ချက်နှင့်အတူ သူ့လက်တစ်ဖက်
အရိုးကျိုးသွား၏။

သူ့ခန္ဓာကလည်း လွင့်စဉ်သွားကာ တိုင်တစ်လုံးနှင့်
ဝင်ဆောင့်မိသွားတော့သည်။

ကံကောင်းထောက်မစွာဖြင့်
ကျောက်စိမ်းအင်မော်တယ်မျှော်စင်ကို အစီရင်များဖြင့်
ကာကွယ်ထားသည်။ မဟုတ်ပါက
ဤတိုက်ခိုက်မှုတစ်ခုတည်းဖြင့်
မျှော်စင်ပြိုကျသွားရပေလိမ့်မည်။

"ဒါက ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ"

ဖုန့်ချင်းလင်၏ အနီရောင်နှုတ်ခမ်းများဟာ စက္ကူကဲ့သို့

ဖြူဖြူဖျော့သွားခဲ့သည် ။

နတ်အလင်းများ ပြိုကွဲသွားသောအခါ သူမ၏ မူလရုပ်သွင်ကို မြင်လာခဲ့ရသည်။

ဖြူနုကာ ချောမောလှပသော သူမ မျက်နှာပေါ်တွင် ကြောက်ရွံ့မှုများ ဖြစ်ပေါ်နေတော့၏။

ဖွံ့ထွားကာ ဆွဲဆောင်မှုရှိသော မိန်းကလေးဖြစ်၍ နူးညံ့မည်ဟု ပြော၍မရပေ။

ဖီးနစ်သွေးမျိုးဆက်ရှိသူအနေဖြင့် သူ့ခန္ဓာကိုယ်ကြံ့ခိုင်မှုဟာ လူသားကျင့်ကြံသူတချို့ထက်ပင် အဆများစွာ ပိုသန်မာသည်။

ယင်းက သူမကို ပို၍ပင်ကြောက်လန့်သွားစေခဲ့၏။
လူသားမျိုးနွယ်ဝင်တစ်ယောက်၏
ခန္ဓာကိုယ်ကြံ့ခိုင်မှုက ဘယ်လိုလုပ်ပြီး
ဤမျှသန်မာနိုင်သနည်း။

သူကရော ရှေးဟောင်းတော်ဝင်မိသားစုကပဲလား။

ယင်းကိုမြင်သောအခါ ကျွင်းရှောင်ယောက်က
လက်ဝါးတစ်ချက် ထပ်ရိုက်လိုက်သည်။

အနီဖုန့်ချင်းလင်နှင့်ရင်ဆိုင်ရချိန်တွင်
အများကြီးလုပ်စရာမလိုဘဲ လက်ဝါးတစ်ချက်သာ
လိုအပ်၏။

ကျွင်းရှောင်ယောက်က လက်ဝါးနှင့်

ထပ်ရိုက်သည်ကိုမြင်သောအခါ ဖုန့်ချင်းလင်
အံကြိတ်သွားသည်။

ရှေးဟောင်းတော်ဝင်မိသားစုမှ
သမီးတော်တစ်ယောက်ဖြစ်သောကြောင့် ထိုသို့
အရှက်ခွဲခြင်းကို သည်းမခံနိုင်ပေ။

ဖုန့်ချင်းလင်လက်မောင်းမှ အနီရောင်အလင်းများ
တောက်ပလာပြီး ကျိုးသွားသောအရိုးများကလည
ပြန်ကောင်းလာသည်။

"အစွမ်းထက်လိုက်တဲ့ခန္ဓာကိုယ်"

"ဖုန့်ချင်းလင်က ဖီးနစ်သွေးရေကန်မှာ
ရေချိုးခဲ့ရတယ်ဆိုတဲ့ ကောလဟာလတွေတော့
ကြားဖူးပါရဲ့၊ ကြည့်ရတာ ဒီကောလဟာလတွေက

တကယ်ဖြစ်နေပုံရတယ်"

ဖုန့်ချင်းလင်၏ အခြေအနေက လူအများစုကို ထပ်မံအံ့သြသွားစေသည်။

ရှေးဟောင်းတော်ဝင်မိသားစု၏ မြင့်မြတ်သမီးတော်ဖြစ်ထိုက်သည်။ သူ့တွင် ဝှက်ဖဲအမျိုးမျိုးရှိ၏။ သာမန်ပါရမီရှင်များက သူ့ကို လုံးဝယှဉ်နိုင်မည်မဟုတ်ပေ။

"ဘာအသုံးဝင်လဲ"

ကျွင်းရှောင်ယောက်၏ မျက်နှာအမူအရာက အပြောင်းအလဲမရှိပေ။

"ဖီးနစ်ပျံသန်းလက်သည်းကုပ်ချက်"

ဖုန့်ချင်းလင်က လလ်သည်းနှင့်ကုပ်ဆွဲလိုက်သည်။
ထိုအခါ သူ့လက်သည်းရှေ့တွင်
ဖီးနစ်လက်သည်းကြီးအသွင် ပေါ်လာခဲ့၏။ ယင်းက
လေထုကို တရှီရှီဖြင့် ဖြတ်သန်းသွားတော့သည်။

ဤလက်သည်းကုပ်ချက်က
သာမန်ပါရမီရှင်တစ်ယောက်ကို ချက်ချင်း
သေဆုံးသွားစေနိုင်သည်။

သို့ရာတွင် ကျွင်းရှောင်ယောက်က
လက်သီးချက်ထုတ်ဖော်လိုက်သောအခါ
ဖီးနစ်လက်သည်းကြီး ပြိုကျသွား၏။
ဖုန့်ချင်းလင်လည်း သွေးတစ်ပွက်အန်ကာ
လွင့်စဉ်သွားတော့သည်။

ကျွင်းရှောင်ယောက်၏ မျက်နှာက အေးစက်နေသည်။

သူ့လက်တွင်ကား နတ်အလင်းများ တောက်ပနေ၏။။။

သူက ထာဝရအင်မော်တယ်အရိုး၏ စွမ်းအားကို စုစည်းထားခြင်း ဖြစ်သည်။

ကျွင်းယောက်ကိုကြည့်ရင်း ဖုန့်ချင်းလင်ဟာ အန္တရာယ်များကို ခံစားလာရသည်။

ကျွင်းရှောင်ယောက်၏ လက်သီးချက်က ကြောက်စရာကောင်းလှသည်။

ဖုန့်ချင်းလင်လည်း ထိတ်လန့်တကြားဖြင့် အကာကွယ်မှော်ရတနာကို အမြန်ထုတ်လိုက်သည်။ ယင်းမှာ ဖီးနစ်အတောင်ပံခေါက်ထားသကဲ့သို့ ရွှေနီဒိုင်းကာတစ်ခု ဖြစ်သည်။

"ဝုန်း"

ကျယ်လောင်သော ပေါက်ကွဲသံတစ်ချက်
ထွက်ပေါ်လာသည်။

အဆင့်မနိမ့်လှသောဒိုင်းဟာ
လက်သီးတစ်ချက်ကြောင့် ပေါက်ကွဲသွားရ၏။

ဖုန့်ချင်းလင်လည်း လိပ်ပြာလွင့်မတတ်
ထိတ်လန့်သွားကာ ကောင်းကင်ယံသို့
ပျံတက်လိုက်သည်။ ထို့နောက်တော့
ကြောက်လန့်တကြားဖြင့် ရထားအတွင်းသို့
အမြန်ဝင်ပြေးကာ ယင်ကောင်တစ်ကောင်ကဲ့သို့
ထွက်ပြေးသွားတော့သည်။

တိတ်ဆိတ်နေလို့...

မျှော်စင်အပေါ်ဆုံးထပ်မှ ပါရမီရှင်အားလုံး
တောင့်တင်းကာ တိတ်ဆိတ်နေသည်။

ဖီးနစ်ဝိညာဉ်တောင်တန်းမှ ကျော်ကြားသော
သမီးတော်ဟာ သုံးချက်တိုင်တိုင် ဖိနှိပ်ခံခဲ့ရ၏။

ဤသတင်း ပြန့်သွားခဲ့ရင် အတော်ပင်
တုန်လှုပ်သွားကြလိမ့်မယ်။

ကျွင်းရှောင်ယောက်ကိုကြည့်သော ကုချင်းမိန်းမပျို၏
မျက်လုံးများက ပို၍တောက်ပလာသည်။

ချင်ရွှမ်၏ သေးငယ်သော ပါးစပ်ကလေးကလည်း
ဝိုင်းစက်ကာ မျက်လုံးများ ပြူးကျယ်နေလေသည်။
ကျွင်းရှောင်ယောက်ကို ဤမျှသန်မာမည်ဟု

သူမျှော်လင့်မထားခဲ့မှန်း ထင်ရှားသည်။

ရတနာကုန်သည်အသင်းမှ သခင်လေး၏
မျက်နှာမှာတော့ ကြောက်ရွံ့ရာမှ
တည်ငြိမ်လာပြန်သည်။

ကုန်သည်ကြီးအသင်းမှ
သခင်လေးတစ်ယောက်အနေဖြင့် သူဟာ
အလွန်ပါးနပ်သည်။ ဤလူငယ်ကို
သူရန်စ၍မဖြစ်ကြောင်း ကောင်းစွာ သိရှိ၏။

သို့သော်လည်း မင်းသားက မတူပေ။

ပန်ဝူနတ်ဘုရားမင်းဆက်၏
မင်းသားလေးတစ်ပါးအနေဖြင့် သူဟာ လေမိုးကိုပင်
ဆင့်ခေါ်နိုင်ခဲ့သည်။

ယခုတော့ ကျွင်းရှောင်ယောက်၏ တည်ရှိမှုက သူ့ကို အကျပ်အတည်းများ ခံစားလာခဲ့ရချေပြီ။

ကုချင်းမိန်းမပျို၏ ကျွင်းရှောင်ယောက်အပေါ် သဘောထားကိုမြင်သောအခါ ပို၍ စိတ်မချမ်းမသာဖြစ်လာတော့သည်။

"သခင်လေး၊ ရှင် ထျန်ချင်ရဲ့ တောင်းဆိုမှုလေးကို မတုံ့ပြန်ရသေးဘူးနော်"
ကုချင်းမိန်းမပျိုက ခပ်တိုးတိုး ပြောလိုက်သည်။

သူမ ရည်ညွှန်းသည်ကလည်း တစ်ညလုံး လူကြီးကြိုက် အကြောင်းကို ပြောဆိုနေရန် မဟုတ်ပေ၊ ကုချင်းအကြောင်းကို ဆွေးနွေးရန်သာ ဖြစ်သည်။

သို့သော်လည်း သူ့စကားများက
အလွန်ညင်သာခဲ့လေသည်။

-------------

အခန်း ( ၁၀၂ ) တတိယမင်းသား၏ စိတ်၊
အမှောင်ကမ္ဘာလုပ်ကြံသတ်ဖြတ်သူအဖွဲ့ ့

ကုချင်းမိန်းကလေး၏ အမူအရာကိုကြည့်ကာ
အမျိုးသားများ အသည်းကွဲသွားကြသည်။

သို့သော်လည်း
အတွေ့အကြုံကြွယ်ဝသူများဖြစ်သောကြောင့်
ကျွင်းရှောင်ယောက်ကို အလွယ်တကူ

သွားမရှုပ်သင့်ကြောင်း သိထား၏။

ကုချင်းမိန်းကလေး၏ စိတ်လှုပ်ရှားနေသော
အသွင်ကိုကြည့်ကာ ကျွင်းရှောင်ယောက်
နှုတ်ခမ်းကိုတွန့်ကွေးလိုက်သည်။

ဤကမ္ဘာပေါ်တွင် အေးစက်စက်နေသော မိန်းမလှ၍
မရှိပြီ ဟုလည်း တွေးလိုက်မိလေသည်။

မိန်းကလေးတစ်ယောက်က သင့်ကို
လျစ်လျူရှုထားရသော အကြောင်းရင်းမှာ သူမ၏
ပင်ကိုယ်စရိုက်ကြောင့်မဟုတ်ဘဲ သင့်ကို
မနှစ်သက်သောကြောင့်သာ ဖြစ်သည်။

စိတ်မကောင်းစရာက တတိယမင်းသားဟာ
ထိုကဲ့သို့သော တည်ရှိမှုတစ်ခု ဖြစ်နေခဲ့ချေသည်။

သူ့အဆင့်အတန်းက မနိမ့်သော်လည်း
ကုချင်းမိန်းမပျို၏ အကြိုက်မဖြစ်နိုင်ခဲ့ပေ။

ဆန့်ကျင်ဘက်အနေဖြင့် ကျွင်းရှောင်ယောက်ကတော့
ကုချင်းမိန်းကလေး၏ မျက်လုံးထဲတွင်
နတ်သားလေးကဲ့သို့ ဖြစ်နေသည်။

လျှို့ဝှက်ဆန်းကြယ်သော ဝိသေသလက္ခဏာနှင့်
ကြောက်မက်ဖွယ်သော စွမ်းအားတို့ကို
ဘေးဖယ်ထားလျှင်ပင်...

ကျွမ်းကျင်ပိုင်နိုင်လှသော
ကုချင်းပညာရပ်တစ်ခုတည်းက ကုချင်းမိန်းကလေး၏
ရေခဲနှလုံးသားကို အရည်ပျော်ကျစေရန်
လုံလောက်နေခဲ့ပြီ ဖြစ်သည်။

သို့ရာတွင် ကံမကောင်းစွာဖြင့် ကျွင်းရှောင်ယောက်က ကုချင်းမိန်းကလေးကို စိတ်မဝင်စားပေ။

သို့သော်လည်း တတိယမင်းသားအတွက် စီစဉ်စရာများရှိသောကြောင့် သဘောတူပေးရပေဦးမည်။

"မိန်းကလေးထျန်ချင်က ဖိတ်ခေါ်လာမှတော့ ငါကလည်း မငြင်းသာတော့ပါဘူး"
ကျွင်းရှောင်ယောက်က ပြုံးကာ ပြောလိုက်သည်။

ကျွင်းရှောင်ယောက်က သဘောတူလိုက်သောအခါ အေးစက်စက် သူမ မျက်နှာထက်တွင် တောက်ပသော အပြုံးပန်းတစ်ပွင့် ပွင့်လန်းလာ၏။

ဤအတွက် တတိယမင်းသားဟာ ပို၍ပင် မနာလိုလာတော့သည်။

သူ့အကောင်းဆုံး ကြိုးစားလျှင်ပင် ဤမိန်းမလှလေးထံမှ အပြုံးတစ်ပွင့်မရသော်လည်း ကျွင်းရှောင်ယောက်က ပုံမှန်အတိုင်း သဘောတူရုံဖြင့် ရှယ်ပြုံးပြခံနေရပြီ ဖြစ်သည်။

"သခင်လေး၊ ကျေးဇူးပြုပြီး…"

ကုချင်းမိန်းကလေးဟာ ကျွင်းရှောင်ယောက်နှင့် ညလုံးပေါက် စကားပြောရန်၊ ကုချင်းအကြောင်းပြောရန် စောင့်နိုင်သေးပုံ မရတော့ပေ။

ကျွင်းရှောင်ယောက်လည်း ခေါင်းညိတ်၍

ချင်ရွှမ်ကိုခေါ်ကာ ကုချင်းမိန်းကလေးအနောက်မှ လိုက်ပါသွားတော့သည်။

"ဟင်း၊ တတိယမင်းသား... ငါတို့ ဒီအတွက် တိုက်ခိုက်လာခဲ့ရတာကြာပြီ၊ ဒါပေမဲ့ နောက်ဆုံးတော့ တစ်ပါးသူအတွက် မင်္ဂလာဝတ်စုံ ချုပ်ပေးလိုက်ရသလိုပါပဲလား"

ရတနာကုန်သည်အသင်း၏ သခင်လေးက ခါးသက်သက်ဖြင့် ပြုံးကာ ခေါင်းကို အနည်းငယ်ခါယမ်းလိုက်သည်။

"မင်းက ကုချင်းမိန်းကလေးကို ဒီကောင့်လက်ထဲ ဒီအတိုင်း ပါသွားခံလိုက်တော့မှာလား"

တတိယမင်းသား၏ မျက်လုံးမှာတော့ အရောင်တချို့ လက်နေသည်။

"အချင်းချင်းမို့ ငါသတိပေးလိုက်မယ်နော်၊ ဒီကောင့်ကို သွားမရှုပ်နဲ့"

ရတနာကုန်သည်အသင်းမှ သခင်လေးက ပြောလိုက်၏။

"အိုး၊ မင်းက သူ့အနေထားကို သိလို့လား"

တတိယမင်းသား၏မျက်လုံးက အရောင်တစ်ချက်လက်သွားသည်။

"ငါမသိပါဘူး၊ ဒါက သဘာဝခံစားနိုင်စွမ်းပဲ"

ရတနာကုန်သည်အသင်းမှ သခင်လေးက ပြောလိုက်သည်။

ရတနာကုန်သည်အသင်းမှ သခင်လေးဟာ လူပေါင်းစုံဖြင့် ဆက်ဆံဖူးသောကြောင့် မည်သူ့ကို ရန်စနိုင်သည်၊ မည်သူ့ကိုတော့ ရှောင်ရမည်ကို

ကောင်းစွာသိ၏။

"မင်းသူ့ကို မရှုပ်နိုင်ဘူးလား၊ ဟားဟားဟား... သူက အင်မော်တယ်တာအိုမျိုးနွယ်ကဆိုရင်တောင် ငါကလည်း နတ်ဘုရားမင်းဆက်မှ မင်းသားတစ်ပါးပဲကွ"

တတိယမင်းသားက အေးစက်စက်ဖြင့် အင်္ကျီလက်ကို ခါယမ်းလိုက်၏။ ထို့နောက်တော့ အနောက်လှည့်ကာ ထွက်သွားတော့သည်။

"ဟင်း... ငါ့စကားကို နားမထောင်ရင် မင်းရှေ့လျှောက် ဒုက္ခရောက်လိမ့်မယ်"

ရတနာကုန်သည်အသင်းမှ သခင်လေးကလည်း ခေါင်းကို တိတ်တဆိတ် ခါယမ်းလိုက်သည်။

သူဟာ တတိယမင်းသား၏ ကံဆိုးမှုကိုတောင် ကြို၍

ခံစားနေမိတော့သည်။

..........

ကျောက်စိမ်းအင်မော်တယ်မျှော်စင်မှ ကုချင်းပြိုင်ပွဲ
ပြီးဆုံးခဲ့ချေပြီ။

သို့ရာတွင် လှုပ်ခတ်မှုများစွာဖြင့် ကျန်ရစ်ခဲ့ရသည်။

အကြောင်းမှာ မျိုးဆက်သစ်လူငယ်လေး
တစ်ယောက်က ကုချင်းမိန်းကလေးကို
ပထမဆုံးအကြိမ် အနိုင်ယူခဲ့ခြင်းကြောင့်ဖြစ်သည်။

အနှီလျှို့ဝှက်ဆန်းကျယ်သောလူငယ်လေးက
ဖီးနစ်ဝိညာဉ်တောင်တန်းမှ သမီးတော်ဖုန့်ချင်းလင်ကို

ထပ်မံဖိနှိပ်လိုက်သောကြောင့်လည်း ပို၍ တုန်လှုပ်ကြရသည်။

ယခုတော့ နတ်ဘုရားမင်းဆက် တော်ဝင်မြို့တော်အတွင်းရှိ စားသောက်ဆိုင်အားလုံးမှာ ဤအကြောင်းများကိုသာ စိတ်ဝင်တစား ဆွေးနွေးပြောဆိုနေကြတော့သည်။

"မင်းသမီးကြီးရဲ့ ကြင်ရာရွေးပွဲမှာ အစွမ်းထက်ပါရမီရှင်တွေ အများကြီး ထွက်ပေါ်လာတယ်ဗျ"

"အမှန်ပဲဗျို့၊ ဖီးနစ်ဝိညာဉ်တောင်တန်းက မြင့်မြတ်သမီးတော်လို ပါရမီရှင်မျိုးတောင် အလွယ်တကူ ရှုံးနိမ့်ခဲ့ရတာ"

"အနာဂတ်မှာ ဘယ်လို ကြေမ်းကောင်တွေ
ထွက်လာဦးမယ်ဆိုတာ တကယ်မခန့်မှန်းနိုင်ဘူး"

"ကျုပ်က ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်
ရောက်လာဖို့ကို မျှော်လင့်နေပေမယ့်
ကံမကောင်းချင်တော့ သူလာမဲ့သတင်းကို
မကြားမိဘူး"

"စောင့်ကြည့်စမ်းပါ၊ ကျွင်းမိသားစုရဲ့
နတ်ဘုရားသားတော်က ကွမ်ကျွင်းရန်ပန်ကို
အကြာကြီးနေခွင့်မပြုဘူးဆိုတာ ကျုပ်ယုံတယ်"

.........

တော်ဝင်မြို့တော်အရှေ့ပိုင်းရှိ
တိတ်ဆိတ်ငြိမ်သက်သော အိမ်ကြီးတစ်လုံးထဲတွင်...

လူများကို တစ်ခါကြားသည်နှင့် နောက်တစ်ခါ မကြားရဘဲ မနေနိုင်အောင် ဆွဲဆောင်နိုင်သော ကုချင်းသံများ ထွက်ပေါ်နေသည်။

ထိုအချိန်တွင် အဖြူရောင်ဝတ် ကျွင်းရှောင်ယောက်က အရှေ့မှထွက်လာပြီး တံ့ဆိုင်းနေသော ကုချင်းမိန်းကလေးကတော့ အနောက်မှ လိုက်လာသည်။

"သခင်လေး၊ အရမ်းနောက်ကျနေပြီလေ၊ ဒီမှာ တစ်ညလောက် အနားယူလိုက်ပါဦးလား" ကုချင်းမိန်းကလေးက တွန့်ဆုတ်စွာ ပြောလိုက်သည်။

သူဟာ ကျွင်းရှောင်ယောက်နှင့်အတူ ကုချင်းတီးခတ်ရင်း ကုချင်းတာအိုကို

အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ဤအချိန်တွင် ဖြစ်ပေါ်လာသည့် အေးချမ်းမှု ခံစားချက်မျိုးကို သူမ တစ်ခါမှ မကြုံဖူးပေ။

"မနားတော့ပါဘူးကွာ၊ ငါ့မှာ လုပ်စရာလေးတွေရှိသေးတယ်၊ နှုတ်ဆက်ပါတယ်" ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

"စိတ်မကောင်းစရာပဲ၊ ဒါဆိုရင်လည်း နောင်မှ သခင်လေးနဲ့ တွေ့ခွင့်ထပ်ရဖို့ မျှော်လင့်ပါတယ်" ကုချင်း မိန်းကလေး ဝမ်းနည်းသွားသည်။

ကျွင်းရှောင်ယောက် ထွက်သွားကာနီးတွင် သူမက ရုတ်တရက် တားလိုက်ပြန်သည်။

"ဒီလောက်အကြာကြီး ရှိနေခဲ့ပေမဲ့
သခင်လေးနာမည်ကို မသိရသေးဘူး"

ကုချင်းမိန်းကလေးက
တောက်ပနေသောမျက်လုံးများဖြင့် မေးလိုက်သည်။

"အင်မော်တယ်ဖြစ်ဖို့က ရှောင်ယောက်အတွက်
လွယ်ပါတယ်၊ ဒါပေမဲ့ ခက်တယ်။
ငါသွားပါတော့မယ်"

ကျွင်းရှောင်ယောက်လည်း ပြောဆိုကာ
ထွက်သွားတော့သည်။

"အင်မော်တယ်ဖြစ်ဖို့က ရှောင်ယောက်အတွက်
လွယ်ပါတယ်..."

ရေရွတ်ရင်း ရုတ်တရက် ကုချင်းမိန်းကလေး၏
ခန္ဓာကိုယ်ကလေးက တုန်ခါလာသည်။

“အဲဒါ…အဲဒါ သူပဲ…”

ကုချင်းမိန်းကလေး အသက်ပြင်းပြင်းရှူလိုက်သည်။

အံ့အားသင့်မှု၊ ပျော်ရွှင်မှု၊ စိတ်ခံစားမှု အမျိုးမျိုးတို့က သူ့နှလုံးသားထဲတွင် လှိမ့်ဝင်လာ၏။

သူမက အမှန်တကယ် ထိုကဲ့သို့သော တည်ရှိမှုနှင့် အချိန်အတော်ကြာ အမှန်တကယ် နေခဲ့ရလေသည်။

အခြားတစ်ဖက်တွင် ကျွင်းရှောင်ယောက်က လေထဲမှ ဖြတ်လျှောက်သွားခဲ့သည်။

"တော်တော်တောင်ကြာနေပြီ၊ ဒီကောင်က တကယ်သတိကြီးနေတာများလား"

ကျွင်းရှောင်ယောက်၏ မျက်လုံးများ
ပြောင်းလဲသွားသည်။

ဟုတ်ပေသည်။ သူဟာ ကုချင်းမိန်းကလေးနှင့်
အတူရှိနေခဲ့ရသည့်အတွက် ပျင်းရိမှုတော့ မဖြစ်မိပေ။

အင်မော်တယ်အရင်းအမြစ်သုံးရာကို ရယူခြင်းအပြင်
သူ၏ တခြားရည်ရွယ်ချက်တစ်ခုက
တတိယမင်းသားနှင့် တစ်ခုခု ပတ်သက်ချင်၍
ဖြစ်သည်။

ကျွင်းရှောင်ယောက် တွေးလိုက်ရုံမျှရှိသေး...

သူ့ပတ်ဝန်းကျင်ရှိ အသံများ ရုတ်တရက်
ပျောက်ကွယ်သွားပုံရသည်ကို
သူသတိထားလိုက်မိသည်။

တော်ဝင်မြို့တော်ရှိ အဆောက်အဦးများမှ
မီးရောင်များပင် လုံးဝငြိမ်းသွားခဲ့၏။

ပိုးမွှားများအော်သံနှင့် ငှက်အော်သံများပင်
မကြားရဘဲ ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ထုထဲသို့
ရောက်သွားခဲ့ခြင်း ဖြစ်သည်။

"အိုး... မင်းတို့က ဒီမှာလား"
ကျွင်းရှောင်ယောက် မျက်ခုံးပင့်လိုက်သည်။

သူဟာ တစ်ဖက်လူများ ချထားသော
အစီရင်အတွင်းသို့ ကျရောက်သွားကြောင်း
ထင်ရှား၏။

ထိုအချိန်တွင် ကျွင်းရှောင်ယောက်အနောက်ဘက်မှ
လူရိပ်တစ်ခု ထွက်ပေါ်လာပြီး
ဓားနှင့်ထိုးစိုက်လိုက်သည်။

သဟာဇာတနယ်ပယ်။

တစ်ဖက်လူ၏ အဆင့်ကို ကျွင်းရှောင်ယောက်
အကဲခတ်မိသွားသည်။

"သေ"
အရိပ်ထံမှ အက်ရှရှအသံတစ်ချက်
ထွက်ပေါ်လာခဲ့သည်။

သွေးဓား၊ သွေးသတ်ဖြတ်ခြင်း...

"သွေးသတ်ဖြတ်ခြင်းဓားသိုင်း၊ မင်းက
အမှောင်ကမ္ဘာလုပ်ကြံသူပဲ"
ကျွင်းရှောင်ယောက် ချက်ချင်းပြန်လှည့်ကာ
လက်ဝါးဖြင့်ရိုက်ထုတ်ရင်း ပြောလိုက်သည်။

အမှောင်ကမ္ဘာသည်
အင်မော်တယ်နယ်မြေကြီးတစ်ခုလုံး၌
အလွန်ကျော်ကြားသော လုံကြံသတ်ဖြတ်ရေး
အဖွဲ့အစည်းတစ်ခု ဖြစ်သည်။

အခကြေးငွေ အလုံအလောက်ပေးသ၍ မည်သူ့ကိုမဆို
လုပ်ကြံသတ်ဖြတ်နိုင်ကြ၏။

၎င်းတို့ဟာ အင်မော်တယ်တာအိုမျိုးရိုးမှ လူများကိုပင်
လုပ်ကြံသတ်ဖြတ်ဝံ့ကြသည်။

"ငတုံး"

ကျွင်းရှောင်ယောက်က သူ့ဓားကို လက်ဖဝါးနှင့် ခုခံနေသည်အား မြင်ရသောအခါ လုပ်ကြံသူက လှောင်ရယ်လိုက်၏။

သူက ကျွင်းရှောင်ယောက်ထပ် နယ်ပယ်ပိုမြင့်မားသည့်အပြင် ရှေးဟောင်းလက်နက်တစ်ခုကို ကိုင်ထားသည်။ ထို့ပြင် ထိပ်တတ်း လုပ်ကြံသတ်ဖြတ်ခြင်း ဓားသိုင်းကိုလည်း အသုံးပြုထားသေး၏။

ဤအခြေအနေမျိုးကို လက်ဗလာနှင့် ခုခံခြင်းက သူ့အမြင်တွင် မိုက်မှုသာ ဖြစ်သည်။

သို့သော်လည်း နောက်အခိုက်အတန့်တွင် အရိပ်မရယ်နိုင်တော့ပေ။

"ကလွမ်"

သံသံချင်း တိုက်မိသကဲ့သို့ အသံထွက်ပေါ်လာသည်။

ကျွင်းရှောင်ယောက်က ရှေးဟောင်းဓားကို
လက်ဗလာနှင့် ခုခံလိုက်၏။

သူ့ညာလက်မှာလည်း တောက်ပသောအလင်းများ
ထွက်ပေါ်နေလေသည်။

အားကောင်းပြီး သန်မာသော
ထာဝရအင်မော်တယ်အရိုးခြောက်ခုဖြင့်
လက်သီးချက်ထုတ်ဖော်လိုက်သောအခါ လေထုက
တုန်ခါလာခဲ့သည်။

"ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ"

လုပ်ကြံသတ်ဖြတ်သူ
ထိတ်လန့်တကြားဖြစ်သွားသည်။

ကျွင်းရှောင်ယောက်က လက်သီးချက်
ထုတ်ဖော်လိုက်သောအခါ တခါတည်း
ပေါက်ကွဲသွား၏။

ထို့နောက် ကျွင်းရှောင်ယောက်က ပတ်ဝန်းကျင်ကို
တစ်ချက်အကဲခတ်ရင်း လျစ်လျူရှုစွာ
ပြောလိုက်သည်။

"ဘာလို့ပုန်းနေတာလဲ၊ ထွက်လာခဲ့စမ်း"

"ဟားဟား၊ ငါ သားကောင်ကို
လျှော့တွက်မိသွားတတယ်။ မင်းက ဘယ်မျိုးရိုးကနေ
ဆင်းသက်လာတာလဲ"

စကားသံနှင့် ညအမှောင်ယံတွင် လူရိပ်လေးခု
ထွက်ပေါ်လာသည်။

အနက်ရောင်ဝတ် သုံးယောက်ရှိကာ
ကျန်တစ်ယောက်မှာ သွေးရောင်ဝတ်စုံ ဝတ်ထား၏။

သွေးရောင်ဝတ်စုံ ဝတ်ထားသူကား
အမှောင်ကမ္ဘာလုပ်ကြံသူဖြတ်သူအဖွဲ့မှ
နီဗားနားနယ်ပယ် လူသတ်သမားပင် ဖြစ်တော့သည်။

-------------

အခန်း ( ၁၀၃ ) နီဗားနားနယ်ပယ် လုပ်ကြံသူကို
ဖိနှိပ်ခြင်း၊ တတိယမင်းသားကို စီစဉ်ပြီးပြ

နီဗားနားနယ်ပယ်သို့ ရောက်ရှိသောအခါ
ခန္ဓာတစ်ခုလုံး ပြောင်းလဲသွားခဲ့သည်။

ဖင်းဂေါ့ခန္ဓာကို မီးမျိုးစေ့ဖြင့် သန့်စင်ရုံသာမကဘဲ
နတ်နန်းတော်အတွင်းမှ အစစ်အမှန်ဝိညာဉ်ကလည်း
ရှေးဦးဝိညာဉ်အဖြစ် ပြောင်းလဲသွား၏။

ပေါင်းစည်းခြင်းနယ်ပယ်၌ဆိုလျှင်
မိမိနှင့်လိုက်ဖက်သော ဝိညာဉ်မျိုးစေ့အမျိုးမျိုးနှင့်
အင်မော်တယ်မျိုးစေ့ကို ရှာဖွေရသည်။

ထို့နောက် နီဗားနားနယ်ပယ်အတွက်
မီးမျိုးစေ့ကိုရှာကာ ဖင်းဂေါ့ခန္ဓာအား လေ့ကျင့်ရ၏။
အစစ်အမှန်ဝိညာဉ်ကိုလည်း
ရှေးဦးဝိညာဉ်အဖြစ်သို့ပြောင်းကာ ရှင်ခြင်းအဆင့်၏

ဆင့်ကဲဖြစ်စဉ်များကို အဆင့်ဆင့်
နားလည်ရပေသည်။

ထို့ကြောင့် နီဗားနားနယ်ပယ်များ၏ခွန်အားက
မူလနယ် သို့မဟုတ်
တာအိုပေါင်းစည်းခြင်းနယ်ပယ်များ
ယှဉ်နိုင်သောအရာ မဟုတ်ပေ။

မြေအောက်ကမ္ဘာလုပ်ကြံသတ်ဖြတ်ခြင်းအဖွဲ့က
ကျွင်းရှောင်ယောက်ကိုသတ်ဖြတ်ရန် နီဗားနားနယ်ပယ်
လူသတ်သမားကိုပင် အမှန်တကယ် စေလွှတ်ခဲ့သည်။

ယင်းက မျိုးဆက်သစ်လူငယ်အများစု
ရင်ဆိုင်နိုင်သောအရာ မဟုတ်တော့ပါချေ။

"မင်းရဲ့ခွန်အားက လက်ရှိ

အင်မော်တယ်နယ်မြေကြီးရဲ့ မျိုးဆက်သစ်တွေထဲမှာ ထိပ်တန်းပဲဆိုတာ ငါဝန်ခံပါတယ်။ ဒါပေမဲ့ ဒီလိုအခင်းအကျင်းအောက်မှာ မင်းအသက်ရှင်နိုင်ဦးမယ်ထင်လား"

သွေးရောင်ဝတ်လူသတ်သမားက ညဇီးကွက်တစ်ကောင်ကဲ့သို့ အက်ရှရှအသံဖြင့် ပြောလိုက်သည်။

"မင်း စကားတစ်ခွန်းကို မကြားဖူးဘူးလား"

ကျွင်းရှောင်ယောက်က ထူးမခြားနားဟန်ဖြင့် ပြောလိုက်၏။

"ဘာလဲ"

သွေးရောင်ဝတ် လူသတ်သမားက မျက်လုံးများကျဉ်းမြောင်းသွားသည်။

"စကားများလွန်းရင် သေတတ်တယ်"

စကားဆိုးသည်နှင့်
ကျွင်းရှောင်ယောက်နောက်ကျောတွင်
နတ်ဆိုးတောင်ပံများ ထွက်ပေါ်လာသည်။ သူ့ခန္ဓာကို
တစ်ချက်လှုပ်ကာ အနီးဆုံးမှ ပေါင်းစည်းခြင်းနယ်ပယ်
လူသတ်သမားကို ထိုးကြိတ်လိုက်၏။

ထာဝရအင်မော်တယ်အရိုး၏ စွမ်းအားဖြင့်
တောက်ပနေသော ညာလက်သီးဟာ
ဟင်းလင်းပြင်ကိုပင် ဖြိုချပစ်နိုင်ပုံရသည်။

ပေါင်းစည်းခြင်းနယ်ပယ် လူသတ်သမားလည်း
ကြီးမားသော အန္တရာယ်ကို ခံစားရ၍ အလိုအလျောက်
ဓားဖြင့်ထိုးလိုက်သည်။

"ကလွမ်"

သို့သော်... မျှော်လင့်မထားစွာပင် သူ့ခန္ဓာကိုယ်က တိုက်ရိုက် ပေါက်ကွဲသွား၏။

"ချီးပဲ၊ သတ်"

သွေးရောင်ဝတ် လူသတ်သမား၏ မျက်နှာက သုန်မှုန်သွားကာ တခြားနှစ်ယောက်နှင့်အတူ လုမင်ကို တိုက်ခိုက်လိုက်သည်။

ချောက်ချားစရာ အရှိန်အဝါများနှင့်အတူ ကောင်းကင်ယံတွင် သွေးရောင်ဓားကြီးတစ်လက် ထွက်ပေါ်လာသည်။

ကျွင်းရှောင်ယောက်က ဘေးကို ရှောင်ထွက်၍ လေထဲကို ဖမ်းဆုပ်လိုက်သည်။ ထိုအခါ အမှောင်နတ်ဘုရားလှံ့ထွက်ပေါ်လာပြီး ပေါင်းစည်းခြင်းနယ်ပယ် လူသတ်သမားကို

ပစ်ထိုးလိုက်တော့သည်။

အမှောင်နတ်ဘုရားလှံ့တွင်
ကြောက်စရာကောင်းအောင်
ဂျင်ဆယ်သန်းအင်အားများ ပါဝင်နေသည်။

ဤလှံ့ချက်ဟာ မိုးနှင့်မြေကို
ဖောက်ထွင်းသွားနိုင်ပုံရ၏။

လုပ်ကြံသတ်ဖြတ်သူဟာ အနည်းငယ်မျှ မခုခံနိုင်ဘဲ
တိုက်ရိုက်ဖောက်ထွင်းခြင်းကို ခံလိုက်ရတော့သည်။

ယေဘူယျအားဖြင့် သာမန် ပေါင်းစည်းခြင်းနယ်ပယ်
ကျွမ်းကျင်သူများ၏ခွန်အားက ဂျင်ဆယ်သန်း
မရှိပေ။

"သေခြင်းကျိန်စာ"

ယင်းကိုမြင်သောအခါ အနက်ရောင်ဝတ်
လူသတ်သားတစ်ယောက်က
ဟိန်းဟောက်လိုက်သည်။

၎င်းတို့ဟာ အထူးလေ့ကျင့်ထားသော
လူသတ်သမားများဖြစ်လျှင်ပင် ဤအခိုက်တွင်
ကြောက်ရွံ့မှုကို ခံစားလာရသည်။

အနီ နတ်အလင်းများ ဖုံးလွှမ်းနေသောလူငယ်
လူမဟုတ်နိုင်ပေ၊ ၎င်းက မိစ္ဆာတစ်ကောင်သာ
ဖြစ်ရမည်။

ထို့ကြောင့် အနက်ရောင်ဝတ်လူသတ်သမားဟာ
မြေအောက်ကမ္ဘာ၏ လျှို့ဝှက်ကျိန်စာနည်းစနစ်ကို

အသုံးပြုပြီး ကျွင်းရှောင်ယောက်အား
တိုက်ရိုက်သတ်ဖြတ်ရန် ကြိုးစားလိုက်သည်။

တချိန်တည်းမှာပင် သွေးရောင်ဝတ် လူသတ်သမားက
လက်ဝါးကပ်တိုင်ကဲ့သို့ သွေးရောင်ဓားအလင်းနှစ်ခုကို
ထုတ်ဖော်လိုက်၏။

၎င်းက အလွန်စွမ်းထက်သော
ထောင့်ဖြတ်သွေးသတ်ဖြတ်ခြင်းသိုင်း ဖြစ်သည်။

ကျွင်းရှောင်ယောက်၏ မျက်နှာအမူအရာကတော့
တည်ငြိမ်နေဆဲပင်။

၎င်းက ကျိန်စာလျှို့ဝှက်ကျင့်စဉ်၏စွမ်းအားကို
သူ့အပေါ်သို့ ကျဆင်းခံကာ
အရှေ့ဆက်တိုးသွားသည်။

ရှေးဟောင်းမြင့်မြတ်ခန္ဓာဟာ မိစ္ဆာဆန်သော

အရာအားလုံးကို ဖိနှိပ်နိုင်စွမ်းရှိ၏။

ထို့ပြင် ဤကျိန်စာက မိစ္ဆာစွမ်းအားများပါ၍

ကျွင်းရှောင်ယောက်ကို မထိခိုက်စေနိုင်ခဲ့ပေ။

ကျွင်းရှောင်ယောက်က

အနက်ရောင်ဝတ်လူသတ်သမားကို လက်ဝါးတစ်ချက်

ရိုက်ချလိုက်သောအခါ သွေးမိုးများအဖြစ်

ပေါက်ကွဲရွာသွန်းသွားတော့သည်။

"သေတော့"

ယင်းကိုမြင်သောအခါ သွေးရောင်ဝတ်

လူသတ်သမားက လျှောင်ပြောင်လိုက်၏။

သူ၏ ထောင့်ဖြတ်
သွေးသတ်ဖြတ်ခြင်းဓားသိုင်းကလည်း
ကျွင်းရှောင်ယောက်ကို ထိမှန်လုနီးပြီ။

ထိုအချိန်တွင် ကျွင်းရှောင်ယောက်၏ ခန္ဓာပေါ်၌
ပျော့ပြောင်းသော ချပ်ဝတ်တစ်ခု ထွက်ပေါ်လာသည်။

၎င်းက ကောင်းကင်ပြာ ဘိုးဘေးနဂါးချပ်ဝတ်
ဖြစ်သည်။

"ချွမ်"
လက်ဝါးကပ်တိုင်သဖွယ် ဓားအလင်းက
ကျွင်းရှောင်ယောက်ကို ထိမှန်သောအခါ
မီးပွားများသာ ဖြာထွက်လာပြီး ဘာမျှမဖြစ်ခဲ့ပေ။

"ဒါက ဘယ်လိုဖြစ်တာလဲ"

သွေးရောင်ဝတ် လူသတ်သမား ကြာကြာ တုန်လှုပ်ချိန်မရလိုက်ပါ။ ကျွင်းရှောင်ယောက်၏ မျက်ခုံးနှစ်ခုကြားမှ နန်အမိန့်ချိန်းက ရွှေရောင် ဓားမြှောင်တစ်လက်အသွင်ဖြင့် ပြေးထွက်လာသည်။

ယင်းက မူလအုပ်ချုပ်သူ တာအိုဓား ဖြစ်သည်။

ဤလှုပ်ရှားမှုဟာ အမှတ်တမဲ့ဆန်လွန်း၏။

အကွာအဝေးကလည်း အလွန်နီးကပ်ရာ သွေးရောင်ဝတ် လူသတ်သမားပင်လျှင် ရှောင်တိမ်းရန် အချိန်မမှီတော့ပေ။

"ရှုပ်"

သွေးရောင်ဝတ်လူသတ်သမား၏ ခန္ဓာကိုယ်က ထက်ခြမ်းကွဲသွားခဲ့သည်။

ထိုအချိန်တွင် နတ်နန်းတော်အတွင်းမှ အလင်းစီးကြောင်းတစ်ခု ထွက်ပေါ်လာခဲ့၏။

၎င်းက ရှေးဦးဝိညာဉ်ဖြစ်သည်။

"ပြေးလို့ရရိုးလား"

ကျွင်းရှောင်ယောက်က ခပ်ယဲ့ယဲ့ပြုံးကာ သူ့လက်ကိုဆန့်၍ ဖမ်းလိုက်သည်။

အနီး သွေးရောင်ဝတ်လူသတ်သမားက သူ့အစီအစဉ်တွင် များစွာ အရေးပါ၏။

ထိုအခါ ရွှေရောင်လက်ဝါးကြီးက ရှေးဦးဝိညာဉ်ကို ဖမ်းဆုပ်သွားတော့သည်။

"ငါ့ကိုသတ်ဖို့ မင်းကိုဘယ်သူခိုင်းတာလဲ"
ကျွင်းရှောင်ယောက်က မေးလိုက်သည်။

လုပ်ကြံသတ်ဖြတ်သူ၏ ရှေးဦးဝိညာဉ်က ကြောက်လန့်နေသော်လည်း မပြောပေ။

အလုပ်အပ်သူအကြောင်းကို မပေါက်ကြားစေခြင်းက သူတို့ မြေအောက်ကမ္ဘာအဖွဲ့၏ သံမဏိစည်းမျဉ်းဖြစ်သည်။

ကျွင်းရှောင်ယောက်က  ဂရုမစိုက်ဘဲ ပေါ့ပေါ့ပါးပါး

ပြောလိုက်၏။

"တကယ်တော့ မင်းမပြောရင်တောင် ငါက ဘယ်သူလဲဆိုတာ သိပါတယ်၊ ဒါပေမယ့် သက်သေ အထောက်အထားတစ်ခုတော့ ချန်ထားဖို့လိုတယ်"

ကျွင်းရှောင်ယောက်ဟာ သူ၏ စိတ်ဝိညာဉ်စွမ်းအားကို တိုက်ရိုက်လှုံ့ဆော်လိုက်သည်။

ရုတ်တရက်၊ ကြီးမားသော အနက်ရောင်ကြိုတ်ဆုံကြီးတစ်ခု ထွက်ပေါ်လာခဲ့၏။

နတ်ကြိုတ်ဆုံကြီးတွင် နတ်ဘုရားနှင့်နတ်ဆိုးသွေးကဲ့သို့ သွေးများ စွန်းထင်းပေကျံနေသည်။

"အဲဒါဘာလဲ"

လုံကြံသတ်ဖြတ်သူ၏ ရှေးဦးဝိညာဉ်ဟာ
တကိုယ်လုံးစိမ့်သွားသည်အထိ ကြောက်ရွံ့ခြင်းနှင့်
တုန်လှုပ်ခြင်းတို့ကို ခံစားလိုက်ရသည် ။

"မင်း မပြောဘူးဆိုရင် ဖရိုဖရဲနတ်ဘုရားရဲ့ ညှဉ်းပန်း
နှိပ်စက်တာကို ခံရတဲ့အရသာကို
မြည်းစမ်းခွင့်ပေးမယ်"

ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

၎င်းက နတ်ကြိုတ်ဆုံကြီးကို နားလည်ရာမှ
ပြောင်းလဲလာသော နည်းလမ်းဖြစ်သည်။

ကျွင်းရှောင်ယောက်ဟာ လောကပြောင်းလာသော
ဝိညာဉ်ဖြစ်သောကြောင့် ဖရိုဖရဲ ကြိတ်ဆုံကြီး၏
နာကျင်မှုကို ခံနိုင်ရည်ရှိသည်။

သို့သော် တခြားသူများတွင် ဤခံနိုင်ရည်မျိုး မရှိပါချေ။

စိတ်ဝိညာဉ်၏ နာကျင်မှုသည် ခန္ဓာကိုယ်မှ နာကျင်မှုထက် အဆပေါင်း သန်းနှင့်ချီ၍ ပြင်းထန်သည်။

"အား..."

စိတ်ဝိညာဉ်ကို နှိပ်စက်ခြင်းမှ ဖြစ်ပေါ်လာသောနာကျင်မှုဟာ လုပ်ကြံသတ်ဖြတ်သူ၏ ရှေးဦးဝိညာဉ်အား ကျယ်လောင်စွာအော်ဟစ်၍ တဆတ်ဆတ်တုန်သွားစေခဲ့သည်။

ကျွင်းရှောင်ယောက်ဟာ သူ့ခွန်အားကို ထိန်းချုပ်ထား၍ လုပ်ကြံသူ၏ ရှေးဦးဝိညာဉ်မှာ

ပျက်ဆီးမသွားပေ။

သို့တိုင် ဖရိုဖရဲနုတ်ကြိတ်ဆုံကြီးမှ ကြိတ်ချေခံရသော နာကျင်မှုသည် ခန္ဓာထက် အဆပေါင်းများစွာ ပိုနာကျင်စေသည်။

နောက်ဆုံးတော့ လုပ်ကြံသူ၏ ရှေးဦးဝိညာဉ်ဟာ ခံနိုင်ရည်မရှိတော့ပေ။

"ငါ့ကိုလုပ်ကြံဖို့ မင်းတို့ကို ဘယ်သူခိုင်းတာလဲ" ကျွင်းရှောင်ယောက်က ပြောလိုက်သည်။ ထို့နောက် အလင်းနှင့်အရိပ်ကျောက်တုံးကို ထုတ်ယူလိုက်၏။

ဤကျောက်မျိုးက အသံနှင့် ရုပ်ပုံတို့ကို မှတ်တမ်းတင်ထားနိုင်သည်။

"ဟုတ်ပါတယ်... အဲဒါ ပန်ဝူဘုရင့်မင်းဆက်...
တတိယမင်းသားပဲ..." လုပ်ကြံသတ်ဖြတ်သူ၏
ရှေးဦးဝိညာဉ်ဟာ ကြီးစွာသော နာကျင်မှုကြောင့်
အလွန်အားနည်းသွားခဲ့ပြီ ဖြစ်သည်။

"ရပြီ"
ကျွင်းရှောင်ယောက် ပြုံးလိုက်ကာ
အလင်းနှင့်အရိပ်ကျောက်ကို ဖယ်ရှားလိုက်၏။

ထို့နောက်တော့ ဖရိုဖရဲနတ်ဘုရားကြိတ်ဆုံနှင့်
လုံကြံသတ်ဖြတ်သူ၏ ရှေးဦးဝိညာဉ်ကို
အမှုန့်ချေပစ်လိုက်တော့သည်။

သူက အလင်းနှင့်အရိပ်ကျောက်ကို လက်ထဲတွင်
လှည့်ပတ်ဆော့ကစားရင်း ပြုံးကာ

ရေရွတ်လိုက်သည်။

"တတိယမင်းသား... တတိယမင်းသား၊
မင်းဘယ်သူ့ကို လုပ်ကြံမိခဲ့ပြီဆိုတာ
မသိဘူးမဟုတ်လား"

ရှေးဟောင်းမင်းမျိုးနွယ် ကျွင်းမိသားစုမှ
နတ်ဘုရားသားတော်ကို လူသတ်သမားငှား၍
လုပ်ကြံခြင်း။

ဤသတင်းသာ ပျံ့သွားလျှင်တော့ တတိယမင်းသား
အမှန်တကယ် ပြီးသွားပေလိမ့်မည်။

ပန်ဝူနတ်ဘုရားမင်းဆက် တစ်ခုလုံးပင်
အကြီးအကျယ် ငြိစွန်းသွားရမည် ဖြစ်သည်။

ရှေးဟောင်းမင်းမျိုးနွယ် ကျွင်းမိသားစု၏ဒေါသက

ပေါ့ပေါ့တန်တန် မဟုတ်ပါချေ။

အင်အားစုကြီးများတွင် မျိုးဆက်သစ်ပါရမီရှင်များက
အင်အားစုတိုင်း၏ အနာဂတ်ဖြစ်သည်။

ထို့ကြောင့် ထိုသို့လုပ်ကြံခြင်းက
တားမြစ်ချက်တစ်ခုပင်။

တတိယမင်းသားကတော့ သူလုပ်ကြံရန်
ကြိုးစားလိုက်သူ၏ အဆင့်အတန်းနှင့်
အနေအထားကို မသသိသေးပေ။

အကယ်၍ သိခဲ့လျှင်တော့ ယခုထက်
သတ္တိအဆတစ်ရာ ပိုကောင်းလျှင်ပင် လုပ်ကြံဝံ့မည်
မဟုတ်ပါချေ။

ကျွင်းရှောင်ယောက်က လုပ်ကြံသူများကို ကိုင်တွယ်ပြီးချိန်တွင်...

နတ်ဘုရားမင်းဆက်၊ တော်ဝင်နန်းတော်အတွင်းရှိ လျှို့ဝှက်အခန်းထဲတွင် တတိယမင်းသားဟာ မြေအောက်ကမ္ဘာလုပ်ကြံသူအဖွဲ့မှ သတင်းကောင်းကိုစောင့်မျှော်ရင်း လည်တဆန့်ဆန့် ဖြစ်နေတော့သည်။

-------------

အခန်း ( 104 ) လုပ်ကြံသတ်ဖြတ်မှု မအောင်မြင်ပါ၊ ကျွင်းမိသားစုရောက်လာပြီ၊ ရှောင်ချန်း ပြောင်းလဲလာပုံ

"ဟမ့်၊ မိန်းမတစ်ယောက်အတွက် ဒီမင်းသားနဲ့
ယှဉ်ပြိုင်တာက မိုက်မဲလွန်းတယ်"
တတိယမင်းသားက လှောင်ပြောင်သရော်လိုက်သည်။

လျှို့ဝှက်ဆန်းကျယ်သော ထိုသခင်လေးကို
သူမသိသော်လည်း ဤမျှဖြင့် သိပ်ဂရုမစိုက်ပေ။

ထို့ပြင် သူကိုယ်တိုင်က
အင်မော်တယ်နတ်ဘုရားမင်းဆက်၏
တတိယမင်းသားဖြစ်သောကြောင့် အင်မော်တယ်
တာအိုမျိုးရိုးမှ ဆက်ခံသူများထက် မနိမ့်ကြပါချေ။

ထို့ထက် အရေးကြီးဆုံးက မြေအောက်ကမ္ဘာ
လုပ်ကြံသူများက အောင်မြင်သည်ဖြစ်စေ၊
ကျရှုံးသည်ဖြစ်စေ အလုပ်အပ်သူကို မဖော်ပြခြင်း
ဖြစ်သည်။

ထို့ကြောင့် မအောင်မြင်လျှင်ပင် တတိယမင်းသားက သူ့အထောက်အထား ပေါက်ကြားသွားမည်ကို စိုးရိမ်စရာ မလိုပါ။

ဟုတ်သည်။ တတိယမင်းသားဟာ ကျွင်းရှောင်ယောက်က နတ်ကြိုတ်ဆုံကြီးဖြင့် လှော်နေကြောင်းကိုတော့ သူမသိခဲ့ပါချေ။

"ကျုရှုံးဖို့ဆိုတာကလည်း မဖြစ်နိုင်ပါဘူးလေ။ လုံကြိုသူတွေက သူ့ထက် အဆင့်ပိုမြင့်ပြီး နီဗားနားနယ်ပယ်တွေတောင် ပါတယ်"

တတိယမင်းသားက ယုံကြည်မှုအပြည့်ဖြင့် ပြုံးလိုက်သည်။

ထိုအချိန်တွင် အသံလွှင့်ပြောသော အက်ရှရှအသံ

ထွက်ပေါ်လာသည်။

"လုပ်ကြံမှု ကျရှုံးတယ်၊ အချိန်တိုအတွင်း ငါတို့ နောက်ထပ် မလှုပ်ရှားနိုင်တော့ဘူး"

"ဘာ"

ထိုအသံကိုကြားသောအခါ တတိယမင်းသား မျက်နှာအမူအရာ ပြောင်းလဲသွား၏။

"ဘာဖြစ်တာလဲ၊ မဟုတ်မှလွဲ သူ့ရဲ့ တာအိုကာကွယ်သူက လှုပ်ရှားသွားတာလား" တတိယမင်းသား အလျင်စလို မေးလိုက်သည်။

သူ့အနေဖြင့် ဖြစ်နိုင်ချေ ထိုတစ်ခုသာ တွေးမိ၏။

"မဟုတ်ဘူး၊ ပုံစံအရ သူ့ဘာသာ

လှုပ်ရှားသွားသင့်တယ်"

အသံ ထွက်ပေါ်လာသည်။

"ဒါဆို ခင်ဗျားပြောချင်တာ ပေါင်းစည်းခြင်းနယ်ပယ်နဲ့ ခင်ဗျားတို့ ပေါင်းစည်းခြင်းနယ်ပယ် လုပ်ကြံသူတွေနဲ့ နီဗားနားနယ်ပယ်ကို သတ်ဖြတ်သွားတာပေါ့"

တတိယမင်းသား မယုံကြည်နိုင် ဖြစ်သွားသည်။

"အမှန်ပဲ၊ အခုတော့ မြက်ကိုရိုက်ပြီး မြွေကိုခြောက်သလို ဖြစ်သွားပြီမို့ အချိန်တိုအတွင်း လှုပ်ရှားနိုင်တော့မှာ မဟုတ်ဘူး။ ပြီးတော့ ဆုလည်း ပြန်ပေးမှာ မဟုတ်ဘူး"

ထိုသို့ ပြောပြီးနောက်မှာတော့ အသံဟာ ပြန်လည်ပျောက်ကွယ်သွားတော့သည်။

တတိယမင်းသားတစ်ယောက်သာ

မျက်နှာမှုန်ကုပ်ကုပ်ဖြင့် ကျန်ခဲ့သည်။

"ဒါက ဘယ်လိုဖြစ်ရတာလဲ၊ အဲဒီလူရဲ့ဇာစ်မြစ်က ဘာလဲ၊ သူက တကယ်ကို တန်ခိုးထက်တာလား" တတိယမင်းသားက လုံးဝမယုံကြည်လိုပေ။

သူဟာ ကြီးမားသောဈေးနှုန်းကို ပေးဆောင်ခဲ့သော်လည်း နောက်ဆုံးတွင် ထိုသို့သောရလဒ်ကိုသာ ရခဲ့သည်။

မြေအောက်ကမ္ဘာလုပ်ကြံသူအဖွဲ့က သူ့ကို လှည့်စားနေသလားဟုပင် တွေးလိုက်မိ၏။

သို့ရာတွင် မြေအောက်ကမ္ဘာကဲ့သို့သော လူသတ်အဖွဲ့အစည်းက သွေးအေးပြီး

ရက်စက်သလောက် အယုံကြည်ရဆုံးဖြစ်သည်။

ဤယုံကြည်မှုမျှ မရှိပါက ဘယ်သူမှလည်း သူတို့ဆီ အလုပ်အပ်တော့မည် မဟုတ်ပေ

တတိယမင်းသား၏ မျက်နှာက အရောင်အမျိုးမျိုး ပြောင်းလဲသွားကာ ရင်ထဲတွင်လည်း မသက်မသာ ခံစားလိုက်ရသည်။

ယင်းက ကပ်ဆိုးကြီးတစ်ခုနှင့် ကြုံခဲ့ရသကဲ့သို့ပင်။

'ဒါက အဲဒီလူပဲလား... မဟုတ်ဘူး၊ မဖြစ်နိုင်ဘူး။ ဒါက ဘယ်လိုလုပ်ပြီး ဒီလောက်တိုက်ဆိုင်နိုင်မှာလဲ'

တတိယမင်းသား၏ စိတ်ထဲတွင် နာမည်တစ်ခုက ယောင်ဝါးဝါး ပေါ်လာသည်။ သို့သော် ချက်ချင်းပင်

ဖယ်ရှားပစ်လိုက်၏။

ဤနာမည်က ကြောက်စရာကောင်းလွန်းသည်။
ထိုသူသာ တကယ်ဆိုရင် တတိယမင်းသားဟာ
သူ့အပေါ် ဘယ်လိုအကျိုးဆက်များ
ဖြစ်လာမလဲဆိုတာ တွေးပင်မတွေးနိုင်တော့ပေ။

"မဟုတ်ဘူး၊ ဒီမင်းသားက အများကြီး
တွေးနေမိတာပဲဖြစ်မှာ၊ နောက်ပြီး
မြေအောက်ကမ္ဘာလုပ်ကြံသူတွေက အသက်
သေသွားရင်တောင် ငါ့ရဲ့အထောက်အထားကို
ထုတ်ပြောဖို့ မဖြစ်နိုင်ဘူး"
တတိယမင်းသားလည်း တုန်တုန်ယင်ယင်ဖြင့်
သူ့ကိုယ်သူ ဖြေသိမ့်နေတော့သည်။

............

အင်ပါယာမြို့တော်၊ ထူးဆန်းကာ
တိတ်ဆိတ်ငြိမ်သက်သော ခြံဝင်းအတွင်း၌...

ကျွင်းရှောင်ယောက်ဟာ တင်ပျဉ်ခွေထိုင်ပြီး
ရရှိလာသော အင်မော်တယ်ကျောက်များကို
သန့်စင်နေသည်။

အင်မော်တယ်ကျောက်သုံးရာဟာ
ထာဝရအင်မော်တယ်အရိုးတစ်သုတ်ကို သန့်စင်နိုင်ရန်
လုံလောက်သည်။

"တတိယမင်းသားက တကယ်သနားစရာပဲ။ သူ့ခမျာ
အင်မော်တယ်ကျောက်ကို ဆုံးရှုံးရတယ်၊ ချစ်ရတဲ့
မိန်းမလှတစ်ယောက်ကိုလည်း
ဆုံးရှုံးသွားရတယ်၊အဓိက ကတော့ ငါ့ရဲ့

အရုပ်ကလေးတစ်ရုပ်ပဖြစ် ပုံစံထုတ်ခံလိုက်ရတာပဲ"
ကျွင်းရှောင်ယောက် ခေါင်းကိုခါယမ်းလိုက်သည်။

တတိယမင်းသားဟာ အလွန်သနားစရာကောင်း၏။

တချိန်တည်းမှာပင် ယင်းကိုတွေးမိသောအခါ
ရှောင်ချန်း၊ ကျိရွှမ်၊ ရန်ပန် အစရှိသော သူ့အပေါ်
ရန်ငြိုးထားတဲ့သူများအကြောင်းကိုတွေးကာ
စိတ်မကောင်းဖြစ်ရပြန်တော့သည်။

'ဒါထက် ငါ့ရှောင်ချန်းလေးလည်း မကြာခင်
နတ်ဘုရားမင်းဆက်ရဲ့ တော်ဝင်မြို့တော်ကို
လာသင့်တယ်။ ဒီအခါကျရင်
မိုလ်အောင်ဒင်ပြဇာတ်ကို ကပြမယ်၊ နောက်ပြီး သူနဲ့
ရန်ပန်တို့ တွေ့ဆုံမှာကိုလည်း ငါမြင်ချင်သေးတယ်'
ကျွင်းရှောင်ယောက် တွေးလိုက်သည်။

ရှောင်ချန်းက အလွန်ဒေါသကြီးနေပြီဖြစ်ကြောင်း
သူခန့်မှန်းထားမိလေသည်။ ၎င်းဟာ
ယခုတစ်ခေါက်တွင် အတော်ပြောင်းလဲလာနိုင်သည်။

သို့သော်လည်း ကျွင်းရှောင်ယောက် ဂရုမစိုက်ပေ။
ရှောင်ချန်း မည်မျှပင် ပြောင်းလဲနေပါစေ၊
သူ့အရိပ်ထဲတွင်သာ နေရမည် ဖြစ်သည်။

ဆန့်ကျင်ဘက်အနေဖြင့် ရှောင်ချန်းကို
ပို၍အားကောင်းလာစေ၍ မျှော်လင့်နေမိသည်။
မဟုတ်ပါက အချိန်ကျ၍ တွေ့ဆုံသည့်အခါ
စိတ်မဝင်စားစရာ ဖြစ်လိမ့်မည်။

"အခု ငါ့အရုပ်လေးတွေကို သေချာစီစဉ်ပြီးပြီမို့ ဘာမှ
ပြဿနာမရှိတော့ဘူး။ ငါ့ရဲ့

ထာဝရအင်မော်တယ်အရိုးတွေကို သန့်စင်ရင်း
ပွဲစမဲ့အချိန်ကို စောင့်နေရုံပဲကျန်တော့တယ်"
ကျွင်းရှောင်ယောက်လည်း ရေရွတ်ကာ
ထပ်မံလေ့ကျင့်နေလိုက်တော့သည်။

............

အချိန်များ ကုန်လွန်သွားကာ ဂူမင်ယွဲ့အတွက်
ကြင်ရာရွေးပွဲနေ့ပင် တစ်စထက်တစ်စ
နီးကပ်လာနေခဲ့ချေပြီ။

ပင်လယ်တွင်းသို့ ပြန်စီးဝင်လာသော မြစ်ရေများကဲ့သို့
အင်အားစုအသီးသီးသာ နတ်ဘုရားမင်းဆက်၏
တော်ဝင်မြို့တော်သို့ ရောက်ရှိလာသည်။

ထိုအချိန်တွင် ကောင်းကင်ယံ၌

ရှေးဟောင်းသားရဲများဆွဲသော ရထားလုံးတစ်စီး ထွက်ပေါ်လာသည်။ ၎င်းတို့ထံမှ ဟိန်းဟောက်သံဟာ ကောင်းကင်ကို ကြေကွဲစေခဲ့၏။

ရထားထိပ်မှာတော့ ကျွင်းမိသားစု၏အလံကို စိုက်ထူထားလေသည်။

ထိုသို့သော ဟိန်းဟောက်သံများဟာ မရေမတွက်နိုင်သော လူများ၏ အာရုံကို ဆွဲဆောင်သွားခဲ့သည်။

"ဒါက ကျွင်းမိသားစုကပဲ"

"ကျွင်းမိသားစုကတော့ တကယ်ပဲ ရောက်လာပြီ၊ ဒီမှာ နတ်ဘုရားသားတော်ကော ပါလားမသိဘူး"

"ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က ခေါင်းကိုးလုံး ခြသေ့်ကြီးကို စီးတော်အဖြစ် သုံးတာ မဟုတ်လား၊ ဒါပေမယ့် ဘာဖြစ်လို့ မမြင်ရတာလဲ"

"သူ တကယ်ကြီး မလာတာတော့ မဟုတ်လောက်ဘူး မဟုတ်လား"

ကျွင်းမိသားစု၏ ရထားလုံးကို မြင်ရသည်နှင့် လူအများဟာ ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။

ကျွင်းမိသားစုမှ နတ်ဘုရားသားတော်ဟာ ခေါင်းကိုးလုံးခြသေ့်ကိုဆွဲခိုင်းကာ သွားလာတတ်ကြောင်း လူတိုင်းသိကြ၏။

ယခုမူကား ခေါင်းကိုးလုံး ခြသေ့်ကိုး၏

အရိပ်အယောင်ပင် မမြင်ရပေ။

ရထားအတွင်းမှာတော့ ကျွင်းကျန်းကျန့်နှင့် အခြားသူများက တစ်နေရာတွင်ထိုင်ကာ ဆွေးနွေးပြောဆိုနေကြသည်။

"ဘုရားသခင်ရဲ့သားတော်လည်း တော်ဝင်မြို့တော်ကို လာသင့်တယ်မဟုတ်လား”

ကျွင်းကျန်းကျန့်က ပြောလိုက်သည်။

"ရှိတာတော့ ဒီမှာရှိသင့်တယ်၊ ဒါပေမယ့် နတ်ဘုရားသားတော်မှာ ကိုယ်ပိုင်အစီစဉ် ရှိပါလိမ့်မယ်။ ကျွန်မတို့က သူ့ကိုနှောင့်ယှက်ဖို့ မလိုဘူး"

ကျွင်းလင်းလုံက ပြောလိုက်သည်။

ကျွင်းရှောင်ယောက်က တစ်ယောက်တည်း
ထွက်လာသောကြောင့် သူတို့ကို
ခေါ်သွားရန်အဆင်မပြေသော
အစီအစဉ်များရှိနေကြောင်း ထင်ရှားသည်။

"ဟုတ်ပါတယ်လေ၊ နတ်ဘုရားသားတော်
တွေးနေတာတွေကို ငါတို့က ဘယ်လို
နားလည်နိုင်ပါ့မလဲ"
ကျွင်းရှယ်ဟွမ်က ပြောလိုက်သည်။

"ဟမ့်၊ အဲဒီ ရန်ပန်က တကယ်ကို မာနကြီးတယ်။
နတ်ဘုရားသားတော်ကို ရန်စရအောင် ဘယ်သူက
သတ္တိတွေပေးခဲ့တာလဲ"
ကျွင်းဝမ်ကျဲက လျှပ်စီးများ
တဖျတ်ဖျတ်လက်နေသော မျက်လုံးများဖြင့်

နှာခေါင်းရှုံ့ကာ ပြောလိုက်သည်။

ရန်ပန်က အားမနားသည်ကို ဝန်ခံသော်လည်း
ကျွင်းရှောင်ယောက်ကို ချေမှုန်းလိုသည်ဟု
ပြောဆိုခြင်းကတော့ စိတ်ကူးယဉ်ဆန်လွန်းသည်။

"ထားလိုက်ပါ၊ သူက လူပြက်တစ်ယောက်သာသာပဲ…
အချိန်ကျရင် နတ်ဘုရားသားတော်က
ဖိနှိပ်လိုက်လိမ့်မယ်"
ကျွင်းရွှယ်ဟွမ် ပြောလိုက်၏။

သူတို့အားလုံး ကျွင်းရှောင်ယောက်ကို
ယုံကြည်မှုအပြည့် ရှိထားခဲ့ပေသည်။

…………

တော်ဝင်မြို့တော်ဂိတ်တံခါးဝတွင်...

"ရပ်စမ်း၊ တော်ဝင်မြို့တော်နားကို လျှို့လျှို့ဝှက်ဝှက်နဲ့ ဘာလာလုပ်တာလဲ။ မင်းခမောက်ဖယ်စမ်း၊ စစ်ဆေးကြည့်မယ်"

ထိုစဉ် အနက်ရောင်ဝတ် လူတစ်ယောက်ရောက်လာ၍ အစောင့်တစ်ယောက်က ပြောလိုက်သည်။

၎င်းတို့ဟာ ကျွင်းရှောင်ယောက်ကဲ့သို့ ထူးကဲသော အဆင့်အတန်းရှိသူများကို မပြောဝံ့သော်လည်း သာမန်ကျင့်ကြံသူများကိုတော့ အလွတ်မပေးပေ။

အနက်ရောင်ဝတ်လူက သူ့ခမောက်ကို တဖြည်းဖြည်းဖယ်လိုက်သောအခါ ချောမောသော ရုပ်သွင်ကို မြင်လိုက်ရသည်။

၎င်းက ရှောင်ချန်း ပင်။

လက်ရှိအချိန်တွင် ရှောင်ချန်း၏မျက်နှာ၌ ယုံကြည်မှုနှင့် ခိုင်မာသော ဆုံးဖြတ်ချက်များ အပြည့်ရှိနေသည်။

ရှောင်ချန်းထံမှ ထွက်ပေါ်နေသော အငွေ့အသက်များကြောင့် ဂိတ်စောင့်များပင် တုန်လှုပ်သွားရ၏။

"ကောင်းပါပြီ၊ ကောင်းပါပြီ... ဝင်နိုင်ပါတယ်"

အစောင့်က တံတွေးတစ်ချက်မြိုချကာ မဝံ့မရဲ ပြောလိုက်သည်။

ရှောင်ချန်းထံမှ အရှိန်အဝါများက ထိပ်သီး ပါရမီရှင်များနှင့် သိပ်မခြားပေ။

"အောင်မြင်မှုနဲ့ ကျရှုံးမှု... အရာအားလုံးက ဒီနေရာမှာ ဖြစ်ပေါ်လာတော့မယ်"

ရှောင်ချန်း လက်သီးဆုပ်လိုက်သည်။

သူ့မျက်လုံးများဟာ မိုးပြာရောင် ဖြစ်လာခဲ့၏။

သူ့အရေပြားအောက်တွင်ကား အပြာရောင်နဂါး အလင်းတန်းတစ်ခု စီးဆင်းလျက်ရှိနေသည်။

အစိပမိသွေးနှင့်သန့်စင်ပြီးနောက် ရှောင်ချန်း၏ ခွန်အားဟာ အလွန်တိုးတက်လာခဲ့သည်။

သူဟာ ပေါင်းစည်းခြင်းနယ်ပယ် ကြီးမားသော
ပြီးပြည့်စုံခြင်းသို့ပင် ချိုးဖြတ်သွားခဲ့၏။

ထိုမျှသာမကဘဲ
မိုးပြာနဂါးအသွင်ပြောင်းကျမ်းကလည်း
အဓိပဓိသွေး၏ အကူညီဖြင့် ပြီးပြည့်စုံသွားခဲ့ပြီ
ဖြစ်သည်။

ထို့ပြင် သူဟာ အဓိပဓိသွေးမှ နတ်ဘုရားစွမ်းရည်နှင့်
သိုင်းပညာများကို နားလည်နိုင်ခဲ့ပါသေးသည်။

လက်ရှိတွင် ရှောင်ချန်း၏ခွန်အားက ယခင်ကထက်
သိသိသာသာ ပိုအားကောင်းလာပြီဟု ဆိုနိုင်သည်။

ခွန်အားများ တိုးတက်လာခြင်းနှင့်အတူ
ရှောင်ချန်းသည်လည်း ယုံကြည်မှုများ

ပိုကြီးမားလာတော့သည်။

"ဒီတစ်ခေါက် ဝူမင်ယွဲ့ကို လက်ထပ်ပြီး ပန်ဝူနတ်ဘုရားမင်းဆက်ရဲ့ သားမက်တော် ဖြစ်လာစေရမယ်"

"ကျွင်းရှောင်ယောက်ဖြစ်ဖြစ် ရန်ပန်ဖြစ်ဖြစ် ငါ့ခြေထောက်အောက်မှာ နင်းချေပစ်လိုက်မှာပဲ"

"အကြွင်းမဲ့ အောင်နိုင်သူက ငါကျွင်းရှောင်ယောက်ပဲ ဖြစ်ရမယ်"

-------------

အခန်း ( ၁၀၅ ) ပွဲကတော့ စပြီ၊ ကေရာင်ဇ်လက်နက်

ပန်ကေရာဇ်ဓား၊ တားမြစ်မြို့တော်သို့
ကျွင်းရှောင်ယောက် သွားတော့မည်

လဝက်အကြာ နောက်ဆုံးတွင်ကား
ကြင်ရာရွေးပွဲနေ့ကို ရောက်ရှိခဲ့ချေပြီ။

ယနေ့တွင် မြို့တော်တစ်ခုလုံး ရေများ
ဆူပွက်လာသကဲ့သို့ပင်...

ဩဇာကြီးမားသူများကော သာမန်ကျင့်ကြံသူများပါ
တော်ဝင်မြို့တော်ဗဟိုရှိ တားမြစ်မြို့တော်သို့
တပြိုင်နက်တည်း ဦးတည်လိုက်ကြသည်။

အတော်များများက ကြင်ရာရွေးပွဲအတွက်
အရည်အချင်းမပြည့်မီသော်လည်း ပြပွဲကောင်းများကို
လက်လွတ်မခံနိုင်သည့်အတွက် လိုက်ပါလာကြ၏။

လူတော်တော်များများကလည်း သိချင်နေကြသည်။
အဆုံးတွင် နတ်ဘုရားမင်းဆက်၏
ပုလဲရတနာဖြစ်သော ဝူမင်ယွဲ့ကို မည်သူကများ
ရယူပိုင်ဆိုင်နိုင်မည်နည်း။

ပန်ဝူနတ်ဘုရားမင်းဆက်၊ တော်ဝင်နန်းတွင်း၊
တားမြစ်မြို့တော်...

ရွှေးဟောင်းကင်ဘုံခုံရုံးကဲ့သို့ ခမ်းနားထည်ဝါသော
တားမြစ်မြို့တော်ဟာ ကြီးကျယ်ခမ်းနားသော
အရှိန်အဝါများလည်း ထွက်ပေါ်နေလေသည်။

ရွှေရောင်ချွမ်ယွင်နန်းတော်ကြီးက
ရောင်စဉ်တစ်သောင်း လင်းလက်နေပြီး
နတ်နန်းတော်ကဲ့သို့ တိမ်တိုက်များနှင့် ရှိနေသည်။

အဝေးမှ ကြည့်လိုက်မိလျှင်
ရန်တနာနန်းတော်တစ်ခုအလား ထင်မှတ်ရ၏။

ကောလဟာလများအရ ဤတားမြစ်မြို့တော်ကို
မဟာကေရာဇ်ပန်ဝူက ပန်ဝူနတ်ဘုရားမင်းဆက်အား
တည်ထောင်ခဲ့ချိန်မှစ၍
ဆောက်လုပ်ရေးပညာရှင်များဖြင့်
တည်ဆောက်ခဲ့ခြင်းဟု ဆိုသည်။

၎င်းက ပန်ဝူနတ်ဘုရားမင်းဆက်၏
သင်္ကေတတစ်ခုဆိုလျှင်လည်း မမှားပေ။

ပန်ဝူဂူဗိမ္မာန်က တားမြစ်မြို့တော်၏
အတွင်းပိုင်းတွင်ရှိသည်။

ထိုနေရာကတော့ ပန်ဝူနတိဘုရားမင်းဆက်၏
တားမြစ်နေရာတစ်ခုပင်။ မည်သူမဆို ခွင့်မရှိဘဲ
ချဉ်းကပ်လာပါကာ ခြွင်းချက်မရှိ အသတ်ခံရမည်
ဖြစ်သည်။

ယခုအခါမှာတော့ တားမြစ်မြို့တော်အတွင်းဝယ်
ပွဲကြီးတစ်ခု ကျင်းပနေသည်။

တော်ဝင်နန်းတော်၏ အစေခံများကလည်း
အရသာရှိသော အစားသောက်များဖြင့်
တည်ခင်းဧည့်ခံနေကြလေသည်။

ဤနေရာတွင် ထိပ်တန်းအင်အားစုများစွာ၊
အင်မော်တယ်တာအိုမျိုးနွယ်များလည်း
စုရုံးရောက်ရှိနေကြသည်။

တားမြစ်မြို့တော်၏ ခန်းမကြီးတစ်ခုထဲတွင်...

ဝူမင်ယွဲ့က အနီရောင်အဝတ်အစားများကိုဝတ်ကာ မှန်တင်ခုံအရှေ့တွင် ထိုင်နေသည်။

သူမ၏ ဆံပင်များကိုတော့ နန်းတွင်းအစေခံများက ဖီးသင်ကာ ပြင်ဆင်ပေးနေကြလေသည်။

အနီရောင်ဝတ်စုံ ဝတ်ဆင်ထားသော ဝူမင်ယွဲ့ဟာ အနည်းငယ် ပို၍ ချစ်စဖွယ်ကောင်းနေသည်။

သူမ၏ မျက်လုံးကလေးက စိမ့်စမ်းရေနှယ် ကြည်လင်နေကာ မျက်ခုံးများကတော့ မင်ရည်ပန်းချီကားကဲ့သို့ အနည်းငယ်ကော့ညွတ်လျက် ရှိနေသည်။ သူ့အသားရေကတော့ ကြည်လင် ဖွေးဥနေ၏။

အပြစ်ကင်းစင်၍ လှပနေသော
မျက်နှာကလေးထက်တွင်ကား ငြိုးငယ်သော
အငွေ့အသက်များသာ ဖြစ်ပေါ်နေတော့သည်။

ယင်းကို သူမငယ်စဉ်ကတည်းက အတူရှိနေခဲ့သော
အစေခံတစ်ယောက်က သတိပြုမိ၍ ပြောလိုက်သည်။

"အရှင့်သမီး၊ ဒီနေ့က ရှင့်ရဲ့ ကြင်ရာရွေးပွဲနေ့လေ၊
ပျော်နေသင့်တယ် မဟုတ်လား"

ယင်းကိုကြားသောအခါ ဝူမင်ယွဲ့က
ခေါင်းကိုခါယမ်းကာ ပြောလိုက်သည်။

"ရှီအာ၊ ငါ့ရဲ့ လက်တွဲဖော်ကိုတောင်
လွတ်လွတ်လပ်လပ် မရွေးချယ်နိုင်တာ
ငါဘယ်လိုလုပ်ပြီး ပျော်နိုင်မှာတဲ့လဲ"

ဝူမင်ယွဲ့ဟာ  ရှောင်ချန်း လာလေမလားဟု
တွေးနေမိသည်။

တကယ်တမ်းတွင် သူမက ရှောင်ချန်းကို
မလာစေချင်ပေ။

အကြောင်းမှာ ရှောင်ချန်း လာရောက်ခဲ့လျှင်ပင်
အခွင့်အရေး မရနိုင်သောကြောင့် ဖြစ်သည်။

သူမ၏ ခမည်းတော်၊ ပန်ဝူနတ်ဘုရား
မင်းဆက်သခင်က နောက်ခံမရှိသော လူတစ်ဦးနှင့်
လက်ထပ်ပေးရန် မဖြစ်နိုင်ပေ။

အကယ်၍ ရှောင်ချန်း၏ပါရမီက
မွန်းစတားကျွင်းရှောင်ယောက်နည်းတူ
ထူးကဲနေလျှင်ဖြင့် ဖြစ်နိုင်သည်။

သို့သော် ယင်းက ဖြစ်နိုင်ပါ့မလား။

အင်မော်တယ်နယ်မြေကြီး တစ်ခုလုံး၌ပင် ကျွင်းရှောင်ယောက်နှင့် ပါရမီတူသူက မည်မျှရှိသနည်း။

ရှောင်ချန်းက ကြိုးစားမှုရှိသော်လည်း ပါရမီက မည်သို့ ပြောင်းလဲလာနိုင်ပါမည်နည်း။

"အရှင့်သမီး အရမ်းလည်း စိတ်မပျက်ပါနဲ့။ အဲဒီ လူငယ်ပါရမီရှင်တွေထဲမှာ အရှင့်သမီးနဲ့ လိုက်ဖက်တဲ့သူတစ်ယောက်တော့ ရှိမှာပါ"

ရှီအာက ပြောလိုက်သည်။

"အိုး၊ အဲတာ ဘယ်သူလဲ... မားကွစ်ကွမ်ကျွင်းလား"
ဝူမင်ယွဲ့က မေးလိုက်သည်။

နတ်ဘုရားမင်းဆက်က သူမကို မားကွစ်ကွမ်ကျွင်းနှင့် လက်ထပ်ပေးလိုကြောင်း သိသည်။

တခြားကြောင့် မဟုတ်ပေ။ မားကွစ်ကွမ်ကျွင်းက ပန်ဟွမ်ဝိညာဉ်ဓားး၏ အသိအမှတ်ပြုမှုကိုခံရပြီး မဟာကေရာ်ပန်ဝူ လူပြိန်ဝင်စားသူဟုပင် ကောလဟာလများ ရှိနေသောကြောင့်ပင် ဖြစ်သည်။

ဟုတ်ပေသည်။ မဟုတ်ချင်သော်မှ အရေးမကြီးပေ။

အကြောင်းမှာ ပန်ဝူကောင်းကင်သခင်က ရန်ပန့်ကို ပန်ဟွမ်ဝိညာဉ်ဓားသုံးလက်စလုံး ရစေချင်၍

ဖြစ်သည်။

လက်ရှိ ပန်ဟွမ်ဝိညာဉ် အသက်ဓားက ဓားသုံးလက်အတွင်းမှ တစ်လက်သာ ဖြစ်သည်။

ပန်ဟွမ်နတ်ဘုရားဓားသုံးလက် ပေါင်းစုံသောအခါ အဓိပဓိလက်နက်ဖြစ်သော ပန်ဧကရာဇ်ဓားဖြစ်ပေါ်လာမည်ဟူသော ကောလဟာလများပင် ရှိသည်။

တော်ဝင်လက်နက်ကို ရှေးဟောင်းတော်ဝင်လက်နက်ဟု လူသိများသည်။ ၎င်းတို့ကိုတော့ အကြွင်းမဲ့ ဧကရာဇ်လက်နက်ဟု ခေါ်ကြ၏။

၎င်းက အလွန်အစွမ်းထက်သော ရှေးဟောင်း

ကေရာဇ်လက်နက်များ ဖြစ်သည်။

ကေရာဇ်လက်နက်များက
ကောင်းကင်ကိုးဆင့်စကြာဝဠာကို ခွဲနိုင်သည်၊
ကြယ်နယ်မြေအားလုံးကို ဖျက်ဆီးနိုင်သည်၊
ကောင်းကင်ကို ဖျက်သန်းကာ သက်ရှိအားလုံးကို
အဆုံးသတ်နိုင်ကြ၏။

ဥပမာပြောရလျှင် ကေရာဇ်လက်နက်များ၏
အဖျက်စွမ်းအားက နူကလီးယားလက်နက်များနှင့်
ညီမျှသည်။

ယေဘူယျဖြင့် အင်မော်တယ်တာအိုမျိုးနွယ်များတွင်
ကေရာဇ်လက်နက်များ ရှိသည်။

ရှေးယခင်က ပန်ဝူနတ်ဘုရားမင်းဆက်တွင်လည်း

ရှိခဲ့ဖူးသည်။

သို့သော်လည်း နောက်ပိုင်းတွင်
ပန်ဟွမ်ဓားသုံးလက်အဖြစ် ကွဲထွက်သွားခဲ့၏။

နောက်ပိုင်းမှာတော့ အခြေအနေအမျိုးမျိုးအောက်တွင်
ဓားသုံးလက်စလုံးကို ဆုံးရှုံးလိုက်ရတော့သည်။

ယခုတော့ ရန်ပန်က ပန်ဟွမ်ဝိညာဉ်ဓားတစ်လက်ကို
ရရှိခဲ့သောကြောင့် မျှော်လင့်ချက်များ ပြန်ရှိလာခဲ့ပြီ
ဖြစ်သည်။

ထို့ကြောင့်ပင် ရန်ပန်ကို
မားကွစ်ကွမ်ကျွင်းဟူသောဘွဲ့ပင် တိုက်ရိုက်
ပေးအပ်ခဲ့ကြသည်။

ဤအခြေအနေများကြောင့်ပင် ရန်ပန်၏
ကြမ်းတမ်းသော စိတ်သဘောထားက ပို၍
ဆိုးရွားလာခဲ့ရပေသည်။

ရန်ပန်ဟူသော အမည်ကိုကြားသောအခါ
ရှီအာမျက်လုံး၌ ရွံ့ရှာသောအမူအရာများ
ဖြစ်ပေါ်လာသည်။

"အရှင်မင်းသမီး စိတ်ပူစရာမလိုပါဘူး၊
တစ်ယောက်ယောက်က မားကွစ်ကွမ်ကျွင်းကို
ဖိနှိပ်နိုင်လိမ့်မယ်"
ယင်းကိုပြောပြီးသောအခါ ရှီအာမျက်လုံး၌
မျှော်လင့်နေသောအရိပ်အငွေ့များ ဖြစ်ပေါ်လာသည်။

"နင်ဆိုလိုတာက..."

ဝူမင်ယွဲ့ ပြောလိုက်၏။

"ဟုတ်ပါတယ်၊ ဒါက ကျွင်းမိသားစုရဲ့
နတ်ဘုရားသားတော်ပါ။ သူက
အကျင့်သိက္ခာကောင်းသလို အရမ်းသန်မာပြီး
တုန့်နိုင်းမရတဲ့ နောက်ခံနဲ့ နတ်သားလေးနဲ့တူတဲ့
တည်ရှိမှုလို မွေးဖွားလာသူလို့တောင်
နာမည်ကြီးနေတာ"

"ကျွန်မရဲ့ နှလုံးသားထဲမှာတော့ သူက
ပြီးပြည့်စုံမှုအရှိဆုံး လူတစ်ယောက်ပါပဲ"

ရှီအာက ကြယ်ကလေးများကဲ့သို့ တောက်ပနေသော
မျက်လုံးများဖြင့် ပြောလိုက်သည်။

လူကောင်းလား။

နတ်သားလို တည်ရှိမှုလား။

ဝူမင်ယွဲ့၏ လှပသောမျက်နှာက တင်းကျပ်သွားသည်။

အထင်မှားနေသော သနားစရာ ကောင်မလေးပင်။

ကျွင်းရှောင်ယောက်က နတ်သားတစ်ပါးလို မွေးဖွားခဲ့လျှင်ပင် ဘာဖြစ်သေးသနည်း။ သူက လူတစ်ယောက်ကိုပင် အစိမ်းလိုက်စားနိုင်သော မိစ္ဆာတစ်ကောင် ဖြစ်သည်။

မိန်းကလေးတစ်ယောက် အပေါ်တွင်လည်း အနည်းငယ်မျှ နူးညံ့သိမ်မွေ့မှုမရှိပေ၊ သူမကိုပင် ကျွန်အဖြစ် အတင်းအကြပ် ခိုင်းစေခဲ့သည်။

ဤအကြောင်းကတော့ လျှို့ဝှက်ချက်တစ်ခု
ဖြစ်နေသေးကာ မည်သူ့ကိုမျှ မပြောရသေးပါချေ။

"သူ့အကြောင်းကို ထပ်မပြောတော့နဲ့"

ဝူမင်ယွဲ့၏လေသံက အနည်းငယ်
အေးစက်သွားသည်။

"အို၊ ကောင်းပါပြီရှင်"

ဝူမင်ယွဲ့၏ မျက်နှာအမူအရာကိုမြင်သောအခါ
အရိပ်အကဲနားလည်သော ရှီအာလည်း
ထပ်မပြောတော့ပေ။

သူ့အမြင်တွင် ဝူမင်ယွဲ့က ရန်ပန်ကြောင့် မပျော်မရွှင်
ဖြစ်သွားခဲ့ခြင်း ဖြစ်သည်။

'သူမလာဖို့အတွက် ငါမျှော်လင့်တယ်'

ဝူမင်ယွဲ့ဟာ သူ့နှလုံးသားထဲမှ တိတ်တဆိတ် ဆုတောင်းလိုက်လေသည်။

မဟုတ်လို့ အချိန်ကျ၍ ကျွင်းရှောင်ယောက် ရောက်လာသောအခါ မည်သို့ရင်ဆိုင်ရမှန်း သူမ တကယ်မသိတော့ပါချေ။

.........

ထိုအချိန်...

တော်ဝင်မြို့တော်တွင်းရှိ တိတ်ဆိတ်ပြီး သာယာသော ခြံဝင်းကြီးတစ်ခုထဲတွင်... နတ်အလင်း မြူခိုးများက ခြံဝင်းတစ်ခုလုံးတွင် ဖြစ်ပေါ်နေသည်။

လေထဲမှာတော့ မြင့်မြတ်သော အရှိန်အဝါများ
ထွက်ပေါ်လျက်ရှိ၏။

ခြံဝင်းအတွင်းမှာ ရှိနေသူက
ကျွင်းရှောင်ယောက်ဖြစ်ပြီး မြေပြင်ပေါ်တွင်
တင်ပျဉ်ခွေထိုင်နေသည်။

သူ့ပတ်ဝန်းကျင်ရှိ သစ်ပင်ပန်းမန်များကလည်း
အဟာရပြည့်ဝနေသန်ဖြင့် စိမ်းစို
တောက်ပနေလေသည်။

ကျွင်းရှောင်ယောက်၏ အရှိန်အဝါများဟာ
ယခင်ကထက် ပိုထူးကဲလာသည်။

သူ့ညာလက်ဆိုလျှင် အင်မော်တယ်လက်ကဲ့သို့

အမှတ်အသား သင်္ကေတများ ဖြစ်ပေါ်နေ၏။

မနီးမဝေးမှာတော့ ချင်ရှမ်ဟာ ကျွင်းရှောင်ယောက်ကို တုန်လှုပ်နေသော မျက်လုံးများဖြင့် ကြည့်နေလေသည်။

ဤအခြေအနေများက အံ့သြစရာကောင်းလွန်းသည်။

ခေါင်းကိုးလုံးခြင်္သေ့ကြီး တစ်ဖြစ်လဲ ခေါင်းကိုးလုံးရှီဗာအီနူလေးကတော့ မြေပြင်တွင် ပျင်းရိစွာဖြင့်လဲလျောင်းကာ ဝိညာဉ်သားရဲအသားများကို စားသောက်နေသည်။

"သခင်လေးရဲ့ အရှိန်အဝါတွေက ကြောက်စရာကောင်းလိုက်တာ"

ချင်ရှမ် မနေနိုင်ဘဲ ပြောလိုက်မိသည်။

"သခင်က မွန်းစတားတစ်ကောင်ပဲလေ၊ ဒီလို
အံ့သြစရာမျိုးက ဘာဟုတ်သေးလို့လဲ"
ခေါင်းလုံးခြသေ့က ပျင်းရိစွာ ပြောလိုက်သည်။

ထိုအချိန်တွင် လေ့ကျင့်တာပြီးသွားဟန်ဖြင့်
ကျွင်းရှောင်ယောက်၏ခန္ဓာကိုယ်က အနည်းငယ်
တုန်ခါသွားသည်။

သူ့အရှေ့မှာတော့ စွမ်းအင်ကုန်ဆုံးသွားသော
အင်မော်တယ်ကျောက် အပုံလိုက်ကြီးရှိသည်။

"အိမ်း၊ ငါအခု အင်အော်တယ်အရိုး ဆယ့်လေးခုကို
သန့်စင်ခဲ့ပြီးပြီ။ အခြောက်ခုနဲ့ပေါင်းလိုက်ရင်

အခုနှစ်ဆယ်ရပြီ"

ကျွင်းရှောင်ယောက်က ရေရွတ်လိုက်သည်။

သူ့ညာဘက်လက်တွင် လက်မျက်ရိုး၊
လက်ဖဝါးအရိုးများ၊ လက်ချောင်းအရိုးများ၊
စုစုပေါင်း အရိုးနှစ်ဆယ်ကို
ထာဝရအင်မော်တယ်အရိုးအဖြစ် သန့်စင်နိုင်ခဲ့သည်။

ထို့ကြောင့် သူ့ခွန်အားကလည်း
အလွန်တိုးတက်လာမည်မှာ မြေကြီးလက်ခတ်မလွဲပေ။

"အဆီများတဲ့ ကြက်သွန်မြိတ်ကို ရှာတွေ့နိုင်မှပဲ
ဖြစ်တော့မယ်။ ဒါက အဆုံးမရှိတဲ့ တွင်းနက်ကြီးပဲ"
ကျွင်းရှောင်ယောက်က ရေရွတ်လိုက်သည်။

သို့သော်လည်း ထိုအကြောင်းကို
စဉ်းစားပြီးနောက်တွင် ယခုအချိန်တွင်
သင့်လျော်သည့် ကြက်သွန်မြိတ်လောင်းလျာများကို
ရှာမတွေ့သေးပေ။

ရဲ့ရှင်းယွင်တစ်ယောက်တော့ ရှိနိုင်သော်လည်း
ကျွင်းရှောင်ယောက်က ဂရုမစိုက်ပါချေ။

ယခုအချိန်တွင် မည်သို့ ပြောင်းလဲလာပြီမှန်းပင်
သူမသိပေ။

"ပွဲစတော့မယ်"
ကျွင်းရှောင်ယောက်က ခေါင်းလုံးခြသေ့ကြီးနှင့်
ချင်ရွှမ်ထံ လျှောက်သွားသည်။

"သွားစို့"

ကျွင်းရှောင်ယောက် ပြောလိုက်၏။

"ဘယ်ကိုသွားမှာလဲ သခင်လေး"

ချင်ရှမ်က မေးလိုက်သည်။

"တော်ဝင်နန်းတွင်၊ တားမြစ်မြို့တော်ထိပ်က
ချိန်းဆိုမှု"
ကျွင်းရှောင်ယောက်က လေးနက်သော
မျက်လုံးများဖြင့် ပြောလိုက်သည်။

"ချိန်းဆိုမှုကို သွားမှာလား"

ချင်ရှမ် အံ့သြသွား၏။

ထိုအချိန်တွင် ခေါင်းကိုးလုံးခြသေ့ကြီးက လေထဲသို့

ထခုန်လိုက်သည်။

ချက်ချင်းပင် ရွှေရောင်အလင်းများက ကောင်းကင်ယံတွင် ပြည့်နှက်သွား၏။ ယင်းက မိုင်ဆယ်ချီအတွင်းရှိ ကျင့်ကြံသူများကို တုန်လှုပ်သွားစေခဲ့သည်။

ခေါင်းကိုးလုံးခြသေ့ကြီးက မူလပုံစံ ပြောင်းလဲသွားသောအခါ ကောင်းကင်ကိုမော့၍ ဟိန်းဟောက်လိုက်လေသည်။

ကျွင်းရှောင်ယောက်လည်း လေထဲကို ခြေတစ်ချက်လှမ်းကာ ခေါင်းကိုးလုံး ခြသေ့ကြီးပေါ်တွင် ဆင်းသက်ပြီး တင်ပျဉ်ခွေထိုင်လိုက်သည်။

"လာ၊ အတူတူသွားကြရအောင်။
ဒီနတ်ဘုရားသားတော်က ပြောခဲ့တဲ့အတိုင်း
မင်းမျှော်လင့်ထားတာကို ဖြစ်စေမယ်"

ကျွင်းရှောင်ယောက်က ချင်ရွှမ်ကို ငုံ့ကြည့်လိုက်သည်။

မြေပြင်မှာတော့ ချင်ရွှမ်ဟာ တကိုယ်လုံး
အေးစက်တောင့်တင်းသွား၏။

သူ့အသက်ဝိညာဉ် ဆုံးရှုံးသွားသကဲ့သို့ပင်။

"သခင်လေး... ရှင်... ရှင်က ကျွင်းမိသားစုရဲ့
နတ်ဘုရားသားတော်လား"

ချင်ရွှမ်က သူ့ပါးစပ်ကလေးကို လက်ဝါးဖြင့်အုပ်၍
တုန်ယင်နေသောလေသံဖြင့် ပြောလိုက်သည်။
သူ့မျက်နှာကလေးကလည်း သွေးများ
စီးကျလာတော့မည်ကဲ့သို့ နီမြန်းလာ၏။

သူဟာ အလွန်အမင်း အံ့အားသင့်၍
စိတ်လှုပ်ရှားသွားကာ မူးဝေပြီး မေ့လဲလုမတတ်ပင်
ဖြစ်သွားတော့သည်။

စာစဉ် ( ၇ ) ပြီးပါပြီ။